အာင်သင်း
ပံ့လွင်ရွက်သရုပ်

ဒဏ်မင်း
စာအုပ်တိုက်

တိုကာ်ငှာ (၅) လွှာ(ဘီ)။

အောင်စောစလမ်း။ တာမွေ။

ပုံနှိပ် – ၅၄၉၆၆၆

ဒို့တာဝန်အစရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ နိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ခြေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- နိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ ခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ဖျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးမြင့်မားရေး

ဒေါင်သင်း
သံလွင်ရွက်သရုပ်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုမှုတ်

၇၂၆/၂၀၀၂) (၈)

●

မျက်နှာဖုံးခွင့်ပြုမှုတ်

၈၀၀/၂၀၀၂ (၉)

●

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်

ဦးဝင်းလွင် (ရွှေဟင်္သာအော့ဖ်ဆက်)

အမှတ် (၇)၊ စျေးလမ်း၊ ပုစွန်တောင်။

●

ထုတ်ဝေသူ

ဦးသန်းဆွေ (စစ်သည်တော်စာပေ)

၁၁၃၁၊ ဥယျာဉ်လမ်း၊ တောင်ဒဂုံ။

●

အတွင်းဖလင်

ကိုဦး (Quality)

●

အုပ်ရေ - ၁၀၀၀ (စက်တင်ဘာ ၂၀၀၂)

●

တန်ဘိုး - ၁၀၀၀ ကျပ်

●

ဖြန့်ချိ

ဇွန်ပွင့်စာအုပ်တိုက်

●

မာတိကာ

		စာမျက်နှာ
၁။	သံလွင်ရွက်သရဖူ	၁
၂။	ဂုဏ်မြင့်သူနှင့် လင်းတသုံးကောင်	၉
၃။	လူငယ်နှင့် သည်းခံမှု	၁၈
၄။	နားရင်တစ်ထိုင် သွားရင်တစ်တိုင်	၂၄
၅။	စာပေထဲက စကြဝဠာ	၃၂
၆။	လူငယ်နှင့် ဇွဲသတ္တိ	၄၆
၇။	စာပေမိတ်ဆက်လူငယ်တွက်	၆၃
၈။	နှုတ်အမှုအရာဝစီကံ	၆၉
၉။	စာပေဟောပြောပွဲမှ ပညာပြုသို့	၈၄
၁၀။	သစ်ကောင်းတစ်ပင်	၉၄
၁၁။	ဘာမှမဟုတ်ပါလား	၁၀၅
၁၂။	စက်ကျွန်	၁၁၄
၁၃။	လောကစည်ပင် သူတော်စင်	၁၂၄
၁၄။	ပတ်ချာလည်	၁၃၁

အောင်သင်း၏အမှာစာ

'သံလွင်ရွက်သရဖူ'မှာ ဟိုမှာဒီမှာ ရေးခဲ့သော ကျွန်တော်၏ ဆောင်းပါးများကို စုစည်းထားခြင်းသာလျှင် ဖြစ်ပါသည်။ ထို့ကြောင့် တစ်ပုဒ်နှင့်တစ်ပုဒ် အဆက်အစပ်ရှိကောင်းမှ ရှိပါလိမ့်မည်။ သို့သော် တစ်ပုဒ်စီမှာတော့ဖြင့် စည်းစည်းလုံးလုံးရှိနေလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။ စာဖတ်သူအဖို့တော့ဖြင့် မသိပါ။ ကျွန်တော်မေ့မေ့ပျောက်ပျောက် ဖြစ်နေသည့် ဆောင်းပါးတွေကို ကြိုးကြိုးစားစား ရှာဖွေစုစည်းပေးထားသောကြောင့် 'ဇွန်ပွင့်'ကိုကျေးဇူးတင်နေမိပါသည်။ ထိုအချက်မှာ ကျွန်တော့်အတွက်သာ ဖြစ်ပါသည်။ စာဖတ်သူအတွက်ကိုလည်း ပြောလိုက်ချင်ပါသေးသည်။ ထိုအချက်ကတော့ စာအုပ်ကိုတတ်နိုင်သမျှ သပ်သပ်ရပ်ရပ်ဖြစ်အောင်လုပ်ပြီး တတ်နိုင်သမျှ စျေးနှုန်းကို ချိုသာအောင် စီစဉ်ပေးထားခြင်းဖြစ်ပါသည်။ အခြားအခြားသော စာအုပ်များကိုလည်း ထိုကဲ့သို့ပင် စာဖတ်သူအပေါ် ထောက်ထားစာနာနိုင်ပါစေဟု တိုက်တွန်းဆုတောင်းလိုက်ရပါသည်။

အောင်သင်း

၄-၉-၂၀၀၂

သံလွင်ရွက်သရဖူ

* * *

လွန်ခဲ့သော သုံးလေးရက်ခန့်က စာပေဝါသနာအိုး ကောင်လေးတစ်ယောက်ကို စာအုပ်ဆိုင်တစ်ဆိုင်တွင် တွေ့လိုက်ရသည်။ သူက လက်ဖက်ရည်သောက်ရန် ဖိတ်ခေါ်သည်နှင့် လက်ဖက်ရည်ဆိုင်တွင် ထိုင်မိကြသည်။ သူ့လွယ်အိတ်ထဲက ဖိုင်တွဲတစ်ထပ်ကို ထုတ်ပြ၍ ကြည့်လိုက်တော့ သဘင်မဂ္ဂဇင်းတွင် ကျွန်တော်ရေးခဲ့သော "အကြိုက်ဆုံးဝတ္ထုတို"ကဏ္ဍ ဆောင်းပါးများ ဖြစ်နေသည်ကို တွေ့ရသည်။

"ဆရာ့သုံးသပ်ချက်နဲ့ ရွေးတဲ့မူရင်း ဝတ္ထုတွေကို ရှာပြီးစုနေတာ ခုထက်ထိ တစ်ဝက်လောက်တောင် မရသေးပါဘူး ဆရာရယ်။ ဆရာကလည်း ပေါင်းပြီး စာအုပ်ထုတ်မယ်ဆိုပြီး ခုထက်ထိ မထုတ်သေးတော့ မတတ်နိုင်တော့ဘူး။ ကိုယ်ဘာသာကိုယ် စုနေရတယ်"

သူ ပြောမည်ဆိုလည်း ပြောစရာပင်ဖြစ်ပါသည်။ ကျွန်တော်ကလည်း ရှေ့ကိုဆက်ပြီး ရေးနေရသည်နှင့် နောက်ကို ပြန်လှည့်မကြည့်နိုင်လောက်အောင် ဖြစ်နေသည်။

စာပေဆောင်းပါးများ၊ ဝေဖန်ရေးဆောင်းပါးများ၊ တိုက်ခိုက်ရေးဆောင်းပါးများ စသည်အားဖြင့် ကျွန်တော်အတော်ကြီးကို ရေးဖြစ်ခဲ့ပါသည်။ ယခုအချိန်အထိ ကျွန်တော် ရေးခဲ့သမျှ စာစုများကို ပြန်လည်သုံးသပ်ကြည့်လိုက်မိသောအခါတွင် စိတ်တက်ကြွစရာ၊ ပီတိဖြစ်စရာ အကောင်းဆုံး လုပ်ငန်းတစ်ခုကို ပြုပါဟုဆိုလျှင် သဘာဝမဂ္ဂဇင်းတွင် ကျွန်တော် တာဝန်ယူခဲ့သော "အကြိုက်ဆုံးဝတ္ထုတို"လုပ်ငန်းပင်ဖြစ်ပါသည်။

ယခု ကျွန်တော် ပြန်ပြီး စဉ်းစားကြည့်လိုက်တော့-

(၁) စပြီးတာဝန်ယူရန် ဆုံးဖြတ်လိုက်စဉ်ကပင် ကျွန်တော့်အဖို့ အတော်ကြီး စွန့်စားလိုက်ရခြင်းဖြစ်ပါသည်။ စွန့်စားလိုက်ရသည်မှာ ထွက်လာသမျှ ဝတ္ထုတိုအားလုံးကို တစ်ပုဒ်မ

ကျန် ဖတ်ရမည်။ အချိန်များစွာ ပေးရမည်၊ သူက ဘယ်လောက်များ နားလည်လို့လဲ စသည်ဖြင့် ဘာဘာညာညာ ပြောသည်တို့ကို ကြံ့ကြံ့ခံနိုင်ရမည်။ စနစ်တကျ သုံးသပ်ပြနိုင်အောင် ဝတ္ထုတိုနှင့် ပတ်သက်သည့် သဘောတရား စာအုပ်များကို ဖတ်ရမည်။ ကျမ်းကိုးကျမ်းကား ညွှန်းရန်လိုအပ်သည်ထင်လျှင် ကိုးကားခြင်း၊ ညွှန်းခြင်း ပြုရဦးမည်။ ထိုထိုသော ကိစ္စရပ်များကို မခိုမကပ်လုပ်ဆောင်ပါမည်ဟု သန္ဓိဌာန်ချပြီး တာဝန်ယူလိုက်ခြင်းဖြစ်သောကြောင့် အတော်ကြီး စွန့်စားလိုက်ရခြင်းဖြစ်သည်ဟု ကျွန်တော် ဆိုလိုက်ခြင်းဖြစ်ပါသည်။

(၂) စာကို ရွေးချယ်လိုက်သည့်အခါတွင်လည်း ဝါနုသည်၊ ဝါရင့်သည်ကို မစဉ်းစားဘဲ သက်ဆိုင်ရာ ဝတ္ထုကိုသာလျှင် စဉ်းစား၍ လိပ်ပြာသန့်သန့် ရွေးနိုင်စေရန်ကိုလည်း ဆုံးဖြတ်ရပါသည်။ နီးစပ်သော ရေးဖော်ရေးဖက် စာရေးဆရာ အချင်းချင်းက ဖြစ်စေ၊ စာဖတ်သူကဖြစ်စေ ရွေးချယ်သုံးသပ်ထားသည့် ဝတ္ထုထက် ဟိုဝတ္ထုက ပိုကောင်းတယ်၊ ဒီဝတ္ထုက ပိုကောင်းတယ် စသည်ဖြင့် ပြောဆိုလာနိုင်ကြသည်ကို ကျွန်တော် ကြိုတင်တွေးထားခဲ့ရပါသည်။ ကျွန်တော် ရွေးချယ်တင်ပြလိုက်သည့် ဝတ္ထုအဘယ်ကြောင့် ရွေးချယ်ထိုက်ကြောင်း (စာဖတ်သူ လက်ခံနိုင်

လောက်အောင်) သုံးသပ်တင်ပြရမည်ကိုလည်း ကြိုတင်
စဉ်းစားခဲ့ရပါသည်။

(၃) သဘောထား ကျဉ်းမြောင်းလှသည့် ဝတ္ထုဆရာများ ရှိနေ
ခဲ့လျှင် သူတို့ဝတ္ထုကို မရွေးကောင်းလား၊ မညွှန်းကောင်း
လားဟု ငြူစူလာနိုင်သည်ကိုလည်း ကြိုတင် စဉ်းစားထား
ရပါသေးသည်။ (သို့သော် ထိုမျှ ကျဉ်းမြောင်းသည့် ဝတ္ထု
ဆရာမျိုးကို လုံးဝ မတွေ့ခဲ့ရသည့်အတွက် ဝမ်းသာမိပါ
သည်။)

ကျွန်တော် ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်လိုက်
သည့်အတွက် စာဖတ်ပရိသတ်အဖို့ -

(၁) ဝတ္ထုတိုကောင်းကောင်းကို အချိန်ကုန် သက်သာစွာနှင့်
ရှာဖွေ ဖတ်ရှုသွားနိုင်ကြသည်။

(၂) စာပေဝါသနာပါသော ပရိသတ်အတွက် ဝတ္ထုတို အရေး
အဖွဲ့ အတတ်ပညာ၊ နည်းပညာများကိုပါ ရိပ်စားမိလာ
ကြသောကြောင့် "ရသ"ခံစားမှု ပိုမိုထက်မြက်လာစေပါ
သည်။

(၃) တစ်ခါတစ်ရံ အချို့သော စာပေပရိသတ်အုပ်စုတို့မှာ
တစ်လလုံးထွက်သမျှ မဂ္ဂဇင်းတို့မှ ဝတ္ထုတိုများကို စုဝိုင်း
ဖတ်ကြပြီး အချင်းချင်း ဆွေးနွေးထင်ကြေးပေးကြတတ်
ခြင်းကြောင့် အမှတ်မထင် တက်ကြွသော စာပေဝိုင်းက

လေးများ ဖြစ်သွားခဲ့ရပါသည်။

ဝတ္ထုတိုဆရာများအတွက်တော့ဖြင့် -

(၁) နာမည်ရပြီး ဝတ္ထုဆရာများအဖို့မှာ ဘာမျှ ထူးခြားလှမည် မဟုတ်သော်လည်း ကလောင်သစ်များ အဖို့မှာမူကား ချက်ချင်းလိုလို လူသိများသွားသောကြောင့် မဂ္ဂဇင်းတိုက် စာတည်းအများစုက သူ၏ ဝတ္ထုများကို အရေးတယူ ဖတ်ရှုထည့်သွင်းပေးကြသဖြင့် စာပေလောကအတွင်းသို့ သွက်သွက်ကြီး ဝင်ရောက်နိုင်ခွင့် ရပါသည်။

(၂) ကြေးစားအမည်ခံ ဝတ္ထုသမားများနှင့် ကြေးစား "ရှဲဒို" များ လုံးဝ ကပ်နိုင်ခွင့် မရှိခဲ့ပါ။ (တကယ့်ကို အနုပညာမြောက်အောင် ရေးနိုင်နေသော လူတစ်ယောက်ကလည်း တကယ့် အကောင်းစား ဝတ္ထုကို အမည်ခံ တိတ်တိတ်ပုန်း ငွေရှာသူထံသို့ လက်လွှဲရောင်းသည့်အလုပ်မျိုး လုံးဝ လုပ်လိမ့်မည် မဟုတ်ပါ။)

ယခု ပြန်ပြီး စဉ်းစားကြည့်လိုက်တော့ ရှေးခေတ် ဂရိပြည်က အိုလံပစ်ပွဲနှင့် ဆင်ဆင်တူနေသည်ဟုပင် အောက်မေ့လိုက်မိပါသည်။ ရှေးခေတ်အိုလံပစ်ပွဲတော်တွင် အားကစားပြိုင်ပွဲ၌ ထူးချွန်သူကို ပေးလိုက်သည့်ဆုမှာ "သံလွင်ရွက်သရဖူ" ကလေးသာလျှင် ဖြစ်ပါသည်။ သို့သော် တိုင်းပြည်နယ်တစ်ရိုးတွင်တော့ ဟိုးဟိုးကျော်လောက်အောင် လူသိများပြီး ဂုဏ်ပြု

ခြင်းခံကြရသည်။ အိုလ်ပစ်မှာလည်း ရဲ့ဒိုးအပြေးပြိုင်လို့ရသည်မှ မဟုတ်ဘဲ။

"အကြိုက်ဆုံးဝတ္ထုတို"ကဏ္ဍကို ကျွန်တော် ထမ်းဆောင်ခဲ့စဉ်ကလည်း ရွေးချယ်တင်ပြလိုက်သည်မှအပ သပြေရွက်ကလေးတစ်ရွက်တောင်မှ လက်ဆောင်မပေးလိုက်နိုင်ပါ။ သဘင်မဂ္ဂဇင်းကသော်မှလည်း မဂ္ဂဇင်းကလေးတစ်စောင်ကို မျှပင် လှမ်းပြီး လက်ဆောင်အဖြစ် ပို့မပေးခဲ့နိုင်ပါ။

သို့သော် သူတို့ အလွန်ဝမ်းမြောက်ကြသည်ကိုတော့ (အထူးသဖြင့် ကလောင်သစ် ဝါနုကလေးများမှာ ပိုလို့ပင် ဝမ်းမြောက်ကြသည်ကိုတော့) တစ်ဆင့်စကားအားဖြင့်လည်းကောင်း၊ ကျွန်တော့်ထံ လှမ်းပြီး ရေးကြသားကြသော စာများကြောင့်သော်လည်းကောင်း သိနေခဲ့ရပါသည်။ ကျွန်တော့်မှာ အလွန်ပီတိဖြစ်ခဲ့ရပါသည်။

ထိုကဏ္ဍလေးနှင့်ပတ်သက်ပြီး ပီတိဖြစ်ခွင့် ကြုံရသည်မှာ ယခုထက်တိုင်လည်း ကြုံတွေ့နေရဆဲပင်ဖြစ်ပါသည်။ လွန်ခဲ့သောသော တစ်ပတ်လောက်က နယ်မှ စာပေဝါသနာအိုးကောင်လေးတစ်ယောက်နှင့် တွေ့ကြ၍ ထိုကဏ္ဍအကြောင်းကို စကားစပ်မိကြပြန်တော့သူက -

"ပြောရဦးမယ်ဆရာရယ်၊ လူမျိုးနော်ရဲ့ ဝတ္ထုတစ်ပုဒ်ဟို "မအိုမီ မနာမီ မသေမီ"ကို ဆရာက ရွေးလိုက်ရော၊ နောက်

ဘယ်လောက်မှ မကြာလိုက်ဘူး။ လူမျိုးနော်ရဲ့ နောက်ဝတ္ထု တစ်ပုဒ်က တအားကောင်းနေပြန်ရော။ ကျွန်တော်တို့မှာ ဟာ . . . ဒုက္ခပဲပေါ့။ ဆရာက တစ်ကြိမ်ရွေးထားပြီးသား သူ မရွေး ချင်ဘူးလို့ ပြောထားတာကိုး။ ဒီလောက်ထိအောင် အပြတ်အ သတ်ကောင်းနေတဲ့ ဝတ္ထုကို မရွေးဘဲ နေသင့်သလား စသည် ဖြင့်ပေါ့ဆရာ၊ ကျွန်တော်တို့တတွေမှာ ငြင်းကြခုံကြ ဖြစ်ကုန် တာပါပဲ။ နောက်လ သဘင်ထွက်လာတော့ ဆရာကိုယ်တိုင် ပဏာမ စကားလေးခံပြီး လူမျိုးနော်ကိုပဲ ထပ်ပြီး ရွေးလိုက် ပြန်တော့ ကျွန်တော်တို့မှာ ဆရာရယ် ကိုယ်တိုင်များ အရွေးခံ လိုက်ရသလို ပျော်သွားတာပဲ"

ကျွန်တော့်အဖို့ ယခုထက်တိုင် ပီတိဖြစ်နေရဆဲပါ။ ထိုကဏ္ဍနှင့် ပတ်သက်၍ ကြည်နူးစရာကို ခဏခဏ ကြုံနေရဆဲ ပါ။ ကြိုးကြိုးစားစား သန့်သန့်ရှင်းရှင် ပြုလုပ်ခဲ့မိသည့် လုပ် ငန်းတစ်ခု၏ သက်ရောက်မှု ကျေးဇူးဟု ခေါ်မည်ဆိုလျှင် ခေါ် နိုင်ပါလိမ့်မည်။

ကျွန်တော့်အတွက်ကိုလည်း ပြန်ပြီး စဉ်းစားကြည့်မိ ပါသေးသည်။ ထိုလုပ်ငန်းကို စတင်အကောင်အထည် ဖော် လိုက်စက အချို့သော (မလိုသည့်) ဝတ္ထုဆရာများက အောင် သင်းက ဘယ်လောက် နားလည်လို့လဲ။ သူက ဝတ္ထု ဘယ်နှစ် ပုဒ်ရေးဘူးလို့လဲ စသည်ဖြင့် မေးငေါ့စကားတင်း ဆိုကြကြောင်း

ကို ကြားရပါသည်။ နောက်ပိုင်းတွင်မူကား စာဖတ်ပရိသတ်က ဝတ္ထုတိုနှင့် ပတ်သက်၍ ကျွန်တော် အတန်အသင့် လေ့လာထားသည်ကို အသိအမှတ် ပြုလာကြပါသည်။ စာပေဟောပြော ပွဲများအတွက် နယ်မြေ့များသို့ ရောက်သွားလိုက်လျှင် ကျွန်တော့်ကို ဝတ္ထုတိုနှင့် ပတ်သက်၍ ပြောရေးဆိုခွင့် ရှိနေသော ဧရာမ ပုဂ္ဂိုလ်ကြီး ဖြစ်ဘိသည့်အလား မေးကြမြန်းကြပါသည်။

ယခု နောက်ဆုံးတွင် ပြန်လည်စဉ်းသားလိုက်သော အခါ၌ ကျွန်တော်ကသာ သူတို့အတွက် အကျိုးပြုခဲ့သည်မဟုတ်။ သူတို့ကလည်း ကျွန်တော့်ကို ပြန်လည်ပြီး ဆုပေးခဲ့ပါသေးသည်ကောဟု အောက်မေ့လိုက်ပါသည်။ သံလွင်ရွက်သရဖူကလေးပါပဲ။

ဂုဏ်မြင့်သူနှင့် လင်းတသုံးကောင်

* * *

ကျွန်တော်တို့သည် ယေဘုယျကာလ ကလေးဘဝတွင် ကြုံခဲ့ရသော ဖြစ်ရပ်များ၊ ဖတ်ခဲ့ဖူးသောစာများကို တကူးတက ပြန်ပြီးမစဉ်းစားရဘဲ ဘယ်ချောင်ကြိုချောင်ကြားက ထွက်လာလိုက်ပါလိမ့်ဟု တွေးလို့မရနိုင်လောက်အောင် ဖျိုးခနဲဖျတ်ခနဲ သတိရမိတတ်ပါသည်။ စာဖတ်သူလည်းထိုသို့သော ဖြစ်ရပ်မျိုးကို ကြုံဖူးလိမ့်မည်ထင်ပါသည်။

ဇွန်မွန့်စာအုပ်တိုက်

ကျွန်တော် မကြာခဏသတိရမိတတ်သော စာလေး တစ်ပုဒ်ကိုပြောပြချင်နေမိပါသည်။

ယခုအခါ ကျွန်တော်တို့သည် ရုပ်ရှင်ကားများ၊ ဗွီဒီယိုကားများကို လှိုင်လှိုင်ကြီးကြည့်နေရပါပြီ။ ကျွန်တော်တို့ ငယ်ငယ်က ရုပ်ရှင်ကိုပင် ခဏခဏကြည့်ရသည်မဟုတ်ပါ။ နယ်မြို့ဖြစ်လေတော့ နေ့စဉ်ရုပ်ရှင်ကားရှိသည်လည်း မဟုတ်ပါ။ တစ်ခါတလေ ရုပ်ရှင်ပြတ်နေတတ်ပါသေးသည်။ ထိုသို့ကြည့်ခဲ့ရသော ရုပ်ရှင်ကားများထဲတွင် ထူးထူးခြားခြား သတိရနေမိတတ်သောရုပ်ရှင်ကားတစ်ခုအကြောင်းကိုပြောလိုပါသည်။

ထိုကားမှာ 'မြန်မာအဆွေအေဝမ်းဖလင်' မှ ဒါရိုက်တာ 'ဦးဘရှင်' ရိုက်ကူးသော 'ဂုဏ်မြင့်သူ' ဆိုသောကား ဖြစ်ပါသည်။ ဇာတ်လိုက်မင်းသားက နောင်အခါတွင် 'ဖာတစ်လုံးခေါင်းကျား'စသော အရူးဇာတ်ဆောင်နေရာများတွင် သရုပ်ဆောင်ကောင်းလှသောကြောင့် 'အရူးစပယ်ရှယ်လစ်' ဟုခေါ်တွင်လာသည့် '(ဦး)ခင်မောင်' ဖြစ်ပါသည်။ မင်းသမီးကတော့ 'မေမြင့်' ဟုထင်သည်။ ကောင်းကောင်းမမှတ်မိတော့ပါ။ ထိုရုပ်ရှင်ကားသည် မြန်မာ့ရုပ်ရှင်သမိုင်းတွင် ပထမဆုံးထွက်ပေါ်လာသော 'စစ်ကား'ဖြစ်ပါသည်။

ဇာတ်လမ်းသဘောကတော့ ဆန်းလှသည် မဆိုနိုင်ပါ။ တောရွာကလေးတစ်ခုတွင် ဂုဏ်မြင့်သူမိန်းကလေး တစ်

ယောက်နှင့် သာမန်ရွာသားလူငယ်လေးတစ်ယောက် ချစ်ကြိုက်ကြသည်။ မိဘတွေကသဘောမတူ။ ထို့ကြောင့် မြို့သားကြေးရတတ်တစ်ယောက်နှင့် ပေးစားမည်ဟုစီစဉ်ကြသည်။ ထို့ကြောင့် အချစ်နာကျသည့် လူငယ်လေးက စစ်ထဲသို့လိုက်သွားတော့သည်။ စစ်က ပထမကမ္ဘာစစ်ကြီးဖြစ်သည်။ အားလုံးသိကြသည့်အတိုင်း ပထမကမ္ဘာစစ်ကြီးတွင် အင်္ဂလိပ်ကဖွဲ့စည်းပေးထားသည့် မြန်မာပြည်ကစစ်တပ်အချို့လည်း အနောက်ဥရောပစစ်မြေပြင်သို့ သွားရောက် တိုက်ခိုက်ခဲ့ရသည်။ ဇာတ်လိုက်မင်းသား ခင်မောင်တို့ပါသွားသော 'ဆပ်ပါးမိုင်းနား'တပ်ကလေးမှာ 'မက်ဆိုပိုတေးမီးယား' စစ်မြေပြင်၌ တိုက်ခိုက်ကြရသည်။ ထိုစစ်မြေပြင်၌ မြန်မာတပ်ကလေးက တိုက်ခိုက်ပုံ၊ ဆင်းရဲဒုက္ခရောက်ရပုံ၊ တိုက်ပွဲတွင် ဒဏ်ရာရပြီး သတိမေ့ကျန်ရစ်ခဲ့သော ခင်မောင်ကသတိရလာပြီး မိမိတပ်ကိုပြန်လည်အကူအညီ ပေးလိုက်နိုင်သောကြောင့် တိုက်ပွဲအောင်မြင်ပုံတို့ကို ဇာတ်ကွက်ဆင်ထားခြင်းပင်ဖြစ်ပါသည်။ ဦးဘရှင်ကိုယ်တိုင်ကလည်း မက်ဆိုပိုတေးမီးယား စစ်မြေပြင်သို့ပါသွားခဲ့သော ခေတ်ဟောင်းစစ်ပြန်ကြီး တစ်ယောက်ဖြစ်သည်ဟုသိရပါသည်။

ယခုအခါတွင် စစ်ကားရုပ်ရှင်တွေကို ထပ်ထပ်ကြမ်းနေအောင် ကြည့်ဖူးနေကြပြီဖြစ်၍ ထိုကားကို ခေတ်ဟောင်း

ရုပ်ရှင်ကားတစ်ခုအဖြစ် ပြန်လည်တင်ပြမည်ဆိုလျှင် ရုပ်ရှင်အနုပညာရှင်များကိုမဆိုထားနှင့် သာမန်ပရိသတ်များကပင် ရယ်ကောင်းရယ်ကြလိမ့်မည်ထင်သည်။ သို့သော် ဟိုခေတ်ကတော့ အလွန်နာမည်ကြီးခဲ့သည့်ပြင် ထိုကားကို ရိုက်ကူးခဲ့သည့် ဦးဘရှင်ပင်လျှင် ထိုကားတစ်ကားတည်းနှင့် နာမည်ကြီး ဒါရိုက်တာစာရင်းဝင်ဖြစ်သွားခဲ့ပါသည်။ ထိုကားကိုပြန်ပြလျှင် ရယ်ကောင်းရယ်ကြမည်ထင်သည်ဟု အထက်တွင် ကျွန်တော်ရေးခဲ့သည်။ ယနေ့ရုပ်ရှင်ဒါရိုက်တာများကို လန့်လောက်အောင် စိန်ခေါ်နေသည့်ရိုက်ကွက်တစ်ခုကို တင်ပြလိုသောကြောင့် ဤဆောင်းပါးကို ရေးလိုက်ရခြင်းဖြစ်ပါသည်။

ထိုရိုက်ကွက်မှာ စစ်မြေပြင်၌ ကျဆုံးကျန်ရစ်ခဲ့သော လူသေလောင်းများ၏ ဝမ်းဗိုက်မှအူတွေအခွေခွေကို လင်းတဌက်ကြီးများက ဆွဲကာငင်ကာ စားသောက်နေကြခန်း ဖြစ်ပါသည်။ လင်းတဆိုသည်မှာ လူသေနှင့်နီးစပ်ကောင်း နီးစပ်မည်။ လူရှင်နှင့် အလွန်ဝေးသောဌက်မျိုးဖြစ်သည်။ ကျွန်တော်ကငယ်လွန်းသေးတော့ ထိုလင်းတတွေ စားသောက် နေကြပုံကို ထွေထွေထူးထူးမတွေးခဲ့မိပါ။ ထိုနောက်ကာလအတန်ကြာတွင် 'အေဝမ်းရုပ်စုံ' စာစောင်၌ ထိုလင်းတ ဇာတ်ဆောင်တွေ အကြောင်း ရေးထားသည်ကိုဖတ်လိုက်ရမှ အံ့ဩလာခဲ့မိပါသည်။

ဦးဘရှင်က စစ်မြေပြင်သရုပ်သဏ္ဌာန်ပီသအောင် လူသေအလောင်းတွေကို လင်းတတွေကဖောက်စားနေခန်းကို ပါအောင် ရိုက်ချင်သည်။ သို့သော် ခက်သည်က လင်းတဆိုသည်မှာ အိမ်မွေးတိရစ္ဆာန်မျိုးလည်းမဟုတ်၊ လူနှင့် ယဉ်ပါးသောဌက်မျိုးလည်းမဟုတ်။ သို့သော် မဖြစ်ဖြစ်အောင် ကြိုးစားကြည့်မည်ဟု ဆုံးဖြတ်လိုက်သည်။

သို့နှင့် ရန်ကုန်မြို့စွန်ရပ်ဖျားတောစပ် ခွေးသေကောင်များ စွန့်ပစ်ရာနေရာတွင် လင်းတတွေကိုကျော့ကွင်းထောင်ပြီးဖမ်းကြည့်သည်။ မရ။ ကျော့ကွင်းထဲကိုမဝင်။ ဝင်မိလျှင်ရုန်းထွက်သည်။ ဤသို့ဖြင့် သုံးလေးရက်ဆက်ပြီး ထောင်သော်လည်း မအောင်မြင်နိုင်သောကြောင့် လက်လျှော့လိုက်ရမလိုဖြစ်လာသည်။ နောက်ဆုံးတွင် သွတ်နန်းကြိုးတွေကို ဆွဲပြီးရှုံ့လိုက်လို့ရသောပိုက်ကွန်ရက်ပြီး မြေပြင်တွင် ခင်းထား၍ထောင်သည်။ ထိုအခါတွင်မှ လင်းတ သုံးကောင်ကိုမိလေတော့သည်။

မိပြီး အိမ်ကိုယူဆောင်လာတော့ ဇနီးသည်က တယ်ပြီးမကျေနပ်ချင်။ ဒါကိုလည်းအပြစ်ဟုမဆိုသာ၊ လင်းတကို ကျွန်တော်တို့ မြန်မာများက ကျက်သရေမဲ့သောဌက်ဟု ယူဆထားသည်မဟုတ်လား။ 'တည်မိတဲ့ဘုရား လင်းတပဲနားနား'ဟူသောအိမ်ထောင်ရေးစကားပုံကိုကြည့်လိုက်လျှင်သိသာလှပါသည်။

လင်းတတွေကို ခြံကလေးတစ်ခု ဆောက်ပြီး လှောင်ထားရသည်။ သူတို့၏ ခန္ဓာကိုယ်နှင့်အမွေးအတောင်တွေက ထွက်လာလိုက်သည့်အနံ့မှာလည်း မခံမရပ်နိုင်အောင် ဖြစ်သည်။ သူတို့စားသောက်နေခဲ့သည်ကိုက အပုပ်အစပ်အသေကောင်တွေဖြစ်လေတော့ ဘယ်မှာ အနံ့အသက် ကောင်းနိုင်ပါတော့မည်နည်း။

အမဲအူ၊ ဆိတ်အူစသည်တို့ကိုကျွေးသည်မစားကြ။ သူတို့လည်းမကြဲစဖူးမို့ ထိတ်လန့်ကြောက်ရွံ့နေကြပေလိမ့်မည်။ တစ်ရက်နှစ်ရက်ခန့်ကြာတော့မှ စားကြသည်။ အတန်ငယ်ယဉ်ပါးပြီး လူအကိုင်ခံတော့ ရေချိုးပေးသည်။ ရေချိုးပေးသည် ဆိုခြင်းထက် ရေဆေးပေးသည်ဆိုလျှင် ပိုပြီးမှန်ပေလိမ့်မည်။ ကာဘော်လစ်ဆပ်ပြာကို ဖောဖောကြီး သုံးပြီး ၃ရက်လောက်ရေဆက်ချိုးပေးလိုက်မှ အနံ့အသက်ဆိုးတွေ ပျောက်သွားသည်ဟုဆိုပါသည်။ သို့သော်လည်း တောစပ် တောင်စပ် ရိုက်ကွင်းသို့ထုတ်ပြီး ရှုပ်ရှင်ရိုက်နိုင်လောက်အောင် စိတ်မချရသေး။ တဖြည်းဖြည်းနှင့် လူ၏လက်ထဲက အစာကိုပင် လာရောက်စားသောက်သည်ထိအောင် ယဉ်ပါးလာသည်။ ဦးဘရှင်အဖို့ လင်းတသုံးကောင်တည်း ဖြစ်နေသောကြောင့် တယ်ပြီး အားမရလှပေ။ အနည်းဆုံး ၅ကောင်လောက် ပါလိုက်လျှင် ပိုပြီး မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်သွားပေမည်။ သို့သော်လည်း လူသေ

ကောင်တွေကို လင်းတတွေ စားသောက်နေပုံပါလာလျှင်ပင် အတော်ကြီး အောင်မြင်ပေပြီဟု စိတ်ကို ဖြေရတော့သည်။

တကယ်တမ်း ရုပ်ရှင်ရိုက်သောနေ့သို့ ရောက်သော အခါ ဦးဘရှင်၏ဆန္ဒ တစ်လုံးတဝတည်း ပြည့်သွားပါလေ တော့သည်။ ထိုလင်းတသုံးကောင်က သရုပ်ဆောင် လူသေ ကောင်များ၏ ဝမ်းဗိုက်များပေါ် တွင်ပုံထားသော အမဲအူများကို ဆွဲကာဝင်ကာစိတ်ချလက်ချ အန္တရာယ်မရှိ စားသောက်နေကြ သည်ကိုမြင်နေရသော အခြားလင်းတရိုင်းများကလည်း သူတို့ နည်းတူ ဝင်ရောက်စားသောက်ကြလေတော့သည်။ ဤသို့အား ဖြင့် 'ဂုဏ်မြင့်သူ' ဇာတ်ကားတွင် လင်းတပေါင်း (၇) ကောင်က ပါဝင်သရုပ်ဆောင်သွားခဲ့ပါလေသည်။

ဦးဘရှင်တို့ ရုပ်ရှင်ပညာသည်အုပ်စု အဘယ်မျှ မြန်း သွားကြမည်ကို မှန်းဆကြည့်နိုင်ပါသည်။

ဦးဘရှင် လက်သပ်မွေးခဲ့သော (တကယ့်ကို ကာ ဘော်လစ်ဆပ်ပြာသုံးပြီးလက်သပ်မွေးခဲ့ရသော) လင်းတ အယဉ် သုံးကောင်ကိုတော့ အိမ်သို့ပြန်ခေါ်လာခဲ့သည်။ ရိုက် ပြီးဖလင်တွေကို ကူးဆေးကြည့်ပြီးတော့ စိတ်ချရတော့မှ ထိုလင်း တသုံးကောင်ကို ပြန်လွှတ်လိုက်သည်။ သည်အခါကျတော့ ဦးဘရှင်မပြောနှင့် ဇနီးသည်ကပင် စိတ်မကောင်း ဖြစ်နေမိသေး သည်။ သံယောဇဉ် ဖြစ်သွားခဲ့လေပြီကိုး။

သုံးကောင်အနက် နှစ်ကောင်က အိမ်သို့ပျံလာပြီး အိမ်နားကထန်းပင်ပေါ်တွင် နားနေတတ်သောကြောင့် ဇနီးသည်က အမဲအူတွေ ဝယ်ဝယ်ပြီး ကျွေးနေရသေးသည်။ တစ်ပတ်ခန့် အကြာလောက်တွင် ထိုလင်းတနှစ်ကောင်က ခါတိုင်းလို ထန်းပင်ပေါ်တွင်နားနေရာ အင်းစိန်ဘက်က ကရင်အမျိုးသားတစ်ယောက်က အကြောင်းမသိ၍ သေနတ်နှင့် ပစ်လိုက်သောကြောင့် တစ်ကောင်သေသွားသည်။ သူ့ခမျာလည်း အယဉ်မွေးခဲ့သည့် လင်းတတွေဖြစ်ကြောင်း သိလိုက်ရသော အခါ အလွန်စိတ်မကောင်း ဖြစ်သွားရှာလေသည်။ ကျန်သော လင်းတတစ်ကောင်လည်း ပေါ်မလာတော့ချေ။

ကျွန်တော့်မှာ ထိုဆောင်းပါးကို ဖတ်ပြီးသောအခါ လင်းတသုံးကောင်အတွက် သနားသလိုလို လွမ်းသလိုလို ခံစားခဲ့မိသည်ကို ယခုတိုင်သတိရနေမိသေးသည်။ လင်းတတွေက လူသေကောင်ပေါ်က အူအခွေတွေကို စားနေသည့် ရုပ်ရှင်ဇာတ်ဝင်ခာတ်ပုံကို ကြည့်နေရင်း 'မတော်တဆ ဗိုက်သားကို များ လင်းတနှုတ်သီးကြီးနှင့် ထိလိုက်မိရင်' ဟုတွေး၍ သေချင်ယောင်ဆောင်နေရသည့် လူအစား အူယားခဲ့မိသည်ကိုလည်း သတိရနေသေးသည်။

ယခုတော့ဖြင့် လင်းတသုံးကောင်ကို ရအောင်ဖမ်းပြီး ရုပ်ရှင်သရုပ်ဆောင်အဖြစ် အသုံးချနိုင်ခဲ့သည့် ဒါရိုက်တာ

ဦးဘရှင်ကို ချီးကျူးမိသည်။ ထိုထက်ပို၍ကား မိမိပညာကို လေးစားတန်ဖိုးလျက် မိမိလုပ်နိုင်သမျှကို အစွမ်းကုန်လုပ်ခဲ့သည့် သူ၏ စိတ်ဓာတ်နှင့် ဇွဲကို ပိုမိုလေးစားနေမိပါတော့သည်။

✣ ✣ ✣

လူငယ်နှင့် သည်းခံမှု

* * *

'သည်းခံ'ဟူသောဝေါဟာရကို မြန်မာအဘိဓာန်တွင် 'ချုပ်တည်းသည်၊ ကြံ့ကြံ့ခံသည်'ဟု ဖွင့်ဆိုထားသည်။

ယခုအခါ ဒသမတန်းတွင်ပြဋ္ဌာန်းထားသော 'ပင်ရင်း မြန်မာစကားပြေလက်ရွေးစင်' တွင်ပါဝင်သည့် 'မိဖုရား ဖွားစော ကျောက်စာ'တွင် 'သည်းခံသောသခင်တို့ကို ဆွမ်းပစ္စည်းဖြင့် လုပ်ကျွေးစိမ့်သောဌာ ကျွန်လည်းငါလျှ၏' ဟူ၍ ပါရှိသည်။ ခက်ဆစ်ကိုအနက်ဖွင့်ထားရာ၌ 'သည်းခံ- ခြိုးခြံသည်၊ ရောင့်ရဲ

သည်'ဟုဖွင့်ထားသည်။ အလွန်သင့်မြတ် ဆီလျော်သော ဖွင့်ဆို ချက်ဖြစ်ပါသည်။ ထိုထိုသော ဖွင့်ဆိုချက်များကို ပေါင်းစည်း လိုက်သောအခါ-

သည်းခံ = ချုပ်တည်းသည်၊ ကြံ့ကြံ့ခံသည်၊ ခြိုးခြံသည်၊ ရောင့်ရဲသည် ဟုဆိုသင့်ပါသည်။

လူငယ်များအဖို့ ချုပ်တည်းမှု၊ ကြံ့ကြံ့ခံမှု နှစ်မျိုးလုံး ပင် အတော်လေး ခက်ခက်ခဲခဲကျင့်ရသော တရားနှစ်ပါးဟု ဆိုချင် မိပါသည်။ သို့သော် ထိုတရားနှစ်ပါးကို မကျင့်နိုင်သမျှ ရင့်ကျက်သောအဖြစ် (၀ါ)လူလားမြောက်သောအဖြစ်သို့ ဘယ် တော့မှရောက်နိုင်တော့မည် မဟုတ်ပါချေ။ ကြီးပွားအောင်မြင် သောအဖြစ်သို့ရောက်ရန်ကား ဤဘဝတွင် မမျှော်မှန်းပါလေ နှင့်တော့ဟု ပြောရပါပေတော့မည်။ ဆရာကြီး ဒေါက်တာကျော် စိန်ပြုစုထားသော 'သင့်ဘဝတွက်တာ အသုံးချ စိတ်ပညာ'တွင် ရင့်ကျက် တည်ငြိမ်ခြင်းသဘောကို ကဏ္ဍကြီးတစ်ခုဖွင့်ပြီး အကျယ်တဝင့် ဆိုမိန့်ထားသည်ကိုတွေ့နိုင်ပါသည်။ (ထိုစာ အုပ်ကို လူငယ်တိုင်း လက်ကိုင်ထားပြီး 'နာနာကြီး' ဖတ်သင့် သည်ဟု စကားကြုံသခိုက် တိုက်တွန်းလိုက်ပါသည်။)

ကျွန်တော့်ငယ်ဘဝကို ပြန်လည်သုံးသပ် ကြည့်လိုက် သောအခါ သည်းခံမှု အတော်လေးကိုခေါင်းပါးခဲ့သည်ဟု ထင်မိ ပါသည်။ အပေါင်းအသင်းများနှင့်ဆက်ဆံရာတွင် ထိုက်သင့်

သလောက် သည်းခံနိုင်သည်ဟု ကျွန်တော်ထင်မိသည်။ သို့သော် အလုပ်လုပ်ရာတွင်၊ ပစ္စည်းကိရိယာများကို ကိုင်တွယ်ရာတွင် သည်းခံနိုင်မှုနည်းပါးသည်ဟုထင်မိသည်။ ခဲတံ ချွန်ရာတွင် ခဲတံကအည့်စားဖြစ်နေ၍ ခဲဆံ ခဏခဏကျိုးနေသောကြောင့် ခဲတံကိုစိတ်ဆိုးပြီး ဆောင့်ထိုးချိုးပစ်လိုက် မိသည်ကို ကျွန်တော့်မိတ်ဆွေကြီးတစ်ယောက်က မြင်၍ ခံနိုင်ရည် သတ္တိနည်းပါးမှုဖြစ်ကြောင်း သတိပေးဝေဖန်ခဲ့ဖူးသည်။ သူ၏ အဆုံးအမသည် ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ကြည့်မိစေသော 'လှန့်လုံး'ကလေးတစ်ခု ဖြစ်သွားခဲ့ပါသည်။ သူက ဆက်လက်ပြောပြသည်တို့ကို ပြောလိုက်ရပါဦးမည်။ သက်မဲ့ပစ္စည်းများနှင့် ဘက်ပြီး ရန်မဖြစ်မိအောင်သတိထားရမည်၊ ထိုနောက် တိရစ္ဆာန်များနှင့် ဘက်ပြီးရန်မဖြစ်မိအောင်သတိထားရမည်၊ ထိုနောက် ကလေးငယ်များနှင့် ဘက်ပြီး ရန်မဖြစ်မိအောင် သတိထားရမည်၊ ထိုနောက်ဆက်ဆံရေးတွင် အလွယ်တကူ စိတ်မဆိုးမိအောင် သတိထားရမည် စသည်အားဖြင့် ဖြစ်ပါသည်။ အားလုံးကိုခြုံကြည့်လိုက်သောအခါ သည်းခံမှုများပင် ဖြစ်နေကြောင်းတွေ့ရပါသည်။ ထိုကဲ့သို့ သည်းခံမှု နည်းပါးခြင်းသည် 'စိတ်အားသတ္တိ' နည်းပါးခြင်း လက္ခဏာများပင်ဖြစ်သည်ဟု ပြောပြပါသည်။ ထိုကဲ့သို့ ဆင်ခြင်လိုက်သောအခါ သည်းခံနိုင်ခြင်းသည် စိတ်အားသတ္တိ ကြီးမားခြင်း လက္ခဏာပင်

တကားဟုတွေးမိလာပါသည်။ အထက်တွင်ဖော်ပြခဲ့သော ကျွန်တော်၏ အားနည်းချက်များကို ကောက်ချက် ဆွဲကြည့်လိုက်မည်ဆိုလျှင် 'ချုပ်တည်းနိုင်စွမ်း' နည်းပါးခြင်းဟုဆိုရပါတော့မည်။

ယခုထက်တိုင်လည်းကျွန်တော့်မှာချုပ်တည်းနိုင်စွမ်းခိုင်ခိုင်မာမာမရှိသေးပါ။ တစ်ခါတစ်ရံ မထင်မှတ်ဘဲ ခလုတ်တိုက်မိလိုက်လျှင် ဒေါသဖြစ်ပြီး ပါးစပ်က လှစ်ခနဲ ဆဲလိုက်မိတတ်ပါသည်။ ဤကဲ့သို့ဖြစ်ခြင်းမျိုးကို မြန်မာပညာရှိ သူတော်ကောင်းများက 'အဌာနကောပ= အရာမဟုတ်သည်၌ အမျက်ထွက်ခြင်း'ဟု ဆိုကြပါသည်။ အမှန်ပြောရလျှင် ကျွန်တော့် ကိုယ်ကျွန်တော် တစ်ခါတရံ အတော်လေးကို စိတ်ပျက်သွားတတ်မိပါသည်။ သွားရမည့်ကိစ္စကအရေးကြီး၊ ချိန်းထားချိန်ကနီး၊ စီးရမည့်ဘတ်စ်ကားက မလာနိုင်။ ထိုအခါမျိုးတွင်စိတ်ထဲက (ဘာရယ်မဟုတ်) ဘတ်စ်ကားတွေကို တရစပ်ဆဲနေမိတတ်သည်။ ကိုယ့်ကိုကိုယ်ပြန်သတိထားလိုက်တော့မှ အဆဲရပ်သွားတော့သည်။ စင်စစ်ထိုသို့သော အမျက်ထွက်ခြင်းမျိုးသည် စိတ်အားသတ္တိနည်းပါးကြောင်းကိုပြနေသည်သာမက စိတ်ရောဂါ၊ နှလုံးရောဂါများတောင် အမြစ်တွယ်လာနိုင်လေသလားဟု ကျွန်တော် အောက်မေ့မိသည်။

လူငယ်တွေကို ကျွန်တော်မေးလိုက်ချင်သည်က

'ဘောလ်ပင် မင်ကောင်းကောင်း မလိုက်လို့ ဒေါသဖြင့်စက္ကူ စုတ်ပြဿွားအောင်ဘယ်နှစ်ခါလောက်ခြစ်ပစ်လိုက်ဖူးသလဲ' '"အရေးထဲမှ ဒီ. . . မိုးကရွာလာပြန်ပြီ"လို့ မိုးကိုဘယ်နှစ်ခါ လောက်ဆဲဖူးသလဲ'။ အတိုချုပ်ပြောလိုက်ရလျှင်တော့ 'အဌာန ကောပ'တွေ ခဏခဏဖြစ်လေ့ရှိသလား။ ခဏခဏဖြစ်လျှင် တော့ 'သတိသာထားပေရော့'ဟု ပြောလိုက်ပါသည်။ 'သတိသာ ထားပေရော့' ဟုပြောလိုက်ရခြင်းက 'မောင်ရင်- ဒုက္ခရောက် တော့မည်' ဟု သတိပေးလိုက်ခြင်းမဟုတ်။ 'သတိ'သာလျှင် ထိုအဌာနကောပ ကိုခြေဖျောက်နိုင်သော ကြောင့် ပြောလိုက်ရ ခြင်းဖြစ်ပါသည်။

ရေးနေရင်း ဆရာကြီးရှေ့ဒေါင်းရေးဖူးသော သော တာပန်တို့၏ စိတ်သဘာဝကိုသတိရမိပြန်သည်။ သောတာ ပန်အဆင့်သည် ကလျာဏပုထုဇဉ် သာသာမျှသာ ဖြစ်လေ သောကြောင့် လောကခံတရားကို တွေ့လိုက်ကြုံလိုက်ရလျှင် ရဟန္တာများကဲ့သို့မဟုတ် သာမန်ပုထုဇဉ်ကဲ့သို့ပင် တုန်လှုပ်ကြ စမြဲဖြစ်သည်။ သို့သော်လည်း ပြန်လည်သတိကပ် လိုက်သည် နှင့်တစ်ပြိုင်နက် ဆည်တုံ့နိုင်ကြသည်။ ဆရာကြီးက ဥပမာပေး ကောင်းလွန်းသောကြောင့် ပို၍မှတ်မိနေခြင်း ဖြစ်သည်။ ဆရာ ကြီးကရာမ၊ လက္ခဏာ၊ သီတာဒေဝီတို့၏အကနှင့် ဥပမာပေး ထားသည်။ သာမန်အားဖြင့် ရာမ၊ လက္ခဏာ၊ သီတာဒေဝီတို့

သုံးဦးသည် ကိုယ့်ကြိုးနှင့်ကိုယ် ကနေကြသည်ပင်ဖြစ်သည်။ သို့သော် ရာမမင်းသားက နောက်ဘက်သို့လှည့်ပြီး မျက်လုံးပေါ်တွင်လက်ကလေးမိုးကာကြည့်လိုက်တိုင်း လက္ခဏာနှင့် သီတာဒေဝီတို့က လက်အုပ်ကလေးချီပြီးကကြသည်။ သောတာပန်သည်လည်း လောကခံတရားကိုတွေ့လိုက်လျှင် တုန်လှုပ်ကြသည်။ သို့သော် သတိကပ်လိုက်သည်နှင့် တုန်လှုပ်သောစိတ်သည် ငြိမ်ကျသွားလေတော့သည်။

ဤနေရာတွင် လောကခံတရားဟု ဆိုလိုက်သောကြောင့် ဆင်းရဲဒုက္ခ ကြုံရခြင်းမျှလောက်ကိုသာ ကွက်ပြီးတွေးမနေသင့်ပါ။ ထီဆုကြေးတစ်ခုပေါက်လိုက်သောကြောင့်၊ ရာထူးတိုးသောကြောင့်၊ လူအများက ချီးကျူးသြဘာပေးလိုက်သောကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းသည်လည်း လောကခံကြောင့် တုန်လှုပ်ခြင်းပင်ဖြစ်ကြောင်း သတိမူရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ စိတ်မြောက်မသွားအောင် ထိန်းသိမ်းလိုက်နိုင်ခြင်းသည်လည်း သည်းခံနိုင်စိတ်ပင်ဖြစ်သည်ဟု ဆိုသင့်သည်။

နားရင်တစ်ထိုင် သွားရင်တစ်တိုင်

* * *

ငယ်စွဲဖြစ်သော စာကလေးပေကလေးများသည် ပျောက်သလိုလို မေ့သလိုလိုဖြစ်နေရာမှ ဘာအကြောင်းမျှ တိုက်ဆိုင်လိုက်သည်ဟု မထင်ရဘဲ အမှတ်မထင်ပေါ်လာ တတ်သည်ကို လူတိုင်းလိုလိုကြုံကြရဖူးမည်ဟုထင်ပါသည်။ စာလေးပေလေးမှမဟုတ် ငယ်ငယ်ကကြားခဲ့ ဆိုခဲ့ရဖူးသော သီချင်းအတိုအစကလေးတွေလည်း ထိုကဲ့သို့ပင်ပေါ်လာ တတ်ပါသေးသည်။ သီချင်းစာသားကို သေသေချာချာ မမှတ်မိ

တော့ဘဲ တေးသွားလေးချည်းပင်ဖြစ်စေတော့ ခေါင်းထဲတွင် မြည်နေတတ်ပါသည်။ ဘာကြောင့်မျှား ဒီတေးသွားလေး ခေါင်းထဲရောက်လာပါလိမ့်ဟု ပြန်တွေးလိုက်လိုက်လျှင်လည်း ခြေရာခံလို့ကိုမရနိုင်တော့။

ဒီနေ့နံနက်စောစောတွင် ကျွန်တော် အင်္ဂလိပ်စာ ဖတ်တတ်စက ကူးယူမှတ်သားလိုက်မိသည့် ကဗျာလေးတစ်ပိုဒ် က ခေါင်းထဲရောက်လာနေပြန်သည်။ ဘယ်စာအုပ်ထဲက ကူးလိုက်မိခဲ့သည်ကိုလည်း မမှတ်မိတော့။ ဘယ်သူရေးခဲ့သည် ဆိုတာကိုလည်း မမှတ်မိတော့ပြီ။ သို့သော် ကဗျာလေးကိုတော့ မှတ်မိနေသည်။ အသံကာရန်ကလေးက ကောင်းလို့ မှတ်မိနေ တာပဲဖြစ် မည်။ ကဗျာလေးက-

One step and then another, and the longest walk is ended.

One stitch and then another, and the largest rent is mended.

One brick upon another, and the highest wall is made.

One flake upon another, and the deepest snow is laid.

ဆိုလိုရင်းကို မြန်မာလို ခပ်ကြမ်းကြမ်းပြန်လိုက်ရ လျှင်တော့-

တစ်လှမ်းပြီးတော့ တစ်လှမ်းလျှောက်၊ အဝေးဆုံးခရီး ကိုရောက်။

အပ်တစ်ချက်ပြီးတစ်ချက်သီ၊ ဧရာအစုတ်ကြီး ဖာထေးပြီးပြီ။

အုတ်တစ်ချပ်ပေါ် တစ်ချပ်ဆင့်၊ မိုးထိတ်တိုင်းမြင့်။

နှင်းတစ်ပွင့်ပေါ် တစ်ပွင့်ကျ၊ နှင်းထုဧရာကြီးလေစွ။

ကျွန်တော်တို့ မြန်မာလူမျိုးတို့တွင် စဉ်ဆက်ကျများ၊ ပြည့်သောလားသို့ စသည်စသည်ဖြင့် ထိုသို့သော အဆိုအမိန့်ကလေးများကို တွေ့ရတတ်လေ့ရှိပါသည်။ ကျွန်တော်ထင်ပါသည်။ လူမျိုးတိုင်းတွင် ထိုကဲ့သို့ပင်ဇဲလုံ့လကို ဖော်ပြနေသည့် စကားပုံကလေးတွေ၊ ဆိုရိုးစကားလေးတွေ ရှိကြမည်ပင် ဖြစ်ပါသည်။ စကားပုံ၊ ဆိုရိုးစကားများသာမက တစ်နေ့လျှင် တံပူတစ်ထောက်စာမျှစာကို မှန်မှန်ကျက်မှတ်သွားခြင်းဖြင့် ကျွန်တော်တို့ မြန်မာစာပေသမိုင်းတွင် ထင်ရှားသော ဆရာတော်ဦးကျည်ပွေ့တို့လို သာဓကဖြစ်ရပ်တွေ ပုံပြင်တွေလည်း ရှိနေကြမည်သာဖြစ်ပါသည်။

ဒီနေ့မနက်ပိုင်းကပင် ဆရာကြီး ဒေါက်တာကျော်စိန်ရေးသော 'လူငယ်လမ်းညွှန်' စာအုပ်ကလေးတွင်ဖတ်လိုက်မိပါသေးသည်။ မည်မျှပင်ဝေးသောခရီးပင်ဖြစ်ပါစေ၊ ပထမဆုံးခြေတစ်လှမ်းက စရသည်သာဖြစ်သည်။ ဆရာပြောထားသည်က

ထိုပထမခြေလှမ်းက ရည်မှန်းချက် မှန်ကန်ဖို့သာ လိုသည်ဟု ဆိုပါသည်။ 'တစ်နေ့တစ်လ ပုဂံဘယ်ပြေးမလဲ' ဟူသောစကား ရှိသည်။ သို့သော် ပထမဆုံးခြေလှမ်းက ဦးတည်ချက်မမှန်လျှင် ပုဂံကိုမရောက်ဘဲ ပဲခူးကိုရောက်ချင် ရောက်သွားပေလိမ့်မည် ဟု ဆက်ပြီးရေးထားသောကြောင့် 'ဟုတ်ပေသားပဲ' ဟုတွေး လိုက်မိကာ စာဖတ်နေရင်းပြုံးလိုက် မိပါသေးသည်။

"စာရေးကလေးတစ်ယောက်ပင် ဖြစ်နေသော်လည်း တိုင်းမင်းကြီးဖြစ်ရမည် ဟူသောပန်းတိုင်ရှိရမည်။ လက်ထောက် ဆရာလေးဘဝပင် ဖြစ်နေသော်လည်း ကျောင်းအုပ်ကြီး တစ် ယောက်ဖြစ်လာရန် ရည်မှန်းချက်ထားပြီး ခြေလှမ်းရမည်"ဟု ဆရာကဆိုထားပါသည်။

ထိုစကားကိုကြားလိုက်ရသောအခါ ကျဆုံးသွားလေ ပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများထဲက ဆရာကြီး ဦးဘဝင်းကို သတိရမိသွားပြန်ပါသည်။ ဒီအကြောင်းကို ကျွန် တော့်အား သူ၏ညီ ဦးအောင်သန်းကပြောပြခဲ့ခြင်းဖြစ်ပါသည်။

ဆရာကြီးဦးဘဝင်းက မွေးချင်းထဲတွင် အကြီးဆုံး ဖြစ် သည်။ မြန်မာစာကျောင်းတွင်နေခဲ့ရလျက် အသက်(၁၆) နှစ်တွင် ကိုးတန်းအောင်သောအခါ ဆရာဖြစ်သင်တန်းတက် သည်။ ထိုခေတ်ကတော့ (၉) တန်းစက္ကင်ဒရီဆရာဖြစ်ဟု ခေါ် ကြသည်။ ထိုကဲ့သို့ရေနံချောင်းမြို့တွင် လက်ထောက်ဆရာ

လေးလုပ်နေရင်းက အင်္ဂလိပ်စာကိုသင်ယူရခြင်းဖြစ်သည်။

ပထမဆုံးအင်္ဂလိပ်စာကိုသင်ပေးသူက 'ဆပ်အင် စပိတ်တော်'ဟုထိုခေတ်ကခေါ်ကြသော ဒုရဲအုပ်တစ်ယောက် ဖြစ်သည်။ ဆရာကြီးဦးဘဝင်းတို့၏ ဆွေနီးမျိုးစပ် ဦးလေး လည်းတော်သည်။ ဆရာကြီးက ထိုအခါတွင်မှ အင်္ဂလိပ်စာကို စပြီးသင်ရခြင်းဖြစ်သည်။ ဒီတော့ ဆရာကြီးအသက်က ၁၈ နှစ်လောက်ရှိပြီ။ တစ်ခုသောနံနက်ခင်း အင်္ဂလိပ်စာသင်နေစဉ် သူ့ဦးလေး၏ မိတ်ဆွေတစ်ယောက်ဖြစ်သော ဆပ်အင်စပိတ် တော်တစ်ယောက်က အလည်လာရင်း တွေ့လိုက်တော့ 'မင်းက လဲကွာ ခွေးအိုကြီးလက်ပေးသင်နေလို' ဟုဆရာကြီးကို လှမ်း ပြောလိုက်သည်။ ဆရာကြီးကတော့ ပင်ကိုအားဖြင့်ပင် ခပ်ဧ ဖြစ်သည်သာမက သည်းခံစိတ်လည်းကြီးသောကြောင့် ဘာမှပြန်မပြောလိုက်တော့ပေ။ သို့သော် ဦးလေးဖြစ်သူက တော့ စိတ်နည်းနည်း မျက်သွားခဲ့ပုံရသည်ဟု ဦးအောင်သန်းက ပြောပြပါသည်။

သည်လိုနှင့် ဆရာကြီးက အသက် ၂၀တွင် အင်္ဂလိပ် လို (၁၀)တန်းကို ဂုဏ်ထူးနှင့်အောင်မြင်သည်။ ဆယ်တန်း အောင်သောအခါတွင်တော့ အလုပ်ကထွက်ပြီးလျှင် မိဘအ ထောက်အပံ့ကိုယူလျက် မန္တလေးဥပစာကောလိပ် သို့သွား၍ ပညာဆက်သင်သည်။ ဥပစာတန်းအောင်ပြီးသောအခါ အစိုးရ

ပညာတော်သင်ထောက်ပံ့ကြေး (စကောလားရှစ်) ဖြင့် ဘီအက်စီ သခ္ခာဂုဏ်ထူးတန်းကို ရန်ကုန်တက္ကသိုလ်တွင် ဆက်တက်ပြန်သည်။ အသက် (၂၅-၂၆) လောက်တွင် ဘွဲ့ရသည်။ ဘွဲ့ရပြီးသောအခါ ရေနံချောင်းသို့ပြန်လာသည်။ အမျိုးသားကျောင်းတွင် ကျောင်းဆရာဝင်မလုပ်မီ အထက်တွင် ပြောခဲ့သော ဦးလေးအိမ်သို့ရောက်သွားသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် 'ခွေးအိုကြီးလက်ပေးသင်'ဟု ပြောခဲ့သည့် ဆပ်အင်စပိတ်တော်ကလည်း ရောက်လာသည်။ ဒီအချိန်တွင် ဦးဘဝင်းက ထိုခေတ်ကနာမည်ကြီး 'ရန်ကုန်ဂေဇက်' အင်္ဂလိပ်သတင်းစာကို ဖတ်နေခိုက်ဖြစ်သည်။

ဦးလေးဖြစ်သူက ဧည့်သည် အင်စပိတ်တော်ကို လှမ်းပြီး-

"ခင်ဗျားမှတ်မိသေးလား၊ ခွေးအိုကြီး လက်ပေးသင်တယ်ဆိုတဲ့ ကောင်လေ"

ထိုအင်စပိတ်တော်က ဦးဘဝင်းကို လှမ်းကြည့်လိုက်ပြီး ဘာမျှ မထူးခြားလှသော အသွင်ဖြင့် -

"အော်-ဟုတ်လား၊ မင်းလည်း အင်္ဂလိပ်သတင်းစာတွေ ဘာတွေ ဖတ်နိုင်နေပြီ ထင်တယ်"

ဆရာကြီးဦးဘဝင်းကတော့ ဘာမျှမပြော ပြုံးရုံသာ ပြုံးနေသည်။ ဦးလေးဖြစ်သူက ဆက်၍ -

"အင်္ဂလိပ်သတင်းစာ ဖတ်နိုင်တာကို ပြောနေတာ မဟုတ်ဘူး။ ဘီအက်စီ မက်စ်အော်နာ့စ် အောင်ပြီးသွားပြီ"

"ဟေ. . . ဟုတ်လား"

ထိုအင်စပိတ်တော်က ဦးဘဝင်းကို အံ့အားသင့်စွာ ကြည့်နေသည်။ ဦးလေးကဆက်ပြန်သည်။

"ခင်ဗျားတို့ကျွေးတို့က ခုလည်း အင်စပိတ်တော်ပဲ မဟုတ်လား"

ဆရာကြီးဦးဘဝင်းက ရေနံချောင်းမြို့ အမျိုးသား ကျောင်းတွင် အထက်တန်းပြဆရာလုပ်လိုက်သေးသည်။ စစ်ကြီးဖြစ်လာခါနီး (၁၉၄၁)ခုနှစ် ရောက်တော့ ဖြူးမြို့ ကေ-အီး-အမ် အထက်တန်းကျောင်းတွင် ကျောင်းအုပ်ကြီးအဖြစ် သွား ရောက်အမှုထမ်းသည်။ လက်ထောက်ဆရာလေးပင် ဖြစ်လင့်ကစား ကျောင်းအုပ်ဆရာကြီး အဖြစ်ကိုရည်မှန်းပြီး ခြေလှမ်းရမည်ဆိုသော ဆရာဒေါက်တာကျော်စိန် ပြောပြသည့် စကားကြောင့် ကျွန်တော်ဆရာကြီးဦးဘဝင်းကိုသတိရမိ လိုက်ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့မြန်မာစကားတွင် "နားရင်တစ်ထိုင်၊ သွားရင်တစ်တိုင်" ဟူသောစကားရှိပါသည်။ နားနေပြန်တော့ လည်း ခဏတာ တစ်ထိုင်စာလောက်သာရှိသည်။ သွားလိုက် ပြန်တော့ ခရီးတစ်တိုင်စာ(နှစ်မိုင်လောက်)ခရီးပေါက် သွားနိုင်

သည်ဟု ဆိုလိုသည်။ ဆပ်အင်စပိတ်တော်များ နားနေချိန်တွင် ဆရာကြီးဦးဘဝင်းက သွားနေခဲ့သည်ဟု ဆိုရပါတော့မည်။

✣ ✣ ✣

စာပေထဲက စကြဝဠာ

* * *

စာပေသမားလူကြီးများအဖို့ ကလေးကလား ဆန်လှ သော ဆောင်းပါးတစ်ပုဒ်ကို ရေးလိုက်ရပါဦးမည်။

ရေးမည့်အကြောင်းက 'လေးကျွန်းတစ်မြင်းမိုရ်' အကြောင်းဖြစ်သည်။ စာမဟုတ်သည်ကို စာလုပ်ပြီးရေးသည် ဟု ကျွန်တော့်ကို မေးဇော်ချင်စိတ် ပေါက်ကောင်းပေါက်ကြ ပါလိမ့်မည်။ သို့သော် အကြောင်းကိုသိလာလျှင်တော့ ခွင့်လွှတ် ကြတန်ကောင်း၏ဟုလည်း မျှော်လင့်မိပါသည်။

ဇွန်မွန့်စာအုပ်တိုက်

နက္ခတ္တာသိပ္ပံစသော သိပ္ပံပညာအရပ်ရပ်ကြောင့်လည်း ကောင်း၊ အာကာသယာဉ်များကြောင့် လည်းကောင်း၊ ယခု ခေတ်အခါတွင် စကြဝဠာကို မှန်းဆတွေးတောပုံမှာ ရှေးခေတ် နှင့် လုံးဝမဆိုင်တော့သလောက် ဖြစ်သွားပါလေပြီ။ ကျွန်တော် တို့ မြန်မာလူမျိုးတို့သာမက အခြားအခြားသော လူမျိုးများတွင် လည်း ရှေးခေတ်စကြဝဠာ ရှိခဲ့ကြသည်ပင် ဖြစ်ပါသည်။ သို့သော် ယခုရေးမည့်ဆောင်းပါးတွင် အကျုံးမဝင်သောကြောင့် ပြောမနေတော့ပါ။

မြန်မာ့စွယ်စုံကျမ်း၌ ဖော်ပြထားသည်ကိုလည်း တင်ပြလိုက်ရပါဦးမည်။

"စကြဝဠာနှင့် စပ်လျဉ်း၍ မြန်မာတို့၏ ရှေးအယူ အဆများကိုလည်း ဖော်ပြရပေမည်။ ထိုအယူအဆများမှာ ရှေးဟိန္ဒူကျမ်းများမှ အဆင့်ဆင့် ဆင်းသက်လာသော အယူ အဆများဖြစ်သည်။ သို့သော် ထိုအယူအဆများသည် ဗုဒ္ဓအယူဝါဒဆိုင်ရာ ကျမ်းဂန်များနှင့် ဆက်စပ်အကျုံးဝင် လျက်ရှိသည်ဟု ယူဆကြ၏။ မြန်မာစာပေ အစဉ်အလာ တစ် လျှောက်တွင်လည်း အောက်၌ဖော်ပြအံ့သော အယူအဆများကို လက်ခံကိုးကားမှီငြမ်းပြု၍ ပျို့၊ ကဗျာ၊ လင်္ကာ၊ ရတု စသည်တို့ ကို ရေးသားခဲ့ကြ၏။ မြန်မာတို့ရေးခဲ့သည့် ရာဇဝင်တော်ကြီး များ၌လည်း ကမ္ဘာတည်ဟန်နှင့် ကမ္ဘာဦးလူတို့အကြောင်းချီ၍

ရေးသားဖော်ပြလေ့ရှိရာ စကြဝဠာတည်ပုံ၊ ပျက်ပုံစသည်တို့ကို ထည့်သွင်းဖော်ပြကြ၏။ စကြဝဠာနှင့်စပ်လျဉ်း၍ စစ်ကဲတော်ကြီး ဦးရွှေနော်ပြုစုခဲ့သော အာဒိကပ္ပကမ္ဘာဦးကျမ်းသည် အကိုးကားခံရဆုံး၊ အပြည့်စုံဆုံး ကျမ်းဖြစ်ပေသည်။

စကြဝဠာဟူသည် သြကာသလောကတွင် အပါအဝင်ဖြစ်သော ရေမြေတောတောင် အနေအထားအဖွဲ့အစည်းကို ပိုင်းခြား၍ ယေဘုယျခေါ်ဝေါ်သော ဝေါဟာရဖြစ်သည်။ မြင်းမိုရ်တောင်ကို ဗဟိုပြု၍ ဝန်းရံလျက်ရှိသော ကျွန်းကြီးလေးကျွန်းနှင့် အရံကျွန်းငယ်နှစ်ထောင်ကို နေတစ်စင်း လတစ်စင်းက အလှည့်ကျ အလင်းရောင်ပေးလျက်ရှိ၏။ ထိုသို့ နေတစ်စင်း လတစ်စင်းနှင့် အတူတကွ လေးကျွန်းတစ်မြင်းမိုရ် အစုအဝေးကို စကြဝဠာဟုခေါ်သည်။ စကြဝဠာများသည် မရေတွက်နိုင်လောက်အောင် မြောက်မြားစွာတည်ရှိ၏ ကမ္ဘာတည်ပြီးနောက် ဗြဟ္မာတို့သည် ဗြဟ္မာ့ပြည်မှ စုတေ၍ လူ့ပြည်၌ ဥပပတ်ကိုယ်ထင် ဖြစ်လာ၏။ ထိုနောက် သူတို့၏ ဘုန်းကံမမှတာကြောင့် နေ လ ပေါ်လာ၏။ ဤသို့ပေါ်သောနေ့၌ပင် လျှင် မြင်းမိုရ်၊ သတ္တရဘန်၊ သီတာ၊ သမုဒ္ဒရာ လေးစင်း၊ ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ်နှစ်ထောင်၊ ဟိမဝန္တာတော၊ မြစ်ကြီး၊ အိုင်ကြီးနှင့် စကြဝဠာတောင် သည်ပေါ်လာ၏"

ဤသည်မှာ မြန်မာစွယ်စုံကျမ်းတွင် ဖော်ပြချက်ဖြစ်

ပါသည်။ ကျွန်တော်တို့ငယ်စဉ်ကတော့ မြင်းမိုရ်တောင်နှင့် သူ့ကိုရံလျက်ရှိသော သတ္တရာဘန်ခေါ် တောင်စဉ်ခုနစ်ထပ်ကို ဘုရားပုံတော်၏ နောက်ခံကားအဖြစ်ရေးထားသည့် ပန်းချီကားကို တွေ့ရဖန်များသောကြောင့် နားမစိမ်းခဲ့ပါ။ ယနေ့ခေတ်ကျောင်းသား လူငယ်များကတော့ မြင်းမိုရ်တောင်နှင့် ကျွန်းကြီးလေးကျွန်းဆိုတာလောက်ကိုသာ ကြားဖူးကြပါတော့သည်။ သီတာခုနစ်တန်ဆိုတာကိုပင် မကြားဖူးကြတော့ပါ။ ထို့ကြောင့် ဦးပုည၏'ရေသည်ပြဇာတ်'ထဲက 'မြင်းမိုရ်မြောက်ယံ၊ တန်ခိုးထန်သည့်၊ ကုမဒ္ဒန်များ့ထီး၊ ဝေဿဝဏ်နတ်၊ ပုံနှိုင်းစပ်တဲ့၊ အမတ်ကြီးတို့' ဟူသော 'အာလုပ်စကား' မျိုးကိုတွေ့လိုက်လျှင် ဆရာဖြစ်သူက အတော်လေးကို ရှင်းပြလိုက်ရတတ်ပါသည်။ (ပြောလိုက်ရဦးမည်။ ဦးပုညက ကုမ္ဘာန်များ၏ ဒေသကို 'မြင်းမိုရ်မြောက်ယံ'ဟုရေးထားသော်လည်း ဆရာကြီး ဒဂုန်ဦးထွန်းမြင့်က 'ပါဠိသက် ဝေါဟာရအဘိဓာန်' တွင် မြင်းမိုရ်တောင်၏ တောင်မျက်နှာတွင် နေကြသည်ဟုဆိုထားပြန်ပါလေသည်။)

ဒီကြားထဲတွင် "ဆရာ-မြင်းမိုရ်တောင်ဆိုတာ တကယ်ရှိတာလား၊ ရှိရင် အာကာသယာဉ်တွေ ဒီလောက်သွားနေကြတာ မြင်းမိုရ်တောင်ကိုတွေ့ခဲ့ကြရမှာပေါ့"ဟု မေးတတ်သည့် ငနဲက ပေါ်လာတတ်သေးသည်။

"ဟေ့ကောင်- ငါက မြန်မာစာသင်နေတာ။ မင်းတို့

ကို (astronomy) အာကာသသျှတ္တရ သင်နေတာ မဟုတ်ဘူး။ ရှေးကရေးခဲ့တဲ့ စာတွေကို သေချာနားလည်ချင်ရင် သူတို့နားလည်တဲ့ 'ရှေးခေတ်ပထဝီ'ကို နားလည် အောင်လုပ်ရမှာပဲ၊ လျှာမရှည်နဲ့." ဟု ဟောက်လိုက်မှ ရယ်မောပြီး ငြိမ်သွားတတ်ပါသည်။

မြင်းမိုရ်တောင်၏ ဆင်းသွင်သဏ္ဌာန်နှင့် အာလိန်ငါးဆင့်နှင့်ပတ်သက်၍ ဆရာတော် အရှင်ဩဘာသာဘိဝံသ စီရင်တော်မူခဲ့သည် 'သုတေသန သရုပ်ပြအဘိဓာန်'က ဖွင့်ဆိုချက်ကို တင်ပြလိုက်ရပါဦးမည်။

မရိုးစည်လုံးသဏ္ဌာန်ကဲ့သို့ အလယ်ပူ အထက်ရှူးနေသော မြင်းမိုရ်တောင်ကြီး၌ အပြင်ဆင်ဝင် တောင်ခါးပန်းစွန်းငါးဆင့် ရှိကုန်၏။ ၎င်းကိုပင် အာလိန်ငါးဆင့် ခေါ်ဆိုသည်မှတ်။ ထိုအာလိန်ငါးဆင့်တို့သည် တစ်ဆင့်တစ်ဆင့်၌ အထု၏ ၎င်း၊ အပြင်၏၎င်း အတိုင်းအရှည်ပမာဏအားဖြင့် ယူဇနာငါးထောင်စီအသီးသီးရှိကုန်၏။ မြင်းမိုရ်တောင်၏ ရေပေါ်ရှစ်သောင်းလေးထောင် ယူဇနာတွင် အောက်ထက်ဝက်ဖြစ်သော ယူဇနာလေးသောင်းနှစ်ထောင်ကို ငါးစုပြုသော် အောက်ဆုံးအစုသည် ပထမအာလိန်မည်၏။ ထိုပထမအာလိန်သည် ရေအထက်ပေါ်နေသည်ကား ထက်ဝက်၊ ရေအောက်နစ်နေသည်ကား ထက်ဝက်ဖြစ်၏။ ထိုပထမ အာလိန်၌ နဂါးမင်းတို့နေ၏။

ထိုအထက် ဒုတိယအာလိန်ကား လက်ပံတောကြီးအတိုဖြစ်၍ ဂဠုန်မင်းတို့ နေကြကုန်၏။ ထိုအထက် တတိယအာလိန်ကား ကုမ္ဘန်တို့နေရာဖြစ်၏။ ထိုအထက် စတုတ္ထအာလိန်ကား ဘီလူးရက္ခိုဿ်တို့၏နေရာဖြစ်၏။ ထိုအထက် ပဉ္စမ အာလိန်ကား မြင်းမိုရ်တောင်၏ခါး၊ ယုဂန္ဓိုရ်တောင်၏ထိပ်နှင့်ညီမျှ၍ "ဒတရဋ္ဌ၊ ဝိရူဠ္ဃ၊ ဝိရူပက္ခ၊ ကုဝေရ"အမည်ရသော နတ်မင်းကြီးလေးပါးတို့နေရာ စတုမဟာရာဇ် နတ်ပြည်ပင်ဖြစ်၏။

မြင်းမိုရ်တောင်ကို တောင်စဉ်ခုနစ်ထပ်က ဝန်းပတ်လျက်တည်သည်။ ထိုတောင်စဉ်ခုနစ်ထပ်တို့၏ တောင်ကြားအသီးသီးတွင် သီတာရေလျှဉ်ရှိသည်။ ၎င်းတို့ကိုပင် သီတာခုနစ်တန်ဟု ခေါ်ခြင်းဖြစ်သည်။ 'သီတာခုနစ်တန် တောင်စဉ်ခုနစ်ထပ်ခြားပါစေ၊ တွေ့အောင်ရှာမယ်' စသောစကားများ၊ ပုဏ္ဏကဘီလူးက ဝိဓူရအမတ်ကြီးအား မြင်မြီးတွင်နှောင်ဖွဲ့၍ တောင်စဉ်ခုနစ်ထပ်ကို စိုင်းသည်ဆိုသော စကားများမှာ ဤတောင်များကိုဆိုခြင်းပင်ဖြစ်သည်။

ထိုတောင်စဉ်ခုနစ်ထပ်မှလွန်သော် မဟာသမုဒ္ဒရာရေအပြင်သို့ရောက်၏။ ထိုမဟာသမုဒ္ဒရာသည် မြင်းမိုရ်တောင်နှင့် တောင်စဉ်ခုနစ်ထပ်ကို ဝန်းပတ်လျက်တည်နေသည်။ မြင်းမိုရ်တောင်၏ အရပ်လေးမျက်နှာတွင် ကျွန်းကြီး လေးကျွန်းတည်ရှိသည်။ ကျွန်းကြီးတစ်ကျွန်းလျှင် အရံကျွန်းငယ် ငါးရာစီရှိ

သည်။ ကျွန်းဦးထိပ်တွင် သစ်ပင်ကြီးတစ်ပင်စီ ပေါက်နေသည်။ မြောက်ကျွန်းတွင် ပဒေသာပင်၊ အရှေ့ကျွန်းတွင် ကုက္ကိုပင်၊ တောင်ကျွန်းတွင် သပြေပင်၊ အနောက်ကျွန်းတွင် ထိန်ပင်တို့ ဖြစ်ကြသည်။ အမှတ်ရလွယ်အောင် 'တောင်မှာသပြေ၊ မြောက်မှာပဒေ၊ အရှေ့ကုက္ကို၊ အနောက် ထိန်ညို'ဟုရေးစပ်ထားသည်။ ဤသစ်ပင်ကြီး လေးပင်မှာ ယူဇနာ တစ်ရာစီမြင့်သည်။ ယူဇနာ ငါးဆယ်တွင် ခက်မကြီး မျှားစထွက်သည်။

မြောက်ကျွန်းတွင်နေသော သူတို့သည် တစ်စုံတရာ အလုပ်လုပ်နေစရာမလို၊ သူတို့အတွက် လိုအပ်သော အဝတ်အစား အသုံးအဆောင်ဟူသမျှကို ပဒေသာပင်တွင် သွားရောက်ခူးဆွတ်ပြီး စားသောက်သုံးဆောင်နိုင်ကြသည်။ ဤသည်ကိုရည်ရွယ်၍ အလှူကထိန်များတွင် ရဟန်းတော်တို့ လိုအပ်သမျှ ပရိက္ခရာရှစ်ပါးကို ပဒေသာပင်သဖွယ် ဝါးကိုင်းများပြုလုပ်ကာ သင်္ကန်း၊ သပိတ်စသည်တို့ကို ချိတ်ဆွဲပြီး အလှူလှည့်ကြခြင်းဖြစ်သည်။ နောက်ပိုင်းတွင်ကား ဝါးကိုင်းများက မကြာခဏ ကျိုးကျပြီး ပုံပျက်ပန်းပျက်ဖြစ်လာတတ်သောကြောင့် သစ်ပင်အသွင်မလုပ်ကြတော့ဘဲ ချပ်ပြားလိုက်တွင် လှူဖွယ်ဝတ္ထုတွေကို ကပ်ပြီး ချည်ထားလိုက်ကြတော့သည်။

တောင်ကျွန်းထိပ်တွင် သပြေပင်ပေါက်သည်။ သပြေကို ပါဠိဘာသာအားဖြင့် 'ဇမ္ဗု' ဟုခေါ်သည်။ မြန်မာတို့က

'ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း'ဟု ပြောတတ်ရေးတတ်ကြသည်။ လက်ျာဆိုသည်က နေထွက်ရာအရပ်ကိုမျက်နှာမူပြီး တောင်အရပ်ကို ဆိုလိုခြင်းဖြစ်သည်။ 'သြဘာနိမိတ်ထွန်းတဲ့ လက်ျာတောင်ကျွန်း' ဟုလည်း ဆိုတတ်ကြသည်။ ဘုရားပွင့်တော်မူမည့် နိမိတ်၊ ကမ္ဘာကြီးပျက်စီးတော့မည့် နိမိတ်စသည်တို့မှာ တောင်ကျွန်းတွင်သာ ထင်သည်ဟု ဆိုကြသည်။

(စကားစပ်လာသောကြောင့် ဖြတ်ပြီး စကားချပ်သွင်းလိုက်ရဦးမည်။) 'ဆင်းရဲသားဝါဒ' ဟူသောသီချင်းတစ်ပုဒ် ထွက်လာလိုက်ဖူးသည်။ သဘောသွားကလေးကိုသိရအောင် ကျွန်တော်မှတ်မိနေသေးသလောက် သီချင်းစာသားကလေး နည်းနည်းရေးပြလိုက်ပါဦးမည်။ "မြို့ကြီးပြကြီးဝယ်၊ တိုက်ကြီးတွေလဲတယ်(တည်)၊ ရတနာရွှေငွေ လိုချင်မက်မော ထုံးစံမရှိခဲ့တယ်၊ ကုသိုလ်ပေးသမျှရယ်၊ အေးကြတယ်၊ တဲအိမ်ကိုလဲ ဆောက်မယ် အေးချမ်းတယ်၊ တို့စရာတွေလည်းပေါတယ်၊ ငါးဖယ် ရေကိုကြိုမယ်၊ ချဉ်ပေါင်ကြော်ကိုခင်တွယ်၊ ချည်လုံချည်လည်း ဝတ်တော့ဂုဏ်မင်ယ်" စသည်အားဖြင့်ဖြစ်ပါသည်။ တေးရေးသူကိုတော့မသိပါ။ နန်းတော်ရှေ့ဆရာတင်က ထိုသီချင်းမျိုးကို ကြိုက်ဟန်မတူပါ။'ဇမ္ဗူဒီပ်နိမိတ်'ဆိုသကဲ့သို့ ဤသို့သော သီချင်းမျိုးကို မရေးသင့်ဟု ယူဆဟန်တူပါသည်။ ထို့ကြောင့် "သူဌေးဝါဒ--" သီချင်းကိုရေးလိုက်သည်ဟု ကျွန်တော်

ထင်ပါသည်။ သူဌေးဝါဒသီချင်း အစချီပုံကိုကြည့် ပါ။ "ဇမ္ဗူဒီပ နိမိတ္တတဲ့၊ ကျန်းမာရေးနဲ့ သူဌေးဝါဒကို ကျွန်တော် မပယ်။ ရတနာခုနစ်ပါးရယ်နဲ့ မော်တော်ကားလည်းရှိတယ်၊ ဆင်းရဲ တာနားမလယ်၊ မင်းပွဲမှာသွားမယ်၊ အပေါင်း သဟာယားရယ် နဲ့ ကောင်းတာကိုမှစားမယ်၊ နန်းတော်ရှေ့ကို မေးလာကြရင် သူဌေးဝါဒလို့ ကျွန်တော်ပြောပြလိုက်ပါမယ်" မူလရေးရင်း အကြောင်းမှ ဘေးချော်ထွက်သွားယောင်ရှိပါသည်။ ကျွန်တော် တို့စာပေတွင် ဤသို့သောခံယူချက်များကို မကြာခဏတွေ့ရ တတ်ပါသည်။ ထို့ကြောင့် ထည့်သွင်းလိုက်ခြင်းဖြစ်ပါသည်။

မူလအကြောင်းကိုပြန်ကောက်လိုက်ရပါဦးမည်။

မြင်းမိုရ်တောင်တွင် အရောင်လေးမျိုးရှိပါသည်။ မြောက်မျက်နှာတွင် ရွှေရောင်၊ အရှေ့မျက်နှာတွင် ငွေရောင်၊ တောင်မျက်နှာတွင် မြရောင်၊ အနောက်မျက်နှာတွင် ဖန်ရောင်။ ထို့ကြောင့် 'ရွှေငွေမြဖန်၊ လေးတန်ရောင်စို၊ တောင်မြင်းမိုရ်' စသည်ဖြင့် ရေးဖွဲ့တတ်ပါသည်။ 'လေဘာတီမမြရင်' သီဆို သော သီချင်းတစ်ပုဒ်တွင် 'သော်တာပေါ်လာ ရောင်ယှက်ဖြာ တောင်လက်ျာ ကျွန်းမြဒီပါ သာလည်းသာ' ဆိုသည်မှာလည်း ဤစကြဝဠာ ခံယူချက်ပေါ်တွင် အခြေခံပြီးရေးဖွဲ့ခြင်းဖြစ်ပါ သည်။

မြင်းမိုရ်တောင်ကို ဝန်းပတ်လျက်တည်နေသော

တောင်စဉ်ခုနစ်ထပ် အကြောင်းကို ပြန်ပြီးကောက်ရပါဦးမည်။

အတွင်းဘက်အကျဆုံးတောင်မှာ မြင်းမိုရ်တောင်၏ ထက်ဝက် အမြင့်ယူဇနာ လေးသောင်းနှစ်ထောင်ရှိလျက် တောင်စဉ်တိုင်းသည်လည်း ထက်ဝက်စီနိမ့်သွားသည်။ ထိုတောင်များ၏ အစဉ်လိုက်အမည်များမှာ (၁)ယုဂန္ဓရ (၂) ဣသိန္ဓရ (၃) ကရဝိက (၄) ဒုဒ္ဒသန (၅) နေမိန္ဓရ (၆) ဝါနတ္တက (၇) အဿကဏ် တောင်တို့ဖြစ်ကြသည်။ နေလ နက္ခတ်တာရာတို့သည် အတွင်းဘက်အကျဆုံး ယုဂန္ဓရ (ယုဂန္ဓိ၏) တောင်ထိပ်နှင့်အညီတစ်ပြေးတည်းမှ မြင်းမိုရ်တောင်ကို လက်ျာရစ်လှည့်ပတ်ကြသည်။ ထို့ကြောင့် 'ယုဂန်ထင်ရှား၊ တောင်တော်ဖျားက၊ ရထားယာဉ်သာ၊ နေစကြာလည်း၊ ရောင်ဝါမထွန်း၊ ချမ်းရှာလွန်း၍'ဟု 'မဇာတောင်ခြေ' ရတုတွင် ဆိုခဲ့ခြင်းဖြစ်သည်။

ပတ်လမ်းကြောင်းအလိုက် မြင်းမိုရ်တောင်မှ ဝေးသော နက္ခတ်တာရာတို့ကို တောင်ကျွန်းသားတို့က ကြည့်လျှင် တောင်ဘက် ကောင်းကင်တွင် တွေ့ရသည်။ အလယ်လမ်းကြောင်း ကြယ်များကို မိမိတို့ ခေါင်းပေါ်တွင်မြင်ရမည်။ အတွင်းလမ်းကြောင်းက ပတ်သောကြယ်တို့ကို မြောက်ဘက် ကောင်းကင်တွင် တွေ့ရမည်။ ဤသို့အားဖြင့် မြောက်ဘက် ကောင်းကင်တွင်တွေ့မြင်ရသော တာရာ(ကြယ်စု)တို့ကို မြင်းမိုရ်တောင်နှင့် နီးသောကြောင့် အတွင်းတာရာ၊ တောင်ဘက်

ကောင်းကင်တွင်တွေ့ရသော တာရာတို့ကို အပြင်တာရာ စသည်ဖြင့်ခေါ်ကြသည်။

နေပတ်လမ်းကြောင်းကတော့ ပုံသေမဟုတ်။ လမ်းကြောင်းသုံးသွယ်ဖြင့် ပတ်သည်။ အတွင်းလမ်းကြောင်း (အန္တောဝီထိ)၊ အလယ်လမ်းကြောင်း(မဇ္ဈေဝီထိ)၊ အပြင်လမ်းကြောင်း (ဗာဟီရဝီထိ) တို့ဖြစ်သည်။ အပြင်လမ်းကြောင်းဖြင့် ပတ်နေသောအခါ နေကို တောင်ဘက် ကောင်းကင်တွင် တွေ့ရမည်ဖြစ်သည်။ ကျွန်တော်တို့၏ ဆောင်းရာသီ။

ယခုခေတ်ပထဝီနှင့်ပြောရလျှင် တောင်ယဉ်စွန်းတန်း၊ ထိုမှ အီကွေတာ၊ ထိုမှမြောက်ယဉ်စွန်းတန်း။ တောင်ယဉ်စွန်းတန်း ဗာဟီရဝီထိသို့ တန်ဆောင်မုန်းလပြည့်ညမှ စပြီးဝင်သွားရာ ပြာသိုလပြည့်ညတွင် လမ်းစွန်သို့ရောက်သည်။ လမ်းစွန်မှ ပြန်လှည့်လာရာ တပေါင်းလပြည့်ညတွင် ဗာဟီရဝီထိ အတွင်းဘက်အစွန်သို့ ပြန်ရောက်သည်။ ထို့နောက် အလယ်လမ်းကြောင်းနယ်ဘက် (အီကွေတာဇုံ)သို့ ဝင်လာသည်။ နွေဘက်ရောက်လာပြီပေါ့။

ထို့ကြောင့် မြဝတီမင်းကြီးရေးသော ပတ်ပျိုးတွင်-

"ရဝိန်ဒေါင်းယာဉ်ပျံ လယ်နန်းကွန့်စံ" ဆိုသည်မှာ နေမင်းသည် အလယ်လမ်းကြောင်းဘက်သို့ ပြန်ရောက်လာပြီ။ နွေဦးပေါက်ပြီဟုဆိုလိုခြင်းဖြစ်ပါသည်။ ထိုကဲ့သို့သော အဖွဲ့မျိုး

တွေ မြန်မာစာပေ၊ ဂီတများတွင် မကြာခဏ တွေ့ရတတ်ပါသည်။ ယခုအခါ ဒသမတန်းတွင်ပြဌာန်းထားသော ဦးကြင်ဉ၏ 'ဌာနီပြည်ကြီးက ဝေးသနှင့်' ညည်းချင်းတွင် "သူရကန်စက်၊ ဖန်ဂယက်လည်း၊ လယ်ချက်ဗဟို၊ ယုဂန်စွန်းငယ်က၊ ထိန်ကွန်းငယ်ခိုသည်၊ ချိန်ညှိနေမင်းကလည်း၊ အေးသနှင့်"ဟူသော အဖွဲ့များကိုကြည့်လိုက်လျှင် နေမင်းသည် အလယ်လမ်း (အီကွေတာ) ဘက်ဆီသို့ပြန်လာပြီ။ တပေါင်းလ၏ နေမင်းက ထိန်ပင်ပေါက်ရာ အနောက်ကျွန်းသို့ ယွန်းပြီ။ နေဝင်ချိန်ပေါ့။

ဦးယာ၏ 'တပေါင်းငယ်မှညာကျင်' ချီ 'အဲချင်း'တွင် 'စိတ်ဖြေလို့မရနိုင်၊ ဘယ်နှယ်လူခိုင်ပါ့မယ်၊ ယုဂန်ပိုင် ရှင်သိကြားတို့၊ မာန်ထားရင်းလေ'ဟု ဖွဲ့ထားသည်။ အမှတ်တမဲ့ဆိုလျှင် ယုဂန္ဓိရ်တောင်တွင်ရှိသော သိကြားနတ်များဟု ထင်လောက်စရာ အကြောင်းရှိသည်။ ဦးယာက မြင်းမိုရ်တောင်ကို ဆိုလိုခြင်းဖြစ်သည်။ မြင်းမိုရ်တောင်သည် တောင်တကာတို့ မင်းဧကရာဇ်ဖြစ်သည်။ ထို့ကြောင့် ယုဂန္ဓိရ်တောင်၏ အရှင်သခင်လည်းဖြစ်သည်။ ယုဂန္ဓိရ်တောင်၏ အရှင်သခင် ဖြစ်သော မြင်းမိုရ်တောင်ထိပ် တာဝတိံသာရှိ မာယသိကြားနှင့် တောင်အောက်အသုရာပြည်ရှိ အသုရာ သိကြားတို့ ရန်ငြိုးဟောင်းကြောင့် မာန်တင်း စစ်ခင်းကြလေပြီ။ တစ်နည်းအားဖြင့် မြောက်အရပ်မှ မိုးချုန်းသံ သဲ့သဲ့ကိုလည်း ကြားကြရလေပြီ။

လျှပ်နွယ်လျှပ်ပန်းတို့ကိုလည်း မြင်ရလေပြီ ဟုဆိုလိုခြင်းဖြစ်သည်။

ကမ္ဘာမြေပြင်ကြီး စတင်ပေါ်ပေါက်လာသောအခါ စုတေလုနီးသော ဗြဟ္မာကြီးများမြေပြင်ပေါ်သို့ သက်ဆင်းလာကြသည်။ ထိုဗြဟ္မာကြီးများကပင် နေလနက္ခတ်တာရာတို့ကို ဖန်ဆင်းခဲ့သည်။ နွေမိုးဆောင်းစသည့် ဥတုသုံးပါး ကိုလည်း ဖြစ်စေခဲ့သည်ဟု အချို့သောကျမ်းများတွင် ဆိုသည်။ ထို့ကြောင့် ဒသမတန်းတွင် ယခုပြဋ္ဌာန်းထားသည့် ပင်ရင်းမြန်မာစကားပြေ လက်ရွေးစင်တွင်ပါသော 'အချုပ်တန်းဆရာဖေ'၏ 'ဆောင်းရတုပွဲ' တေးထပ်တွင် 'သည်ခေတ်မှာ သည်လိုဟာ ဖြင့်၊ သည်ကိုယ်မှာ သေသေလုပါပေါ့။ ကမ္ဘာကို ဗြဟ္မာတို့ပြုခဲ့တယ်၊ ဆောင်းရတုပွဲ' ဟုရေးဖွဲ့ခဲ့ခြင်း ဖြစ်သည်။

ကျွန်တော့် မှန်းဆချက်ကလေးတစ်ခုကို ပြောလိုက်ချင်ပါသေးသည်။ ကျွန်းကြီးတစ်ခုလျှင် ကျွန်းငယ်ငါးရာစီရဲ့ လျက်တည်ကြောင်း အထက်တွင် ဆိုခဲ့ပြီးပါပြီ။ ရှေးခေတ် ပုရပိုက်ဖြူပန်းချီများတွင် ကျွန်းကြီးနှင့် အရံကျွန်းငယ်များပုံကို သရုပ်ဖော်ရာ၌ အဝိုင်းကြီးတစ်ခုတွင် အစက်ငယ်များ ဝန်းရံထားပုံနှင့် သရုပ်ဖော်ကြပါသည်။ ယခုခေတ် ပစ်တိုင်းထောင်ရုပ်၊ သူငယ်တော်ရုပ်တို့၏ ပါးပြင်က သနပ်ခါးကွက်နှင့် အစက်ငယ်ကလေးများ ဝန်းထားပုံမှာ ထိုပုံကိုပင်ယူလေ

သလောဟု ထင်မိပါသည်။ 'ဗဂျီအောင်စိုး'ကလည်း ထို သင်္ကေတလေးကို သူ့ပန်းချီကားများတွင် ထည့်လေ့ရှိသည်။

မြန်မာစာပေကိုနှံ့စပ်သော ပညာရှင်တို့က ကျွန်တော့်စာကိုဖတ်ပြီး အရေးမဟုတ်တာကို အရာလုပ်နေသည်ဟု ပြုံးကောင်းပြုံးကြပါလိမ့်မည်။ သို့သော် ယနေ့ ခေတ်လူငယ်များ (အထူးသဖြင့် ကျောင်းသားလူငယ်များ၊ ဆရာငယ်များ) မျက်ခြည်ပြတ်နေကြသောကြောင့် 'စာပေထဲက စကြဝဠာ'ကို ပြန်လည်ဆန်းသစ်လိုက်ရခြင်း ဖြစ်ပါကြောင်း။

လူယေယ်နှင့် ခွဲသတ္တိ

* * *

မင်းတို့ကို ပြောခဲ့တာမှာ သတ္တိကုန်ဆုံးခြင်း အစပျိုးလာတာ မှတ်မိကြလိမ့်မယ်။ ပထမ အဓိ ဌာန်ကတော့ မနက်စောစောထပြီး စာကြည့်ဖို့ပဲ။ ဒါပေမယ့် မနေ့ညက စတိတ်ရှိုးသွားကြည့်လိုက်တာ ညဉ့်နက်သွားတော့ အိပ်ရာက မထချင်တော့ဘူး။ ဒီတော့ နာရီနှိုးစက် မြည်လာတာကိုတောင် မှ အမြင်ကတ်လာတယ်။ နောက်တော့ ကျောင်းကို သေပြေးရှင် ပြေးပြေးသွားရတော့ စာအုပ်တွေကို မှားပြီးယူသွားရော။

ကျောင်းရောက်တော့ ဘောဂဗေဒမှတ်စုစာအုပ်ထဲမှာ သမိုင်းကို ကူးထည့်လာခဲ့ရပြီ။ အိမ်ပြန်ရောက်မှ ပြန်ပြီး ကူးထည့်မယ်ပေါ့။ အိမ်ရောက်တော့လည်း မကူးဖြစ်ပြန်တော့ဘူး။

ဒီလိုနဲ့ပဲ မှတ်စုစာအုပ်တွေဟာ အရှုပ်ရှုပ်အထွေးထွေး ဖြစ်မှန်းမသိ ဖြစ်လာတော့တာပဲ။ နောက်တော့ စာအုပ်ထဲမှာ အရုပ်တွေ ရေးလိုရေး၊ စာရွက်ကို ဆုတ်ပြီး မြားပစ်လိုပစ် ဖြစ်လာပါလေရော။ တစ်ချက်တစ်ချက်မှာတော့ဖြင့် ငါတော့ စည်းပျက်ကမ်းပျက် ဖြစ်နေပြီ။ ပြန်ပြီး အဖက်ဆယ်ဦးမှပဲလို့ သတိရမိတတ်သေးတယ်။ အဲဒီကျတော့ မှတ်စုတွေကို နှစ်စကနေပြန်ပြီး ကူးမယ်ပေါ့။ စာအုပ်အသစ်တွေနဲ့လေ။ ဒါပေမယ့် တစ်ဘာသာလည်းမဟုတ်၊ နှစ်ဘာသလည်းမဟုတ်။ ဘာသာစုံမှာ နှစ်လစာလောက် ကူးရတာဆိုတော့ ပျင်းပြီးပျက်လာပြန်ပါလေရော။

အဲဒါဟာ ပထမအဆင့် သတ္တိကုန်လာခြင်းပဲ။ ဗိုလ်ချုပ်ကြီးဆလင်း ပြောခဲ့သလို သေသပ်ကျနမှု ပျက်စီးလာတဲ့ အဆင့်ပေါ့။

အဲဒီမှာတင် (၅)လပြတ်တို့၊ (၄)လပြတ်တို့ဆိုတဲ့ ကျူရှင်တွေကို အားကိုးပြန်တော့တာပဲ။ အဲဒီ ကျူရှင်ငတွေကလည်း (၅)လပြတ်ဆိုတဲ့အတိုင်း (၅)လနဲ့၊ (၄)လနဲ့ပြတ်အောင် သင်ပြန်တော့ ခပ်မြန်မြန် သုတ်ချေတင်ပြီး သင်ကြတာပဲ။ ကိုယ်က

အခြေ သိပ်မခိုင်တော့ ယက်ကန်၊ ယက်ကန် ဖြစ်ပြန်ရော။ ဒီတော့ ကျူရှင်တက်ရတာကို စိတ်မပါတော့ဘူး။ ကျူရှင်က ပြေးပြန်ရော။ နောက်တစ်ခါ (၃)လပြတ်ဆိုတာဆီကို ရောက်သွားပြန်ရော။ ခုတော့ဖြင့် ဒီလိုကျူရှင်မျိုးတွေ မရှိတော့ဘူးပေါ့လေ။ အရင်က ဖြစ်ခဲ့ပုံတွေကို ပြန်ပြောရတာပါ။

နောက်ဆုံးတဖြည်းဖြည်းနဲ့ မိုက်ရူးရဲအဆင့်ကို ရောက်မှန်းမသိ ရောက်သွားတာပဲ။ စာမေးပွဲဆိုတာ ကံလည်းပါသေးတာပဲ။ ကံကောင်းရင် ကိုယ်ကျက်တာနဲ့ စွတ်တိုးပြီး အောင်ချင်အောင်လာတာ။ ဒီတော့ ခန့်မှန်းမေးခွန်းတွေကို အနီးကပ် အပိုင်သင်တဲ့ ကျူရှင်ကို သွားမယ်ပေါ့။

ဒီကြားထဲမှာ မေးခွန်းရတယ်။ ဘယ်က ဘယ်လိုရတာ ဘာညာစသည်ဖြင့် လိမ်တဲ့ညာတဲ့လူတွေကလည်း ပေါ်လာတတ်သေးတယ်။ အဲဒါတွေကို အပိုင်ပဲဟဆိုပြီး တွယ်ကြတာပဲ။ ဒီလိုနဲ့ စာမေးပွဲခန်းထဲက ငိုပြီး ထွက်ရသူတွေ၊ တော်ပြီကွာ နောက်နှစ်မှပဲ အပိုင်ချတော့မယ်ဆိုပြီး ဆက်မဖြေတဲ့သူတွေ တစ်ပုံကြီး ဖြစ်လာတော့တာပဲ။

အဲဒါတွေကို သေချာစဉ်းစားလိုက်ရင် သတ္တိနည်းတာတွေပဲ။ သတ္တိနည်းတော့ ကြာရှည်မခံဘူးပေါ့။ ကိုယ့်အမြဌာန်ကို ခဏတစ်ဖြုတ်သာလျှင် ထိန်းထားနိုင်တဲ့ သတ္တိမျိုးဖြစ်ကြောင်းပေါ်လာတာပေါ့။ ကြာရှည်ခံတဲ့ သတ္တိမျိုးကိုသာ

လျှင် ဇွဲလို့ ခေါ်နိုင်တာ ဖြစ်လေတော့ ဇွဲမရှိဘူးလို့ ဆိုရတော့ မှာပေါ့။

ဗိုလ်ချုပ်ကြီးဆလင်း ပြောခဲ့တာကို ပြန်ပြီး သတိရ ကြမှာပေါ့။ ဇွဲသတ္တိဆိုတာ ယောက်ျား၊ မိန်းမရယ် မဟုတ်ဘူး။ တန်းတူရှိနိုင်တယ်ဆိုတာ မှတ်မိကြမှာပေါ့။ မိန်းကလေးတွေ ကိုလည်းပဲ အားနဲ့သူရယ်လို့ သွားပြီး အထင်မသေးနဲ့။ သူတို့ ဟာလည်း မင်းတို့ယောက်ျားလေးတွေလောက်ပဲ ဇွဲသတ္တိရှိချင် ရင်ရှိနိုင်တာပဲ။ လက်တွေ့ပဲကြည့်လေ ဒီနှစ်ဆယ်တန်းစာမေး ပွဲမှာ တစ်ပြည်လုံးပထမ၊ ဒုတိယ၊ တတိယ စွဲတဲ့သူတွေဟာ မိန်းကလေးတွေချည်းပဲ မဟုတ်လား။ မိန်းကလေးတွေဆိုတာက ပင်ကိုယ်ဉာဏ် သိပ်ရှိတာ မဟုတ်ပါဘူး။ စွတ်ပြီးကျက်နိုင် မှတ် နိုင်လွန်းလို့ရတာ ဖြစ်မှာပေါ့ ဘာညာနဲ့ သွားပြီး မပြောနဲ့။ လူပေါင်းသုံးလေးသိန်းကျော် ပြိုင်ကြရတဲ့ ပြိုင်ပွဲကြီးမှာ အဆင့် (၁)မဟုတ်ဘူး။ အဆင့်(၁၀၀)ရတယ်ဆိုရင် ချီးကျူးစရာ ကောင်းလှပြီလို့ ငါကတော့ ပြောမှာပဲ။ အဖျင်းဆုံး ဒီစာမေးပွဲ ကို အောင်ရမယ်၊ အမှတ်ကောင်းရမယ်၊ အဆင့်မြင့်ရမယ် ဆို တဲ့ အဓိဋ္ဌာန်နဲ့ ဟိုအရင်နှစ်တွေကတည်းက မပျက်မကွက် ကြိုး စားအားထုတ်ခဲ့တာဟာ ဇွဲသတ္တိပဲဆိုတာ ငြင်းလို့ မရဘူး။ ခိုင် မာတဲ့ ဇွဲသတ္တိမျိုး ရှိသူတွေပဲလို့ ငါတော့ဖြင့် အသိအမှတ်မပြု ဘဲ မနေနိုင်ဘူး။

သတ္တိကို မွေးမြူလေ့ကျင့်ယူခြင်း

သတ္တိကို ကျင့်သားရအောင် လုပ်ခြင်းဖြင့် မွေးယူလို့ ရကြောင်းကို ဗိုလ်ချုပ်ကြီး ဆလင်းက ပြောခဲ့တာကို မင်းတို့ မှတ်မိကြလိမ့်မယ်။ သူတို့ အင်္ဂလိပ်စစ်သားတွေဟာ မြန်မာပြည်မှာ ရှိတဲ့ တောကြီး မြိုင်ကြီးမျိုးကို မြင်ဖူးကြတာ မဟုတ်ဘူး။ သူတို့ဆီက (Forest) လို့ခေါ်တဲ့ သစ်တောဆိုတာမျိုးက တော့ ဘောလုံးကွင်း သုံးလေးကွင်းစာလောက် သာသာရှိတာ။ အဲဒါကိုပဲ သစ်တောလို့ ခေါ်နေကြရတာ။ တို့ဆီက သစ်တောမျိုးကို (Jungle) လို့ ခေါ်တယ်။ အဲဒီ (Jungle) ဆိုတာကိုက အင်္ဂလိပ်စကားမဟုတ်ဘူး။ ကုလားစကား။ ပါဠိမှာ ဇင်္ဂလတို့၊ မြန်မာမှာ တိုင်းစွန်းရွာငယ် ဇင်ဂလယ်ဆိုတာ အဲဒီ (Jungle) ကို ပြောတာပဲ။

အဲဒီလို သူတို့ မတွေ့မမြင်ဖူးတဲ့ တောကြီးမြိုင်ကြီးတွေထဲ ရောက်တော့ စစ်သားတွေအဖို့ ချောက်ချားစရာတွေချည့် ဖြစ်နေတော့တာပေါ့။ မမြင်ဖူးတဲ့တောကောင်တွေ၊ မကြားဘူးတဲ့ တောကောင်တွေရဲ့အသံတွေ၊ ဘယ်ညာပတ်ဝန်းကျင်ကြည့်လိုက်ပြန်တော့လည်း တောကြီးတောင်ကာ ဘယ်ဟာကိုမှ သဲသဲကွဲကွဲ မမြင်ကြရတော့အားလုံးဟာ ကျီးလန့်စာစား

ဖြစ်နေကြရတယ်။ ဟိုဘက်ကပဲ ရန်သူထွက်လာနိုး၊ ဒီဘက်ကပဲ ရန်သူထွက်လာနိုး တစိုးရိမ်ရိမ် ဖြစ်နေကြရတာ မလိုအပ်ဘဲ သတ္တိတွေကိုသုံးနေကြရတာပဲ။ အလကားနေရင်း သတ္တိတွေ ကုန်ခန်းနေကြရတယ်။

ဒီတော့မှ စစ်သည်တော်တွေကို ဒီလိုတောကြီးမြိုင်ကြီးတွေနဲ့ ယဉ်ပါးအောင် လေ့ကျင့်မှ ဖြစ်တော့မယ်ဆိုပြီး အိန္ဒိယပြည်မှာရှိတဲ့ တောကြီးမြိုင်ကြီးတွေထဲမှာ စခန်းချ လေ့ကျင့်ခဲ့ကြရတယ်။ အဲဒီတော့မှ စစ်သည်တော်တွေဟာ တောမြိုင်သတ္တိကို ရလာခဲ့ကြတယ်။ ဒီနည်းအားဖြင့် သတ္တိကို မွေးယူခဲ့ကြရတယ်။

အဲဒီလိုပဲ မင်းတို့ ကျောင်းသားတွေမှာလည်း ဘာသာရပ်ဆိုင်ရာ သင်ခန်းစာတွေနဲ့ ပတ်သက်ပြီး သတ္တိမွေးယူလို့ ရနိုင်တယ်ဆိုတာကို ပြောပြချင်လို့ ဒီအကြောင်းတွေကို ပဏာမ ရှင်းပြနေတာ ဖြစ်တယ်။

ခုနက ပြောခဲ့တဲ့ စစ်သည်တော်တွေ သတ္တိမွေးကြပုံကို သတိထား ကြည့်လိုက်မယ်ဆိုရင် သူတို့ ထိတ်လန့် ကြောက်ရွံ့ကြတဲ့ တောကြီးမြိုင်ကြီးတွေနဲ့ ပက်ပင်းရင်ဆိုင်ပြီး ယဉ်ပါးလာအောင် လုပ်ယူကြခြင်းဖြစ်နေတာကို တွေ့ရလိမ့်မယ်။ ဘာသာရပ်ဆိုင်ရာတွေမှာ ဝံ့စားယုံကြည်လာအောင် လုပ်ရာမှာလည်း ဒီနည်းကိုပဲ သုံးကြရတာပဲ။

အဲဒါနဲ့ ပတ်သက်ပြီး သာဓကလေး တစ်ခုကို တင်ပြ လိုက်ချင်သေးတယ်။ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က ကွယ် လွန်သွားတဲ့ ပါမောက္ခဆရာကြီး ဦးအောင်လှရဲ့ အကြောင်းပဲ။ ငါတို့တက္ကသိုလ်ကျောင်းသားဘဝက ဒီဇင်ဘာလတစ်ဝိုက် လောက်မှာ အဆောင်ညစာ စားပွဲတွေ အပြိုင်အဆိုင် လုပ်လေ့ ရှိကြတယ်။ ဆရာကြီးတွေကိုလည်း ဖိတ်လေ့ရှိတယ်။ ဆရာကြီး တွေကလည်း အချိန်ပေးနိုင်ရင် ကြွလာလေ့ရှိကြပါတယ်။

၁၉၅၈-ခုနှစ်လောက်မှာ ပဲခူးဆောင်လား၊ သထုံ ဆောင်လား ကောင်းကောင်းမမှတ်မိတော့ဘူး။ အဲဒီအဆောင် ညစာစားပွဲမှာ ဆရာကြီး ပါမောက္ခ ဦးအောင်လှ မိန့်ခွန်းပြော တာကို ငါမှတ်မိနေတယ်။ အခမ်းအနား မစမီမှာ ဆရာကြီးနဲ့ ကျောင်းသားတစ်ယောက်ယောက် သချာအကြောင်း စကားစပ် မိကြဟန်တူပါတယ်။ အဲဒါနဲ့ ဆရာကြီးက သူ့မိန့်ခွန်းထဲမှာ သချာအကြောင်းကို ထည့်ပြီး ပြောသွားတာကို ငါမှတ်မိသမျှ ပြန်ပြောချင်ပါတယ်။ ဆရာကြီးက . . .

"မင်းတို့က ငါ့ကို သချာဉာဏ်ကြီးတယ်လို့ ထင်နေ ကြတယ်။ မွေးရာပါ ဉာဏ်ပဲ၊ ပါရမီပဲလို့ ထင်နေကြတယ်။ မဟုတ်ဘူးကွ။ ငါ ငယ်ငယ်တုန်းက သချာ သိပ်ညံ့ခဲ့တယ်။ အောင်မှတ်ရအောင် မနည်းကြိုးစားခဲ့ရတာ။ သချာဆရာ စိတ် ညစ်အောင်ကို ညံ့ခဲ့တာ။ ဒီလိုနဲ့ ခုနစ်တန်း ရှစ်တန်းလောက်

မှာ ဆရာက ဒီလောက်တောင် ညံ့ရမလားဆိုပြီး နားရင်းကို တစ်ချက်ချလိုက်တာ ထူပူသွားတာပဲ။ အဲဒီမှာ ငါလည်း တော်တော်လေး ရှက်သွားတယ်။ ဒေါသလည်း ဖြစ်သွားတာပေါ့ကွာ။ အဲဒါနဲ့ပဲ ကဲ ဒီလောက်တောင် ဖြစ်လှတဲ့ သခ္ခါဆိုပြီး အမြင်ကတ်ကတ်နဲ့ တွက်ပစ်တာပဲ။ ပထမတော့ ဒေါသစိတ်နဲ့ အမြင်ကတ်လို့ တွက်တာပဲ။ အဲဒီလို တွက်ရင်းတွက်ရင်းနဲ့ သဘောပေါက်နားလည်ပြီး သခ္ခါကို စိတ်ဝင်စားလာတာပဲ။ နောက်ဆုံးတော့ မင်းတို့မြင်တဲ့အတိုင်း သခ္ခါပါမောက္ခ ဖြစ်လာတာပဲ။ မင်းတို့ ထင်သလို ဉာဏ်ကြီးလို့ မဟုတ်ဘူးကွ။ ပါရမီကြောင့် သာဆိုရင် ငယ်ငယ်ကတည်းက တော်နေမှာပေါ့ကွ။ ဒီတော့ သခ္ခါဆိုတာ နာနာတွက်နေရင် တော်လာတာပဲကွ။ ဉာဏ်ကြီးမှ မဟုတ်ဘူး။ ငါ့ဉာဏ်နဲ့ မင်းတို့ဉာဏ်ဟာ အတူတူပဲကွ။ ဘာမှ မထူးပါဘူး"

အဲဒါ သခ္ခါပါမောက္ခဆရာကြီး ဦးအောင်လှ ကိုယ်တိုင်ပြောခဲ့တဲ့စကားပါပဲဗျား။ ငါ့ကိုယ်တွေ့အရဆိုရင်လည်း အမှန်ပဲ။ သခ္ခါဆိုတာ စွတ်ပြီး တွက်နေရင် တော်လာတာပဲ။

ဒီတော့ မင်းဟာ သခ္ခါမှာ ညံ့နေသလား၊ ကြောက်နေသလား။ သတ္တိမွေးဖို့အတွက် ပက်ပင်းရင်ဆိုင်ပစ်လိုက်ပါ။ ဥပမာ ဂျိုးသြမေထြီမှာ ညံ့နေတယ်။ လန့်နေတယ် ဆိုပါတော့။ ဘာမှ ပြောမနေနဲ့။ သီအိုရမ် ၇၊ ၈၊ ၉ လောက်ကစပြီး ပုစ္ဆာ

တွေကို တစ်ပုဒ်မကျန် သေချာနားလည်နေအောင် ကျေကျေ ညက်ညက် ပြန်တွက်ပေတော့။ ရန်သူကို သို့မဟုတ် မင်း ကြောက်နေတဲ့သူကို ရဲရဲဝံ့ဝံ့ ပက်ပင်းရင်ဆိုင်ပစ်လိုက်စမ်းပါ။ ယဉ်ပါးသွားပါလိမ့်မယ်။

ဘာသာရပ်တစ်ခုခုမှာ ညံ့နေသလား၊ လန့်နေသ လား။ လန့်နေရင် ထွက်မပြေးနဲ့၊ တည့်တည့်ကြီး စူးစူးရဲရဲ ရင် ဆိုင်ပစ်လိုက်ပါ။

သင်္ချာကိစ္စ၊ အင်္ဂလိပ်စာကိစ္စတွေအကြောင်းကို ပြောခဲ့ ကြပြီးပြီ။ အတိုချုပ်လိုက်ကြမယ်ဆိုရင် ဘယ်ဘာသာရပ်ကိုမဆို ဇွဲသတ္တိရှိရှိနဲ့ ရင်ဆိုင်ပစ်လိုက်မယ်ဆိုရင် တစ်စတစ်စ သက်သာ လွယ်ကူလာတယ်ဆိုတဲ့ သဘောသာလျှင် ဖြစ်ပါတယ်။

ဇွဲသတ္တိ ရှိဖို့အတွက် လေ့ကျင့်စမ်းသပ်နည်းတစ်ချို့ ဟာ မိမိချမှတ်ထားတဲ့ သန့်ရှင်းအတိုင်း အတိအကျ ဘယ် လောက်ကြာကြာ တည်မြဲနိုင်သလဲ၊ ပြီးဆုံးအောင်မြင်သည် အထိအောင် ခိုင်မာစွာ ရပ်တည်နိုင်သလား။ အဲဒါကို စစ်ဆေး ကြည့်ဖို့ပဲ ဖြစ်တယ်။

အဲဒီလို စစ်ဆေးကြည့်ဖို့အတွက် ပထမဆုံး မေးခွန်း ကတော့ မင်းဟာ တနင်္ဂနွေတစ်ပတ်စာအတွက် အချိန်ဇယား ဆွဲပြီး အလုပ်လုပ်ကြည့်ဖူးသလား။ ကျောင်းသားဖြစ်မယ်ဆို ရင် ကျောင်းချိန်မှအပသော အချိန်တွေကို စနစ်တကျ အချိန်

ဇယားဆွဲပြီး စာကြည့်ဖူးသလား။ အဲဒီလိုအချိန်ဇယားထားပြီး အလုပ်လုပ်ဖူးပါတယ်ဆိုရင် ဘယ်လောက်ကြာကြာ ခံခဲ့ဖူးသလဲ။ အဓိဋ္ဌာန်အတိုင်း ဘယ်လောက်လိုက်နာလေ့ကျင့်ခဲ့ဖူးသလဲ။

နှစ်စကနေ နှစ်ဆုံးထိအောင် ခိုင်မြဲခဲ့ဖူးပါတယ်ဆိုရင် မင်းဟာ ဇွဲသတ္တိကောင်းသူတစ်ယောက် ဖြစ်တာ သေချာနေပြီ။ သို့ပါလျက်နဲ့ စာမေးပွဲမှာ မင်းထင်တိုင်း မပေါက်ခဲ့ဘူး။ သို့မဟုတ် စာမေးပွဲတောင် မအောင်ခဲ့ဘူးဆိုလို့ရှိရင်တော့ဖြင့် မင်းရဲ့ လေ့လာအားထုတ်မှုမှာ တစ်ခုခု လွဲမှားချွတ်ယွင်းနေပြီ။ ဆရာကောင်းတစ်ယောက်နဲ့ အဲဒါကို ဖွင့်ပြောပြီး ကုစားပစ်ဖို့ လိုအပ်နေပြီလို့ ပြောချင်တော့တာပဲ။

ဒီတစ်ပတ်အတွက် အဓိကထားပြီး ပြောချင်တဲ့အကြောင်းအရာကတော့ လူငယ်တို့ရဲ့ ဇွဲသတ္တိနဲ့ အချိန်ရဲ့အကြောင်းပဲဖြစ်တယ်။ အချိန်ဆိုတာဟာ ဘာလဲလို့ မေးလိုက်ပြီး လျှောက်ပြောနေကြမယ်ဆိုရင် မဆုံးနိုင်တဲ့ ဒဿနကျမ်းကြီးတစ်စောင်ဖြစ်သွားမှာ သေချာတယ်။ ငါလည်း အဲဒီလောက်ထိအောင်တော့ဖြင့် မပြောတတ်ဘူး။ မင်းတို့ လူငယ်တွေနဲ့ ပတ်သက်နေသလောက်ကိုသာ ပြောရမှာပဲ။

ပထမဆုံး ဘဝဆိုတာဘာလဲ။ အဲဒီမေးခွန်းကို အလွယ်ဆုံးနဲ့ အမှန်ဆုံး အခြေခံအကျဆုံး ဖြေကြည့်မယ်ဆိုရင်

ဘဝဆိုတာဟာ မွေးဖွားခြင်းနဲ့ သေခြင်းတို့ရဲ့ကြားကာလဖြစ်တယ်လို့ ဆိုရလိမ့်မယ်။ မွေးမလာခဲ့ရင် ဘဝဆိုတာ ရှိကို မရှိနိုင်ဘူး။ မွေးတော့ မွေးပါရဲ့ အသက်မပါဘဲ အသေလေး မွေးလာရင်လည်း သူ့မှာ ဘဝ မရှိလိုက်နိုင်တော့ဘူးပေါ့။ ဒီတော့ ဘဝဆိုတာ မွေးခြင်းနဲ့ သေခြင်းရဲ့ ကြားကာလဆိုတာ ငြင်းလို့ မရနိုင်တော့ဘူး။

ဒီတော့ ဘာဖြစ်သလဲ၊ ဘဝဆိုတာ အချိန်ပဲဆိုတာ ရှင်းနေပြီပေါ့။

ဒီစကားကို ဘာကြောင့် အကျယ်ချဲ့ပြီး ပြောနေရသလဲဆိုရင် မင်းတို့ လူငယ်တွေဟာ ဘဝဆိုတာဘာပဲ၊ ညာပဲ။ ဘဝကို မြတ်နိုးတယ် ဘာတယ် စသည်အားဖြင့် ကြီးကြီးကျယ်ကျယ်တော့ အလွန်ပြောကြတယ်။ ပြောပေါ့။ ဒါကို အပြစ်မတင်ပါဘူး။ ဘယ်သော်လည်း အချိန်ကိုကျတော့ တန်ဘိုးထားရကောင်းမှန်း မသိကြဘူး။ မေ့မေ့လျော့လျော့ လုပ်နေကြတယ်။

ဘဝကို တန်ဘိုးထားရင် အချိန်ကို တန်ဘိုးထားကြရမှာပဲ။ ဘာကြောင့်လဲဆိုတော့ ဘဝဆိုတာကိုက အချိန်ကို ပြောတာဖြစ်ကြောင်း အထက်မှာ ရှင်းထားခဲ့ပြီ။ မင်းဟာ အသက် ဘယ်လောက်ရှိပြီလဲ၊ (၁၆)နှစ်ရှိပြီ။ အဲဒီ (၁၆)နှစ်ဆိုတာဟာအချိန်ပဲ။ မင်းရဲ့အဖေ အသက်ဘယ်လောက်ရှိပြီလဲ။ အသက် (၅၀)ရှိပြီ။ အသက်(၅၀)ဆိုတာလည်း အချိန်ပဲ။

ဒီတော့ ဘဝဆိုတာ အချိန်နဲ့ ဖွဲ့စည်းထားတာ ဖြစ်တယ်။ ဘဝကို မြတ်နိုးရင် အချိန်ကို မြတ်နိုးကြရမှာပဲ။ အချိန်ကို မြတ်နိုးခြင်းမရှိရင် ဘဝကို မြတ်နိုးရာမရောက်ဘူးဆိုတာကို နာနာကြီး သိနေဖို့လိုတယ်။ ဒီစကားကို အမေရိကန် စာရေးဆရာကြီး ဘင်ဂျမင်ဖရင်ကလင် (Benjamin Franklin) ပြောခဲ့တာ အလွန်ကိုပဲ လှလှပပ ရှိတယ်။ သူပြောတဲ့အတိုင်းဆိုရင် (Dost thou love life? then do not squander.)။ အဓိပ္ပာယ်ကတော့ မင်းတို့ သိကြတဲ့အတိုင်း "ဘဝကို ချစ်ပါသလား၊ ချစ်လျှင် အချိန်ကို မဖြုန်းလေလင့်။ အကြောင်းကား ဘဝကို အချိန်ဖြင့် ဖွဲ့စည်းဖန်တီးထားသောကြောင့်တည်း"ပေါ့။

ဒီတော့လည်း မင်းတို့ကို သတိပေးချင်တာလေးတစ်ခုက ဘဝကို ဘယ်လိုဘာညာနဲ့ ကြီးကြီးကျယ်ကျယ် ပြောလိုက်မိတဲ့အခါတိုင်းမှာ "ငါဟာ အချိန်ကို တန်ဘိုးရှိအောင် သုံးမိပါရဲ့လား၊ အချိန်တွေကို မကြာခဏ ဖြုန်းနေမိတတ်သလား"ဆိုတာလေးကိုတော့ ပြန်ပြီး စဉ်းစားမိကြဖို့တော့ လိုလိမ့်မယ်။

မင်းတို့တတွေမှာတော့ ပညာသင်နေတဲ့ ကာလမို့ ပညာသင်ကြားရေးနဲ့ ပတ်သက်တဲ့ အချိန်အကြောင်းကိုပဲ အဓိကထားပြီး ပြောချင်တယ်။

ကဲ . . . ။ ထားကြစို့ရဲ့။ မင်းဟာ ကျောင်းသားတစ်ယောက်။ ပညာသင်နေတယ်။ မင်းကို ငါမေးမယ်။

(၁) မင်းဟာ ကျောင်းအားလပ်ချိန်တွေ၊ ကျောင်းပိတ်ရက်တွေမှာ ကျောင်းစာကို လေ့လာဖို့အတွက် အချိန်ဇယားရှိသလား။ အနားမယူရဘူး။ အပန်းပြေ ရုပ်ရှင်မကြည့်ရဘူး။ ဂီတနားမထောင်ရဘူး။ ဂီတာမတီးရဘူးလို့ ဆိုလိုတာ မဟုတ်ဘူးနော်။ ကျောင်းစာအတွက် ကြိုးပမ်းနေလို့ ပင်ပန်းနေရင် အပန်းဖြေရမှာပေါ့။ သို့သော် ကျောင်းစာအတွက်တော့ဖြင့် ဘာမှ ပင်ပန်းအောင် မလုပ်ဘဲနဲ့ မပင်ပန်းဘဲနဲ့ အပန်းချည်းဖြေနေရင်တော့ မင်းလုပ်နေတာ အဟုတ်မဟုတ်တော့ဘူး။ အပန်းဖြေနေတာမဟုတ်ဘူး။ မင်းဟာ ကျောင်းစာကို ပစ်ထားတဲ့အဖြစ်ကို ရောက်စပြုနေပြီ။ အပျော်အပါးဘက်ကို အာရုံရောက်လွန်းနေပြီ။

အဲဒီလို မဟုတ်ဘဲနဲ့။ အချိန်ဇယားလည်းထားတယ်။ စာကြည့်ချိန်၊ အပန်းဖြေချိန်မျှတတယ်ဆိုရင်တော့ အချိန်ဇယားနဲ့ ပတ်သက်လို့တော့ ချီးကျူးရတော့မှာပေါ့။ ဒါပေမယ့် ဒီအချိန်ဇယားအတိုင်း လက်တွေ့လုပ်ဆောင်ပါရဲ့လားဆိုတဲ့ မေးခွန်းက ကျန်နေသေးတယ်။ ပျက်ကွက်မှုဆိုတာလည်း လူငယ်ဘာဝ ရှိတတ်ကြတာမို့ အပြစ်မတင်ပါဘူး။ သို့သော်လည်း ဘယ်လောက်များများ ပျက်ကွက်တတ်သလဲ။ များများတော့ မဟုတ်ပါဘူး။ တစ်ပတ်မှာ ခုနစ်ရက်လောက်ပါပဲဆိုရင်တော့ သြဂတ်စ်ဟဲ (August W.Hare) ဆိုတဲ့ အင်္ဂလိပ်ဘုန်းတော်ကြီး

တစ်ပါးရဲ့ အဆိုအမိန့်ကိုသာ ပြန်ပြီး ပြောလိုက်ချင်တော့တာပဲ။ သူ့စကားလေးက အလွန်လှတယ်။ (Unless atree has borne blossoms in spring you will vainly look for fruit on it in autum.) ဗမာလိုဆိုရင်တော့ "ဆောင်းဦးပေါက် အပွင့် မရှိသော သစ်ပင်၌ နွေဦးတွင် အသီးမရှာပါလေနှင့်"တဲ့။

ကဲ လာပြန်ပြီမေးခွန်း (၂)။ အထက်က ပြောခဲ့တာ တွေက ကျောင်းစာသင်ခန်း ပြင်ပ ကျောင်းအားလပ်ချိန်တွေကို ပြောတာ။ ကျောင်းစာသင်ခန်းအတွင်းနဲ့ ပတ်သက်ပြီး ပြောကြ ဦးစို့ရဲ့။

မျှားသောအားဖြင့် ကျောင်းတွေမှာ စာသင်ချိန် တစ်ချိန်ကို (၄၅)မိနစ်ထားလေ့ ရှိကြတယ်။ (တက္ကသိုလ်မှာတော့ မိနစ် (၅၀)ထားလေ့ရှိတယ်) အဲဒီ (၄၅)မိနစ်အတောအတွင်းမှာ မင်းရဲ့ ကြိုးစားအားထုတ်မှုကို သုံးသပ်ကြည့်လိုက်ကြဦးစို့။

(၄၅)မိနစ်လုံးလုံး စာထဲမှာ စိတ်ဝင်စားပြီးနေဖို့ ဆိုတာကတော့ မဖြစ်နိုင်ဘူးဆိုတာကို ငါလည်းနားလည်နိုင်ပါတယ်။ စိတ်ကဟိုရောက် ဒီရောက် ခုန်ပေါက်ပြေးလွှားလေလွင့်နေမှုဆိုတာကတော့ ရှိမှာပဲ။ အဲဒီလေလွင့်တဲ့ စိတ်ကို ပြန်ပြန်ပြီး ဆွဲခေါ်ကြရတာပဲ။

အဲဒီမှာ မင်းဟာ သင်ခန်းစာထဲမယ် နာရီဝက်လောက် စိတ်ဝင်စားနိုင်သလား။ (၁၅)မိနစ်၊ မိနစ်(၂၀)လောက်

ပဲစိတ်ဝင်စားနိုင်သလား။ ဒါမှမဟုတ် ဟိုအရုပ်၊ ဒီအရုပ်တွေ စာအုပ်ထဲမှာ ရေးပြီး လက်ကမြင်းနေသလား။ ဒါမှမဟုတ် စက္ကူ မြားတွေလုပ်ပြီး ဟိုလူပစ်၊ ဒီလူပစ်နဲ့ နောက်ပြောင်နေတတ်သ လား။

အဲဒီလို စာသင်ချိန်ကို ဖြုန်းတီးပစ်နေတတ်တဲ့ အကျင့်မျိုး ရှိနေပြီဆိုရင်တော့ ကျောင်းချိန်အပ အားလပ်ချိန် တွေကို ဖြုန်းတီးပစ်ဖို့ သေချာသလောက် ဖြစ်နေပြီလို့ ဆိုရ တော့မှာပဲ။ စာသင်ချိန်မှာ စာထဲ အာရုံတော်တော် ပြုနိုင်မယ် ဆိုရင် မင်းဟာ မဆိုးဘူး။ အလားအလာ ကောင်းတာ အမှန်ပဲ။ အသင်အပြ မကောင်းလှတဲ့၊ ပျင်းစရာကောင်းတဲ့ ဆရာမျိုး ကိုတောင်မှ ကြိုးစားပြီး ဖြည့်စွက်နားလည်နိုင်အောင် အားထုတ် တတ်တယ်ဆိုရင်တော့ မင်းဟာ ပါရမီကောင်းတဲ့ ကလေးတစ် ယောက်ပဲရယ်လို့ မင်းအတွက်ငါ ဝမ်းသာမှုကို (မုဒိတာ) ဖြစ်ရ မှာပဲ။ မင်းအတွက် မင်းရဲ့ မိဘဆွေမျိုးတွေ ဂုဏ်တက်ရလိမ့် မယ်။ ဆရာသမားအားလုံးရဲ့ ချစ်မြတ်နိုးခြင်းကို ခံရလိမ့်မယ်လို့ တစ်ထစ်ချ ပြောဝံ့ပါတယ်။

အဲဒီလို ပါရမီမျိုးကို ဖြည့်ဆည်းစုဆောင်းလို့မရဘူး လို့ မထင်နဲ့။ ပါရမီဆိုတာ ဘယ်သူမှာမှ အလုံးလိုက်အခဲလိုက် ပါလာကြတာမဟုတ်ဘူး။ ဘုရားလည်း ဒီလိုပဲ တစ်ဘဝပြီးတစ် ဘဝ တစ်စတစ်စ စုဆောင်းဆည်းပူးခဲ့ရတာပဲ။

ဒီလိုပဲ မင်းလည်း စာသင်ခန်း ပါရမီကို စုစည်းထူထောင်လို့ရတယ်ဆိုတာကို သဘောပေါက်ပါ။ မိမိစိတ်ကို စာထဲမှာ စိတ်ဝင်စားနေအောင် ဆွဲခေါ်ပါ။ ထိန်းထားပါ။ အဲဒီကိစ္စတိုက်ပွဲကြီးတစ်ခုလို သဘောထားပြီး အောင်ပွဲခံနိုင်အောင် ကြိုးစားပါ။ အောင်ပွဲခံနိုင်ပြီဆိုရင် မင်းကိုယ်မင်း အာမခံနိုင်လောက်အောင် စိတ်ကိုထိန်းနိုင်လာတာ အမှန်ပဲဆိုရင် မင်းဟာ သာမန်ယောက်ျား၊ သာမန်မိန်းမ မဟုတ်တော့ဘူး။ ထူးချွန်တော့မယ့်သူ အမှန်ပဲဆိုတာ စိတ်ချယုံကြည်ပေတော့။

ကဲ . . . ဒါကတော့ မင်းတို့ အချိန်ကို အသုံးချပုံနဲ့ ပတ်သက်ပြီး ကိုယ့်ကိုယ်ကို စစ်ဆေးပြုပြင်လေ့ကျင့်ကြဖို့ အချက်တွေပဲ။ မင်းကိုယ်မင်း ခုမှ အသက်(၁၆)နှစ်၊ (၁၇)နှစ် ရှိသေးတာမို့ ငယ်ပါသေးတယ်လို့ အောက်မေ့မနေနဲ့။ ကိုယ့်ကိုယ်ကို အထင်မသေးနဲ့။ အင်္ဂလိပ်စာရေးဆရာကြီး ဖရန်စစ် ဘေကွန် (Francis Bacon) ပြောဘူးတဲ့စကားရှိတယ်။ (A man that is young in years may be old in hours, if he has lost no time.) တဲ့။ မြန်မာလို ပြန်ရင်တော့ "လူတစ်ယောက်ဟာ အချိန်ကို မဖြုန်းရင် နှစ်အားဖြင့် အသက်ငယ်သော်လည်း နာရီအားဖြင့် အသက်ကြီးနိုင်တယ်"တဲ့။

ဟုတ်တယ်လေ၊ အသက်သုံးဆယ်မဟုတ်ဘူး။ အနှစ်တရာရှိနေစေဦးတော့ သူ့ရဲ့ ပညာဆည်းပူးမှုက နာရီပေါင်း

(၁၀၀)တောင်မှ မရှိရင် နာရီအားဖြင့် အသက်နုမနေပေဘူး လား။ မင်းက (၁၇)နှစ်သာ ရှိနေသေးပေမယ့် ပညာလေ့လာမှု နာရီက မျှားနေရင် နာရီသက် ပိုပြီး ကြီးရာ ရောက်တာပေါ့။

ကဲ . . . အဲဒါပဲ မောင်တို့ရေ၊ ဘဝကို တန်ဘိုးထားပါ တယ်ဆိုရင်ဖြင့် . . . ။

✣ ✣ ✣

စာပေမိတ်ဆက် လူငယ်တွက်

* * *

"မျိုးဆက်သစ် လူငယ်"များအတွက် ကျွန်တော်ရေးသားဟောပြောနေသည်ကို အားလုံးသိကြပြီး ဖြစ်နေသောကြောင့် အထူးပြောနေစရာ မလိုတော့ပါ။

သို့သော် ကျွန်တော်ကိုယ်တိုင်က စာသမားတစ်ယောက် ဖြစ်ပေမည့်ပြင် ကျောင်းဆရာတစ်ယောက်လည်း ဖြစ်နေပြန်ပါသေးသည်။ ကျောင်းဆရာဆိုရာ၌ပင် မြန်မာစာကို သင်ပေးနေသော ကျောင်းဆရာတစ်ယောက်လည်း ဖြစ်နေပြန်

ပါသေးသည်။ ထို့ကြောင့် လူငယ်များအား မြန်မာစာပေအ ကြောင်းကို ပြောပြချင်စိတ် တအုံ့နွေးနွေးဖြစ်နေသည်မှာ ကြာ ခဲ့ပါပြီ။ အထူးသဖြင့် 'ဂန္ဓဝင်'ဟု ခေါ်ဆိုနိုင်သော စာပေများ အကြောင်း (အရပ်စကားနှင့် သုံးရလျှင် စာကြီးပေကြီးများ အကြောင်း)ကို တော်တော်ကြီးကို ပြောချင်နေမိပါသည်။

ဘယ်လူငယ်လဲ

"လူငယ်များအတွက်ဟု ဆိုလိုက်သောအခါ "ဘယ် လူငယ်လဲ"ဆိုဘာညို့ ပြဿနာက ထိပ်ဆုံးက ပေါ်လာပြန်ပါ တော့သည်။ ကျွန်တော် ရည်ရွယ်သည်က လူငယ်များ စာကြီး ပေကြီးများဆီသို့ မျက်စိရောက်လာစေရန် ရည်မှန်းသည်ဖြစ် ရာ စာကြီးပေကြီးများဆီသို့ ရောက်ရှိနေပြီးဖြစ်သော စာဝါသနာ အိုးလူငယ်များမှာ ကျွန်တော့်ရည်ရွယ်ချက်၌ အကျုံးမဝင်တော့ ပြီဟု သတ်မှတ်ရတော့မည်ဖြစ်ပါသည်။ သူတို့ကို ကျွန်တော်က စာကြီးပေကြီးများအကြောင်းကို ဘာမျှ မိတ်ဆက်ပေးနေစရာ မလိုတော့ပြီ။ သူတို့က သူတို့ဘာသာသူတို့ ထိုစာအုပ်များရှိရာ သို့ ရောက်နှင့်ကြပြီး ဖြစ်သည်ဟု ဆိုနိုင်သည်။

ဤနေရာတွင် မြသန်းတင့် ပြောဖူးသောစကားလေး တစ်ခုကို သွားပြီး သတိရမိသည်။ စစ်အတွင်းလူများ ကျေးလက်တောရွာများသို့ ပြေးလွှားရှောင်တိမ်းနေရစဉ် မင်းဆွေ၏ "သွေး"ဝတ္ထု ဒုတိယပိုင်းကို ဖတ်ချင်လှသောကြောင့် (၁၈)မိုင် လောက်ဝေးသည့် အခြားရွာတစ်ရွာသို့ ခြေလျင် ညဉ့်အိပ်ညနေ သွားပြီး ဖတ်ခဲ့ရသည်တဲ့။ သည်တော့ သူ့အသက်က ဘာရှိဦးမှာလဲ။ အလွန်ဆုံး ဆယ့်သုံးလေးနှစ်ပေါ့။ မြသန်းတင့်က ကျွန်တော့်အား ထိုအဖြစ်ကလေးကို ပြန်ပြောပြပြီး သူ့ငယ်ဘဝကို တမြည့်မြည့် ပြန်လည်သတိရနေပုံပေါ်ပါသည်။ ပြောချင်သည်က စာရူးပေရူးဆိုသည်မှာ ဘယ်သူကမှ လက်မတို့လိုက်ဘဲ "တစ်စပေါ်လျှင်၊ ချည်စင်"ဆိုသကဲ့သို့ ကိုယ်ဖတ်သည့် စာအုပ်ထဲမှာ တွေ့လိုက်ရသည့် သဲလွန်စကို ကိုင်ပြီး အခြားစာကို ဆက်ပြီး ရှာဖွေဖတ်ရှုတတ်ကြမြဲ ဖြစ်သည်။ ကျွန်တော် ကိုယ်တိုင်ပင်လျှင် မဟာဆွေ၏ ဝတ္ထုတစ်ပုဒ်ထဲက ဇာတ်လိုက်က "စွယ်စုံကျော်ထင်ကျမ်း" ပါစကားတစ်ခုကို ကိုးကားပြီး ပြောလိုက်သောကြောင့် ကျွန်တော့်မှာ ထို "စွယ်စုံကျော်ထင်" ဆိုတာကြီးကို ဖတ်ကြည့်လိုက်ချင်စိတ် တဖွားဖွား ပေါ်ခဲ့ဖူးသည်ကို ပြန်လည်သတိရမိပါသေးသည်။ ကိုယ်တစ္ဆေလမ်းလမ်း ဖတ်နေခဲ့မိသည်ကတော့ ဝတ္ထုပေါ့။ ဝတ္ထုမှ အချစ်ဝတ္ထုတွေပဲပေါ့။ သို့သော်လည်း ကိုယ်က ဇာတ်လိုက်ကြီးကဲ့သို့ ဖြစ်ချင်

နေသည်ဆိုတော့ သူဖတ်သည့် စာအုပ်မျိုးကိုလည်း ဖတ်ကြည့်လိုက်ချင်သည်ပေါ့။ ဤသို့အားဖြင့် အချစ်ဝတ္ထုမှ သုတ၊ ဒဿနဆိုသည့် စာပေမျိုးဆီသို့ ရောက်ခဲ့ရသည်။ ဆိုလိုသည်က စာပေကို ပင်ကိုအားဖြင့် ဝါသနာပါသူများမှာ စာထဲကပင် "စာသဲလွန်စ"ကိုရပြီး လိုက်ရှာ ဖတ်မိတတ်ကြမြဲဖြစ်ပါသည်။

ယခု ကျွန်တော် ရည်ရွယ်သည်က ထိုသို့သော စာရင့်လူငယ်များအတွက် မဟုတ်ဘဲ (၈)တန်း၊ (၉)တန်း၊ (၁၀)တန်းလောက်အရွယ် စာနုလူငယ်များအတွက်သာ ရည်ရွယ်တော့မည်ဟု နယ်ကို သတ်မှတ်လိုက်ရပါသည်။

ဘယ်လိုစာမျိုးလဲ

"ဂန္ဓဝင်"စာပေပါပဲဆိုပြီး "ရှင်မဟာသီလဝံသ"၏ "ပါရာယန"ဝတ္ထုလိုဟာမျိုးကို ညွှန်းလိုက်ပြန်လျှင်လည်း ရှာဖွေဖတ်ကြည့်ပြီး "ဂန္ဓဝင် ဆိုတာတွေဖြင့် ဆလဲတင်ပါရဲ့"ဟု တစ်ချီတည်းနှင့် လန်ချင်လန်သွားလိမ့်မည်။ ပါရာယနကိုဖြင့် ဘုရားစာ၊ တရားစာတွေ ပါလွန်းသည်ဟု ဆိုပြီး မြန်မာ့စာပေသမိုင်းတွင် အစောဆုံးပေါ်ခဲ့သည့် စိတ်ကူးအချစ်ဝတ္ထုဖြစ်သော

"ရတနာ့ကြေးမုံ"လို ဝတ္ထုမျိုးကို ပေးလိုက်ပြန်လျှင်လည်း သုံးမျက်နှာလောက်ဖတ်ပြီး "အိပ်လို့ ကောင်းလိုက်တဲ့ ဝတ္ထုကြီးကွာ"ဆိုတာမျိုးဖြစ်သွားနိုင်သည်။ ဟိုခေတ်အခါက ကောင်းလှပါပေ့ဟု ဆိုခဲ့ကြရသော ပီမိုးနင်း၏ "နေရီရီ"တို့ "နေညိုညို"တို့လို ဟာမျိုးကိုလည်း သူတို့က ခံတွင်းလိုက်တော့မည် မထင်။

ဘာသာပြန်အမှီးဖြစ်နေပေမယ့် တကယ့်ကို ကောင်းတဲ့ ဝတ္ထုတွေပါပဲဟု သူတို့အဖို့ အရသာတွေ့သွားလောက်သည့် "သခင်ဘသောင်း"၏ "ပန်းသာမစာဥ"တို့၊ ရွှေဥဒေါင်း၏ "လက်ထက်တော်ကြီး"တို့လို ဝတ္ထုတွေကို ညွှန်းလိုက်ပြန်လျှင်လည်း "စာအုပ်ကို ဘယ်မှာ ရနိုင်မလဲ" ပြန်မေးလိုက်ကြရင်ဒုက္ခ။ ကျွန်တော်ကလည်း ဘာမျှ ပြန်ပြောတတ်မည်မဟုတ်။ မင်္ဂလာဆောင်အတွက် "နွားပျောက်ကြီးတစ်ယှဉ်း"လက်ဖွဲ့လိုက်ပါသည်ဆိုတာမျိုး ပျောက်နေသော နွားတွေကို လိုက်ရှာရကိန်း၊ "တောဆင်ကို ခမည်းပေး"သလို ဖြစ်သွားလိမ့်မည်။

သည်တော့ သူတို့ လက်လှမ်းမီမီ ရှာဖွေပြီး ဖတ်နိုင်လောက်သော စာကောင်း၊ ပေမွန် စာရင်းတွင် ကမ္ဘည်းတင်ပြီးဖြစ်သော စာအုပ်များအကြောင်းကိုသာ မိတ်ဆက်ပေးသွားတော့မည်ဟု ဆုံးဖြတ်လိုက်ရပါသည်။ ကျွန်တော် ရွေးချယ်လိုက်သည့် စာအုပ်များမှာ "စာကြမ်းပိုး"၊ "စာချိုး"များအဖို့တော့ ဖန်တစ်ရာတေအောင် သိနေပြီး ဖြစ်ရတော့မည်ပေါ့။

မည်သို့ပင်ဖြစ်စေ စာဝါနုနယ်၊ မျိုးဆက်သစ်လူငယ်များအဖို့တော့ ထိုက်သင့်သလောက် အထောက်အပံ့ ဖြစ်နိုင်ရာ ကောင်း၏ဟု ရည်ရွယ်ပြီးလျှင် ဤ **"စာပေမိတ်ဆက် လူငယ်တွက်"**ဟူသော ကဏ္ဍကို ရေးမည်ဟု ကတိ ပြုလိုက်ပါကြောင်း။

✣ ✣ ✣

နှုတ်အမှုအရာ ဝစီကံ

* * *

ဤဆောင်းပါးကို ရေးမည်ဟု စဉ်းစားပြင်ဆင်လိုက်သောအခါ ကျွန်တော့် စိတ်ထဲတွင် ပထမဆုံး ပေါ်လာလိုက်သည်မှာ "ကျွန်တော့်"အကြောင်းပင် ဖြစ်ပါသည်။

"ကျွန်တော်"ဟူသော "ပြောသူနာမ်စား" အတွက် အင်္ဂလိပ်စကားတွင် "အိုင်" တစ်မျိုးတည်း သုံးစွဲကြကြောင်း အားလုံးပင် သိကြပါသည်။ ထို့အတူ ကျွန်တော်တို့နှင့် နီးစပ်ခဲ့သမျှသော ပါဠိ၊ ဂျပန် စသည့် ဘာသာစကားတို့တွင်လည်း

ပြောသူနာမ်စားအတွက် စကားလုံးတစ်ခုသာလျှင် ရှိပါသည်။ ကျွန်တော်တို့ မြန်မာစကားတွင်တော့ 'ကျွန်တော်'၊ 'ကျွန်ုပ်'၊ 'ငါ'၊ 'ကိုယ်' စသည်ဖြင့် အမျိုးမျိုးရှိကြရုံသာမက "သားပြော ချင်တာက"၊ "သမီးထင်တာကတော့"၊ "ဖေဖေပြောမယ်လေ" စသည်ဖြင့် "အပြောခံနာမ်စားများ"ကိုပင် "ပြောသူနာမ်စား" အဖြစ် သုံးတတ်ကြသေးသည်ကိုလည်း တွေ့နိုင်ပါသေးသည်။ ယခုအခါ စာရေးဆရာ အချို့ပင်လျှင် "မိမိ"ဟူသော စကား လုံးကို ပြောသူနာမ်စားအဖြစ် အသုံးပြုရေးသားလာကြသည်ကို စာဖတ်သူ သတိထားမိပြီး ဖြစ်ပါလိမ့်မည်။

"ကျွန်တော်"အကြောင်းကို ပြန်ပြီး ကောက်ပါရစေ ဦး။ ကျွန်တော်တို့၏ သမိုင်းခေတ်ဦးပိုင်းတွင် "ငါ"ကိုသာလျှင် တွင်တွင်ကျယ်ကျယ် သုံးစွဲခဲ့ကြသည်ကို တွေ့ရပါသည်။ "ကျွန်" ဟူသော စကားကို ပြောသူနာမ်အစားအဖြစ် သုံးစွဲခဲ့ ကြပုံမှာလည်း သီးခြားအနက်နှင့် သုံးခဲ့သည်ဟု ဆိုနိုင်ပါသည်။ အစောဆုံး ကျောက်စာတစ်ခုဖြစ်သည့် မြစေတီ(ရာဇကုမာရ) ကျောက်စာတွင် -

ရွှေအတိသော ဘုရားသခင် အဆင်းပြု၍ နှပ်လေ သရောတည်း။ ဤသို့မိန့်၏။ ဤရွှေဘုရားကား ငါ့သခင်အဖို့ အတို့ကျွန် ပြုသောတည်း။ ကျွန်သုံးရွာ အတို့ကျွန် ငါ့သခင် ပေးထားသောသည်ကား ဤရွှေဘုရားအား အတို့ကျွန်ပေး၏။

အထက်ပါ စကားများကို ကျွန်တော် ဉာဏ်မီသမျှ အထပ်ထပ် သုံးသပ်ကြည့်မိပါသည်။ "အတို့ကျွန်" ဆိုသည်မှာ "အကျွန်"ဟု ဆိုရာရောက်ပါသည်။ မည်သူ၏ "အကျွန်"နည်းဟု ဆင်ခြင်ကြည့်လိုက်သောအခါ ကျန်စစ်သားမင်းကြီး၏ "ကျွန်"အဖြစ် ခံယူထားပြီး ပြောဆိုခြင်းဖြစ်သည်ဟု ပထမ အောက်မေ့လိုက်မိပါသည်။ သို့သော် "ငါ"ဟူသောစကားရပ်ကိုလည်း သုံးထားပြန်သောကြောင့် အသိဝေဝါးသွားပြန်ပါသည်။ နောက်တစ်ဖန်ထပ်ကြည့်လိုက်သောအခါ "ကျွန်"၏ အရှင် "သခင်"ကို သတိပြုမိလိုက်ပါသည်။ "ဘုရားသခင်"နှင့် "ငါ့သခင်"ဟူသော စကားများဖြစ်ပါသည်။ "ငါ့သခင်"ဆိုသည်မှာ ကျန်စစ်သားမင်းကြီးကို ဆိုလိုကြောင်း သံသယဖြစ်ဖွယ်မရှိပါ။ ထို့ကြောင့် "အတို့ကျွန်" ဆိုသည်မှာ "ဘုရားသခင်၏ ကျွန်" အဖြစ်ကို ဆိုလိုသည်ဟု ကျွန်တော် ယူဆမိပါသည်။ ယခုခေတ် "ဘုရားတပည့်တော်"နှင့် တူသည်ဟု ကျွန်တော် ကောက်ယူမိပါသည်။ ဘုရားသခင်၏ အလုပ်အကျွေး တပည့်ကျွန်တော်အဖြစ် ခံယူသောအားဖြင့် "အတို့ကျွန်" (အကျွန်) ဟု မိမိကိုယ်မိမိ "ပြောသူနာမ်စား"သုံးခဲ့သည်ဟု ထင်ပါသည်။

ထိုကျောက်စာ၌ပင်လျှင် ဤနေရာမှအပ အခြားသော နေရာများတွင် "ငါ"ကိုသာ သုံးစွဲခဲ့ပါသည်။

ငါ့နောင် ငါ့သားလည်းကောင်း၊ ငါ့မြေးလည်းကောင်း၊

ငှဲ့ဆွေလည်းကောင်း၊ သူတစ်ထူးလည်းကောင်း ဤဘုရားအား ငါလျှောခဲ့သော ကျွန် အနှိပ်စက်တည်းမှုမှုကား . . .

စသည်ဖြင့် "ငါ"ကိုသာလျှင် အစဉ်တစိုက် သုံးစွဲခဲ့ပါသည်။ ရာဇကုမာရ် ကျောက်စာတွင်သာ မဟုတ်ပါ။ အခြားပုဂံခေတ်ကျောက်စာများတွင်လည်း "ငါ"ကိုသာလျှင် သုံးခဲ့ကြသည်ကို တွေ့နိုင်ပါသည်။

အလွယ်တကူ ကောက်ကာငင်ကာ ပြလိုက်ရပါလျှင် ယခု ဆယ်တန်းတွင် ပြဌာန်းထားသော "ပင်ရင်းမြန်မာစကားပြေလက်ရွေးစင်"တွင် ပါသည့် "သိယ်သူ့သမီး" "မိဖုရားဖွားစော"ကျောက်စာတွင် -

မြတ်သော နိဗ္ဗာန်ကိုလျှင် ငါလိုသတည်းဟူ၍
ငါမှုသော ကောင်းမှု ခပ်သိမ်းသောကို . . .

စသည်အားဖြင့် "ငါ"ကိုသာလျှင် အစဉ်တစိုက် သုံးသွားကြပါသည်။

ကျွန်တော်နှင့် ကျွန်ုပ်

နောက်ပိုင်းတွင်တော့ "ကျွန်တော်"ဟူသော စကားကို ရှင်ဘုရင်နှင့် စကားဆိုကြသောအခါတွင် တစ်ခါတစ်ရံ

"ပြောသူနာမ်စား"အဖြစ် သုံးလာကြသည်ကို တွေ့နိုင်ပါသည်။ ပြောသူနာမ်စား (ငါအစား)သုံးကြသည်ပင် ဖြစ်သော်လည်း ရင်းမြစ် မှာ "ဘုရင့်ကျွန်တော်"သာလျှင် ဖြစ်ကြောင်းကိုလည်း တွေ့နိုင်ပါသည်။ အလွယ်လိုက်သည်ဟု ထင်ချင်လည်း ထင်ကြပါတော့။ ဆယ်တန်းစကားပြေ လက်ရွေးစင်ထဲကပဲ သာဓကထုတ်ပြလိုက်ပါဦးမည်။

မွန်ဝန်ကြီး ဗညားဒလ ရေးသော တောင်ငူခေတ် စကားပြေ "ရာဇဝိရာဇ် အရေးတော်ပုံ"မှ ကောက်နုတ်ချက် "စီးချင်းတိုက်ပွဲ"တွင် "ကျွန်တော်နှင့် ကျွန်ုပ်" အသုံးများကို ထင်ထင်ရှားရှား တွေ့နိုင်ပါသည်။ ဗျည်းနွဲ့နှင့် ဗညားနွဲ့တို့၏ စီးချင်းတိုက်ပွဲကို စာသမားတိုင်း သိကြပါသည်။

ဗျည်းနွဲ့က ဆင်စီးပြီး မြောင်းမြမြို့တွင်းက ခံသည်။ ဗညားနွဲ့က ဆင်စီးပြီး မြို့တွင်းသို့ ဝင်တိုက်သည်။ ဆင်တွင်း မြင်းတွင်း ဆူးငြောင့်ခလုတ် ရှိမရှိ ငယ်သားများကို ဝင်ပြီး ကြည့်စေသည်။ စောနုသိင်စသော ရဲမက်တော်များက ဗညားနွဲ့ အတွက် စိတ်မချ။ ထို့ကြောင့် သူတို့ပါလိုက်ပြီး ဝင်တိုက်မည် ပြုသည်။ ထိုအခန်းရေးထားပုံကို ကြည့်ပါ -

ကျွန်တော် စောနုသိင်တို့ကိုလည်း လက်ဝဲလက်ယာ တစ်စီးစီ ဝင်မည်ပြု၏။ မင်းတို့နေလေ၊ ငါသာဝင်မည် မိန့်တော်မူ၍ တွင်းကျင်းဆူးငြောင့် ရှိ၊ မရှိ ကြည့်စေတော်မူသည်။

ကျွန်တော်တို့လည်း ထွက်လာ၍ တွင်းကျင်းဆူးငြောင့် မရှိကြောင်းကို လျှောက်၏။

"ကျွန်တော်"ဆိုသည်မှာ ပြောသူနာမ်စား (၀၊) အစားသုံးခြင်း မဟုတ်ဘဲ ဗညားနွဲ့၏ ကျွန်များဟုသာ ဆိုလိုကြောင်း သိသာပါသည်။ ထို "စီးချင်းတိုက်ပွဲ"၌ပင်လျှင် ဗျည်းနွဲ့က ဗညားနွဲ့အား တိုက်ရန် စိန်ခေါ်သော စာ၌ "ကျွန်ုပ်"သုံးပုံ နှစ်မျိုးကို တွေ့ရပြန်ပါသည်။

ကျွန်ုပ်ကို မနိုင်လျှင် ဟံသာဝတီသို့ ပြန်တော်မူ။ သစ္စာစကားတစ်ခွန်း အမှန်ဆို၏။ ဝင်တော်မူ။ ဆင်တွင်းမြင်းတွင်း ဆူးငြောင့်ခလုတ်မချ။ ယုံတော်မမူသော် ကျွန်ုပ်တို့ကို ဝင်၍ကြည့်စေ။

ဤစာတွင် "ကျွန်ုပ်" နှစ်လုံးကို တွေ့နိုင်ပေသည်။ ပထမ "ကျွန်ုပ်"မှ "၎"၏အစားသုံးခြင်းဖြစ်သည်။ ဒုတိယ "ကျွန်ုပ်"မှာ "သေးငယ်သော သေးနုပ်နိမ့်ကျသော ကျွန်ကလေးများ"ဟု ဆိုလိုကြောင်း သိသာပါသည်။ (အမတ်တိန်၊ လက္ခန်းအိမ်၊ စောနုသိင် စသည်တို့မှာလည်း ဗညားနွဲ့၏ ကျွန်များပင်ဖြစ်စေကာမူ သူတို့သည် စွမ်းရည် ဂုဏ်ရည် အဆင့်မြင့်သော ကျွန်တော်ကြီးများ ဖြစ်ကြသည်။) ထို့ကြောင့် ယခုခေတ်စကားနှင့်ဆိုလျှင် "မယုံသော် ကောင်လေးတွေ (ရဲဘော်ကလေးတွေ) ကို ဝင်အကြည့်ခိုင်းပါ" ဟု အနက်ရောက်နေပါသည်။

စီးချင်းတိုက်ပွဲတွင် ဗညားနွဲ့က အောင်နိုင်ပြီးသော အခါ ငါကဲ့သို့သော မင်းကို ယှဉ်ရာသလောဟူသည့် စကားမျိုးကို ပြောသည်။ ကြည့်ပါဦး -

နင်သည် ငါ့ကျွန်သာ။ ငါသို့သော မင်းကို စင်လျက် စီးချင်းတွေ့မည်ဟုဆိုသည်။ နင့်ကိုယ်ကို ယောက်ျားကောင်းဟု ယုံလှပေသည်ဟု ဆိုသည်ကို ဗျည်းနွဲ့က လျှောက်သည်။ ကျွန်ုပ်သည် ကျွန်တော်သာ။

"ကျွန်ုပ်သည် ကျွန်တော်သာ"ဟူသော စကားကို သေချာကြည့်လိုက်လျှင် -

ကျွန်တော်၊ ကျွန်ုပ်ကို လုံးဝမသုံးသူများမှာ ရဟန်းတော်စာပေ ပညာရှင်များဖြစ်ကြပါသည်။ သူတို့အဖို့ ကျွန်ဟူသော စကားကိုသုံးခြင်းဌာလည်း လုံးဝမသင့်ပါ။ ထို့ကြောင့် ရဟန်းတော်များ၏ စာများကို ကြည့်လိုက်မည်ဆိုလျှင် "ငါတို့ ဘုရားအလောင်းတော်သည် သူကြွယ်မျိုးဌ်ဖြစ်၍"စသည်ဖြင့် "ငါတို့"ဟူသော နာမ်စားကို သုံးကြပါသည်။

"ငါ" ပြန်ပေါ်လာခြင်း

ဤဆောင်းပါးကို ဖတ်နေရင်း "အောင်သင်းက ပြောသူနာမ်စား သုတေသန လုပ်နေတာလား"ဟု စာဖတ်သူက

ထင်ကောင်းထင်ပါလိမ့်မည်။ ရှေ့ကို ဆက်ဖတ်ကြည့်မှ ထိုအချက်မှာ ပဓာန မဟုတ်ကြောင်း သိလာပါလိမ့်မည်။

ဂါရဝ နိဝါတ တရားကို ကျင့်သုံးကြရင်းနှင့် ကျွန်တော်ဟူသော စကားမှာ နာမ်စားအဖြစ် (ယဉ်ကျေးရည်မွန်သော နာမ်စားအဖြစ်) ခိုင်မာစွာ အမြစ်တွယ်လာသောကြောင့် ကျွန်တော်တို့မှာ ငယ်စဉ်ကလေးဘဝကစပြီး တတွတ်တွတ် သွန်သင်ခြင်းခံခဲ့ကြရပါသည်။ မိမိထက် အသက်ကြီးသူများအား "ဂါ"နှင့် ပြောလိုက်မိလျှင် ချက်ချင်း ငေါက်ငမ်းသွန်သင်ကြပါသည်။ အလွန်ရိုင်းသည်ဟု ယူမှတ်ကြပါသည်။

အလွန်ယဉ်ကျေး ရည်မွန်လှသည့် လူကြီးများဆိုလျှင် မိမိအောက် ငယ်လှသောကလေးများကိုပင်လျှင် "ကျွန်တော်" ဟု လေးစားရိုသေစွာ စကားဆိုကြသည်ကို မကြာခဏ တွေ့ကြရဖူးပါသည်။

ထို့ကြောင့် -

ပရိသတ်ကို စကားဆိုခြင်းနှင့် စာရေးသားခြင်းတို့တွင် ကျွန်တော် ဟူ၍သာ သုံးကြရသည်မှာ ဥပဒေသကြီး တစ်ခုသဖွယ် ဖြစ်လာပါသည်။ ရှေးခေတ်က လူကြီးများဆိုလျှင် "ကျွန်တော်များ"ဟု သုံးစွဲတတ်ကြသည်ကိုလည်း သတိပြုမိကြပါလိမ့်မည်။

ဤသို့သော အစဉ်အလာကြီးကို ပြန်လည်ပြောင်းလဲ

တော်လှန်ပြီး "ငါ"အသုံးကို ပြန်လည်သုံးစွဲခဲ့သည်မှာ တို့ဗမာ အစည်းအရုံးပင် ဖြစ်သည်ဟု ကျွန်တော် ထင်မိပါသည်။ ပထမ ဆုံး စတင်သုံးစွဲခဲ့သည်မှာလည်း "ဆရာကြီး သခင်ဗသောင်း" ပင် ဖြစ်သည်ဟု ထင်မိပါသည်။

ထိုစဉ်အခါက ဗြိတိသျှအစိုးရကို ပြင်းထန်စွာ ဆန့်ကျင်တိုက်ခိုက်နေသည်ဖြစ်ရာ "ကျွန်တော်"ဟူသော အသုံးကို သုံးရန်မသင့်ဟု ဆရာကြီးက ဆုံးဖြတ်ပုံရပါသည်။ ဤသည်မှာ လည်း သင့်မြတ်သော အချက်ပင်ဖြစ်ပါသည်။ မိမိကိုယ်တိုင် က "သခင်"ဟူသော ဘွဲ့ထူးကို ခံယူထားပြီး ဖြစ်ပါလျက် "ကျွန် တော်"ဟူသော အသုံးကို ပြန်လည်သုံးလိုက်ပါလျှင် ဘယ်မှာ သင့်နိုင်ပါတော့မည်နည်း။ ဤသို့လျှင် ဆရာကြီးက ဝေါဟာရ ရင်းမြစ်ကိုစိစစ်ပြီး "ငါ"ဟု သုံးလိုက်ဟန်ရှိပါသည်။

ထိုစဉ်အခါက နိုင်ငံရေးတွင် အထက်မြက်ဆုံး၊ အတက်ကြွဆုံးမှာ တို့ဗမာ အစည်းအရုံးပင်ဖြစ်သည်။ လူငယ် တို့မည်သည်မှာ ထက်မြက်မှုကို နှစ်သက်အားကျတတ်စမြဲ ဖြစ် ရာ နိုင်ငံရေးကို စိတ်ဝင်စားသော လူငယ်ဟူသမျှ တို့ဗမာ အစည်းအရုံးကို ထောက်ခံအားပေးကြလေတော့သည်။

ထို့ကြောင့် "ငါ"ဟူသော စကားလုံးမှာလည်း မိမိတို့ လူငယ်အချင်းချင်း ရင်းနှီးစွာ ပြောဆိုကြသော လေသံပေါက် နေလေသောကြောင့် လူငယ်လူထုက စတင်ပြီး လက်ခံသုံးစွဲ

လာကြသည်ကို အထူးအံ့ဩစရာ မလိုတော့ပါ။ လူကြီးအချို့ ကမ္ဘကား တို့ဗမာအစည်းအရုံး၏ မူဝါဒကို နှစ်သက်သည်မှန်ပါ လျက် "စကားသုံးရိုင်းသည်"ဟု မှတ်ချက်ချသံ ကြားခဲ့ရသည် ကို ကျွန်တော် မှတ်မိနေပါသေးသည်။

နားလန့်သွားခြင်း

ကျွန်တော့်ဖခင်မှာ တို့ဗမာ အစည်းအရုံး ဥက္ကဋ္ဌဖြစ် သောကြောင့် အိမ်တွင် "ကြွေးကြော်သံ"၊ "စနေနဂါးနီ"စသော တို့ဗမာအစည်းအရုံး စာစောင်များ တစ်ပုံတစ်ပင် ရှိနေတတ်ပါ သည်။ မကြာခဏ ကောက်ကိုင်မိတတ်သောကြောင့် (ရေရေ ရာရာ နားမလည်နိုင်သော်လည်း) ငါ ဆိုသည်ကိုမူ အတန်အ သင့် ယဉ်ပါးခဲ့သည်ဟု ထင်ပါသည်။

သို့ပါလျက်နှင့်ပင် ၁၃၀၀ ပြည့် ကျောင်းသားအရေး တော်ပုံကြီး ပေါ်ပေါက်လာသောအခါ ကျွန်တော် ခံစားခဲ့မိပုံ ကလေးတစ်ခုကို ပြောပြချင်ပါသေးသည်။ ကိုးနှစ် ဆယ်နှစ်အ ရွယ် လွယ်အိတ်ကလေးကို လွယ်ပြီး သပိတ်မှောက်တန်းစီ လှည့်လည်ရာတွင် ကြွေးကြော်သံတွေ အော်ဟစ်လိုက်ရပါသည် ကို အလွန်ပျော်ခဲ့ပုံကိုလည်း သတိရမိပါသည်။ နောက်ထပ်

သတိရမိတာတစ်ခု ရှိပါသေးသည်။

တက္ကသိုလ်ကျောင်းသားခေါင်းဆောင်တစ်ယောက် (ကျွန်တော်တို့အဖို့တော့ ဘာရယ်မဟုတ် ရိုသေကြောက်ရွံ့ရသော အစ်ကို ကျောင်းသားကြီးတစ်ယောက်)က ဟောပြောရာတွင် အခြားဘာတွေပြောသည်ကို ကောင်းကောင်း မမှတ်မိတော့ပါ။ ကောင်းကောင်း မှတ်မိနေသည်က "ဟယ် . . . ဘမော် အစိုးရ၊ နင်သည် ငါတို့ရဲ့ . . "စသော စကားလုံးများ ဖြစ်ပါသည်။

ဒေါက်တာဘမော်မှာ ထိုစဉ်က ညွှန့်ပေါင်းအစိုးရ အဖွဲ့တွင် နန်းရင်းဝန် (ဝန်ကြီးချုပ်) ဖြစ်ပါသည်။ ကျောင်းသား ခေါင်းဆောင် ဗိုလ်အောင်ကျော် ကျဆုံးရခြင်းနှင့် ပတ်သက်ပြီး ရှုတ်ချပြောဆိုသော စကားများဖြစ်ပါသည်။

ကျွန်တော်တို့မှာ ငယ်စဉ်ကလေးဘဝကစပြီး အသက်အားဖြင့်၊ ဂုဏ်အားဖြင့် ကြီးမြင့်သူတို့ကို ရိုသေရမည်၊ ယဉ်ကျေးရည်မွန်စွာ စကားဆိုရမည် စသည်ဖြင့် မှတ်သားနာယူခဲ့ကြရသည်ဖြစ်သောကြောင့် ဤအဆုံးအမကို "အစွဲနာ"နေခဲ့ကြရပြီ ဖြစ်ရာ ထိုကျောင်းသားအစ်ကိုကြီးက ဤသို့ နင်ဘဲငါဆပြောလိုက်သောအခါ ကျွန်တော် "နားလန့်"သွားပြီး "ဘယ်လိုကြီးပါလိမ့်မလဲ"ဟု ယောင်ဝါးဝါး ဖြစ်သွားခဲ့ရသည်ကို ယခုထက်တိုင် သတိရနေမိပါသေးသည်။ ပြန်ပြီး စဉ်းစားကြည့်လိုက်

တော့ ကလေးဘဝ ကျွန်တော့် မသိစိတ်ကလေး "ရုန့်ရင်းလှချေ ၏"ဟု မှတ်ချက်ချလိုက်မိခြင်းဖြစ်သည်ဟု ဆိုရပါမည်။

ကျွန်တော်တို့ မြို့တွင် ထိုစဉ်အခါက မင်းတိုင်ပင် အမတ်ဖြစ်သူ နှစ်ယောက် ရှိပါသည်။ မြို့မျက်နှာဖုံး လူကြီး လူကောင်းများဖြစ်ကြသည်။ သို့သော်လည်း တက်ကြွသော ကျောင်းသားများ၊ သခင်ပေါက်စများအဖို့မှာကား သူတို့သည် အင်္ဂလိပ် "အလိုတော်ရိ" များသာ ဖြစ်ကြသည်ပေါ့။ ထိုပုဂ္ဂိုလ်ကြီးများ၏ အမည်မှာ ဦးကျော်ဒွန်းနှင့် ဦးဒွေး ဖြစ်ပါသည်။ သခင် တရားပွဲတစ်ခုတွင် သခင်ကျောင်းသားပေါက်စတစ်ဦးက အလိုတော်ရိများကို တိုက်ခိုက်ထိုးနှက်ရာတွင် "ကျော်ဟွန်းတို့ ငပွေးတို့ ဆိုတာတွေဟာ"ဟု ထည့်ပြောလိုက်ရာ ကျွန်တော်မှာ နားလန့်သွားမိပြန်ပါသည်။ ထိုပုဂ္ဂိုလ်ကြီးများကို ကလေးတစ်ယောက်မျှသာ ဖြစ်သော ကျွန်တော့်အနေနှင့် မြင်တောင်မမြင်ဖူးပါ။ သို့ပါလျက် အလကားနေရင်း (ကြားထဲက) မျက်နှာပူရသလို အနေရအထိုင်ရ ခက်သွားသည်ကိုလည်း သတိရမိပါသည်။ လူကြီးတစ်ယောက် နှစ်ယောက်ကမူကား "တယ်ရိုင်းတဲ့ ကလေးတွေပဲ"ဟု မှတ်ချက်ချလိုက်သည်ကိုလည်း သတိရမိပါသည်။

စစ်ကြီးပြီးတော့

'စစ်'ဆိုသည်မှာ မည်မျှ ရှုန့်ရင်းကြောင်းကို အထူးပြောနေစရာ မလိုတော့ပါ။ စစ်၏ ရှုန့်ရင်းသော အတွေ့အကြုံများသည် လူတွေကို ရှုန့်ရင်းခြင်းနှင့် ယဉ်ပါးသွားစေသည်ဟု ထင်ပါသည်။

စစ်ကြီး ပြီးလိုက်သောအခါ နိုင်ငံရေးအဖွဲ့အစည်းများ (အထူးသဖြင့် လက်ဝဲဝါဒီ အဖွဲ့အစည်းများ)၏ အပြောအဆို အရေးအသားတို့မှာ (ရဲရင့်ပြတ်သားသော လေသံကို ယူလိုဟန်နှင့်) ရှုန့်ရင်းကြမ်းတမ်းသော စကားလုံးများကို သုံးလာကြပါသည်။ စကားလုံးမျှသာမက "သတ်ပစ်၊ ခွေးရူးခဲနဲ့ ပေါက်သလို ဝိုင်းသတ်ပစ်၊ လည်ချောင်းသွေးနဲ့ ခြေဆေးကြ" စသည်တို့ ထိအောင် အတွေးပါ ရှုန့်ရင်းကြမ်းတမ်းလာကြသည်ကို တွေ့ကြုံရပါသည်။

နှုတ်အမူအရာ ရှုန့်ရင်းရာမှ တစ်စတစ်စ စိတ်အမူအရာများလည်း ရှုန့်ရင်းလာလေရော့သလားဟုလည်း ကျွန်တော် ထင်မိပါသည်။ အမေရိကန်သမ္မတ ဂျွန်ကနေဒီ လုပ်ကြံခံရသောအခါ တစ်ကမ္ဘာလုံး ခြောက်ခြားသွားပါသည်။ ဝမ်းနည်းကြောင်း သဝဏ်လွှာကိုလည်း နိုင်ငံအသီးသီးက ပို့ကြပါသည်။ ထိုစဉ်က အမေရိကန်နှင့် တစ်ရန်တစ်မာန်ဖြစ်နေသော

နိုင်ငံကြီးတစ်ခုမှ ခေါင်းဆောင်ကြီးတစ်ယောက်က "ကောက်ကျစ်သော မြေခွေးတစ်ကောင် သေသွားပြီးနောက် စဉ်းလဲသော မြေခွေးတစ်ကောင် တက်လာမည်သာဖြစ်သည်"ဟု ပြောလိုက်သောအခါ ကျွန်တော် အံ့အားသင့်သွားပြန်ပါသည်။ သို့သော် နားမလန့်တော့ပါ။ နားယဉ်သွားသောကြောင့် မဟုတ်ပါ။ ကျွန်တော်က ရယ်မောတတ်သော အရွယ်သို့ ရောက်နေပြီ ဖြစ်သောကြောင့် ဖြစ်ပါသည်။

နှုတ်အမှုအရာအားဖြင့်

ကံသုံးပါးတို့တွင် မနောကံကို မြင်နိုင်၊ ကြားနိုင်သည် မဟုတ်ပါ။ ဝစီကံနှင့် ကာယကံကိုသာလျှင် မြင်နိုင်ကြားနိုင်ပါသည်။ ကျွန်တော့်အတွေ့အကြုံဖြစ်ရပ်များကို ပြန်လည် ဆင်ခြင်ကြည့်လိုက်သောအခါ နှုတ်အမှုအရာ ကြမ်းတမ်းမှုများကို ထင်ထင်ရှားရှား ပြသလာပြီဆိုလျှင် ကိုယ်အမှုအရာ ရှုန့်ရင်းမှ သို့ ရောက်လာရန် နိဒါန်း ပျိုးနေသကဲ့သို့ ဖြစ်တတ်ကြောင်း သတိပြုမိပါသည်။ အရေးအခင်းများတွင် နှုတ်အမှုအရာ ရှုန့်ရင်းလာပြီဆိုလျှင် သတိဝီရိယထားပြီး နားစွင့်ရတော့မည်ဟု အချက်ပေးနေခြင်းဖြစ်ကြောင်း ကျွန်တော့်စိတ်က အမှတ်

မထင် စိုးရိမ်လာတတ်ပါသည်။ ထိုအခါမျိုးတွင် ရုန့်ရင်းသောစကားလုံးများကို စတင်သုံးစွဲသူကိုလည်း သတိထားကြည့်ရမည်ဟု အောက်မေ့လာမိတတ်ပါသည်။

ထိုကဲ့သို့သော အစွဲတွေ ရှိခဲ့လေသောကြောင့်လားမသိ။ ကျွန်တော်ကိုယ်တိုင် စာပေဝေဖန်ရေး ဆောင်းပါးများကို ရေးလျှင် အချက်အလက်၊ အကျိုးအကြောင်းအားဖြင့် တစ်ဘက်သား မလှုပ်နိုင်အောင် ချုပ်ကိုင်ထိုးနှက်လင့်ကစား ရုန့်ရင်းသော စကားများ၊ (စကားလုံး ပြောင်သည်ဟု ပြောကြသော) နှိပ်စက်သည့်အလင်္ကာများ၊ ပုဂ္ဂိုလ်ရေး ထိပါးမှုများ မပါဝင်ရလေအောင် အလွန်ဂရုစိုက်မိပါသည်။ အကယ်၍ ပါသွားလျှင် သတိလစ်သွားသောကြောင့်သာ ဖြစ်သောကြောင့် ကျွန်တော်၏ ညံ့ဖျင်းမှုဟုသာ ခံယူချင်မိပါသည်။

အကြောင်းမှာ နှုတ်အမူအရာ ရုန့်ရင်းမှုသည် ကောင်းကျိုးတစ်စက်မျှ မပေးနိုင်သည့်အပြင် ဆိုးကျိုးသာလျှင် ထွက်လာတတ်သည်ဟု ယူဆသောကြောင့် ဖြစ်ပါသည်။

စာပေဟောပြောပွဲမှ ပညာပြုသို့

* * *

"ဆရာ-လသာ(၆)ရပ်ကွက်၊ မင်္ဂလာဆောင်တစ်ခုက သတို့သားနဲ့ သတို့သမီးက မင်္ဂလာဦးဒါနအဖြစ် ဆရာ ဟောပြောခဲ့တဲ့ "ပညာပြုလုပ်ငန်း"အတွက် ငွေတစ်သောင်း လှူချင်ပါတယ်တဲ့။ ဆရာ့သဘောအတိုင်း သင့်လျော်မယ်ထင်တဲ့ ကျောင်းကို လှူပေးပါတဲ့။ အဲဒါ မင်္ဂလာဆောင်မှာ ဆရာနဲ့ ကျွန်တော်တို့ ကိုယ်တိုင် လက်ခံယူပြီး မင်္ဂလာသြဝါဒစကား လည်း ချီးမြှင့်ပေးပါလို့ ပြောလာပါတယ်ဆရာ"

ဇွန်မွန့်စာဆုပ်တိုက်

ကျွန်တော် ဝမ်းသာလွန်းနေသောကြောင့် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားပါသည်။ ထိုစကားကို လာပြောသူမှာ စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ မောင်နေမျိုးဖြစ်ပါသည်။ ထိုလသာ (၆)ရပ်ကွက် စာကြည့်တိုက် လူငယ်များက ဦးစီးကျင်းပသော စာပေဟောပြောပွဲအတွက် ကျွန်တော့်ကိုလာပြီး ဖိတ်ကြားခဲ့သူမှလည်း မောင်နေမျိုးပင် ဖြစ်ပါသည်။

စာပေလုပ်သားအဖွဲ့ကြီးနှင့် ပါတီ၊ ကောင်စီစသော သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက အရပ်ရပ်အနယ်နယ်တွင် စာပေဟောပြောပွဲများ ဖြစ်မြောက်အောင် နှစ်စဉ်ကြိုးပမ်း လုပ်ဆောင်ပေးကြပါသည်။ စာရေးဆရာများကလည်း ရန်ကုန်မြို့ပေါ်တွင်သာမက အမြို့မြို့အရွာရွာသို့ လိုက်လံ ဟောပြောလေ့ရှိကြပါသည်။ ဟောပြောကြရာတွင်လည်း နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးဖြစ်ထွန်းအောင် မိမိတို့တတ်စွမ်းသမျှ ကြိုးစားပမ်းစား ဟောပြောလေ့ရှိကြပါသည်။

ကျွန်တော်လည်း အခြားစာရေးဆရာများနည်းတူ တစ်စုံတစ်ခုသော အကျိုးဖြစ်ထွန်းစေရမည်ဟူသော စေတနာဖြင့် တတ်စွမ်းသမျှ ကြိုးစားအားထုတ်ပြီး ဟောပြောလေ့ရှိပါသည်။

ပြီးခဲ့သောနှစ်က စာပေဟောပြောပွဲ ရာသီတွင် ကျွန်

တော်အလေးအနက်ထားပြီး ဟောပြောခဲ့သည်မှာ "ပညာပြုလုပ်ငန်းများ"လုပ်သင့်ကြကြောင်း တိုက်တွန်းချက်ပင် ဖြစ်ပါသည်။ ကျွန်တော်၏ ဟောပြောပွဲကို နားထောင်ကြဖူးသော ပရိသတ်များ သတိပြုမိကြမည်ထင်ပါသည်။

ဤအချက်ကို အလေးအနက်ထားပြီး ဟောပြောရန် ဖန်လာခဲ့သော အကြောင်းအရာများစွာကို ကျွန်တော် ကြုံခဲ့ရပါသည်။ ၁၉၈၅-ခုနှစ်၊ ဒီဇင်ဘာ စာဆိုတော်ရာသီတွင် ပြည်နယ်တစ်ခုသို့ စာပေဟောပြောရန် ရောက်သွားခဲ့ပါသည်။ ပြည်နယ်ကောင်စီဝင် မိတ်ဆွေတစ်ဦး၏ အစီအစဉ်ဖြင့် ပြည်နယ်၏ မြို့တော်မှ ရှစ်မိုင်ခန့် ဝေးသော ကျေးရွာအလယ်တန်းကျောင်းကလေးတစ်ခုသို့ ရောက်သွားပြီးလျှင် ကျောင်းသားများကိုလည်း အနည်းငယ် ဟောပြောရပါသည်။ ကျောင်းသားကျောင်းသူများမှာ အတန်းနှင့် စာလိုက်သော် အတော်လေး အသက်ကြီးနေကြသည်ဟု ထင်လိုက်မိသည်။ ထို့ကြောင့် ဆရာမလေး တစ်ယောက်ထံ ချဉ်းကပ်ပြီး တိုးတိုးတိတ်တိတ် ဆွေးနွေးမေးမြန်းကြည့်သောအခါ ဆရာမလေးက-

"ကလေးတွေကို ကျောင်းထားဖို့ကိုပဲ မနည်းစည်းရုံးကြရပါတယ်ဆရာ၊ ပါတီကောင်စီက ပုဂ္ဂိုလ်တွေဆိုရင် ဒီပညာရေးအတွက် အလွန်အပင်ပန်းခံကြပါတယ်။ ဆရာတို့လို တက္ကသိုလ်က ဆရာကြီးတွေက ကျွန်မတို့လို နယ်စွန်ရပ်ဖျား

တွဲဘက်တောကျောင်းကဆရာ၊ ဆရာမတွေရဲ့ ဘဝကို ရုတ်တ
ရက် နားလည်ဖို့ လွယ်မယ်မထင်ပါဘူး။ သူတို့ရဲ့ သားသမီ
လေးတွေကို စာသင်ပေးနေတာ မှန်ပေမယ့် အိမ်ကအလုပ်တွေ
ပျက်အောင် ကျောင်းမှာ ခေါ်ပြီး စာသင်နေရပါမလားရယ်လို့
ငြိုငြင်စွာ ကြည့်တဲ့မိဘတချို့ရဲ့ မျက်လုံးဒဏ်ကို ရင်ဆိုင်ပြီး
ကြိုးပမ်းနေကြရတာပါဆရာ"

"ကလေးတွေရဲ့ ဉာဏ်ရည်ကကောကွယ်"

"သောင်းကျန်းမှု ဒဏ်ကို အကြာကြီး ခံခဲ့ရတဲ့ နယ်
တွေပဲ ဆရာရယ်။ ဆရာသိတဲ့အတိုင်း သောင်းကျန်းသူဆိုတာ
ကလည်း သူတို့လွှမ်းမိုးတဲ့နယ်မြေက ကလေးတွေကို သူတို့
အတွက် ခိုင်းဖို့လောက်သာကြည့်တာ၊ ကလေးတွေရဲ့ ပညာရေး
ကို စဉ်းစားကြတာမှ မဟုတ်ဘဲ။ ဒီတော့ ဉာဏ်ရည် တစ်ဆင့်
ထက်တစ်ဆင့် နိမ့်လာတော့တာပေါ့။ ရန်ကုန်လို မြို့ကြီးပြ
ကြီးမှာတော့ မိဘတွေကိုယ်တိုင်က ဆရာကို ကျေးဇူးလည်း
တင်တယ်၊ အကူအညီလည်းပေးတယ်၊ ကလေးတွေကိုဌက
လည်း ဉာဏ်ရည်မီတော့ သင်ရတာ သက်သာတယ်။ ဒီကလေး
တွေဟာ ရန်ကုန်က ကလေးတွေထက် ဉာဏ်ရည် သုံးနှစ်
လောက် နောက်ကျနေပါတယ်ဆိုရင် ယုံမလားဆရာ။ ရန်ကုန်
က ကလေးတွေ ၉ နှစ်သားလောက်မှာ သင်လို့ရနိုင်တဲ့ သင်ခန်း
စာကို ဒီမှာ၁၂ သားလောက်မှသင်လို့ရပါတယ်။အလွန်ပင်ပန်း

ပါတယ်ဆရာ။ ဒါပေမယ့် ကုသိုလ်လည်း ရတယ်၊ တိုင်းပြည် အတွက် အလွန်အရေးကြီးပြီး အခြေခံကျတဲ့ လုပ်ငန်းကြီးကို လုပ်နေတယ်လို့လည်း သဘောပိုက်မိပါတယ်"

ကျွန်တော် ဆရာမလေးကို ကြင်နာ ကြည်ညိုစွာ အ တန်ကြာ စူးစိုက်ကြည့်နေမိပါသည်။ ပြီးမှ နှုတ်ကဖွင့်ပြီး လေး လေးစားစား 'သာဓု' သုံးကြိမ် ခေါ်ခဲ့ပါသည်။

ထိုအတူ မှောင်ခိုထွန်းကားသော မြို့ကြီးများတွင် လည်း ကလေးများ ပညာနိမ့်ကျရုံမျှမက ဉာဏ်ရည်ပါ တစ်စ တစ်စ နိမ့်ကျလာ နေသည်ကို တွေ့ရပါသည်။ ကလေးများမှာ အရွယ်ကလေး နည်းနည်းရောက်လျှင် ပညာသင်ကြားမှုထက် မှောင်ခိုတစ်ထမ်း တစ်ပိုးကို သယ်ကြဖို့သာ စိတ်ဝင်စားကြ တော့သည်။ ဤနည်းအားဖြင့် ခေတ်ဆန်သော ဘောင်းဘီ၊ လှပ သော နာရီကလေးများကို လွယ်လင့်တကူ ရနိုင်ကြသည် မ ဟုတ်ပါလား။

ရန်ကုန်တွင် ကုလသမဂ္ဂ၊ ယူနီဆက်အရာရှိတစ် ယောက်နှင့် ဆုံမိ၍ စကားပြောကြတော့ ရန်ကုန်မြို့စွန် ဆင်းရဲ သားရပ်ကွက် ကျောင်းလေးများ၌ပင် ယူနီဆက်က နို့မှုန့်တိုက် သောကျောင်းနှင့် မတိုက်သောကျောင်း ဉာဏ်ရည်တစ်နှစ်ခန့် ကွာကြောင်းကို သိလာရပြန်ပါသည်။ ဟုတ်ပါပေလိမ့်မည်။ အ ခြေခံအားဖြင့် ဖွံ့ဖြိုးသော ဦးနှောက်ကလေး ပါလာပါစေဦး

တော့ အာဟာရဓာတ်ချို့တဲ့နေပါလျှင် ပြည်ဝသော ကျန်းမာရေးကို မရနိုင်ပါ။ ကျမ်းမာမှု မပြည့်ဝသော ကလေးတစ်ယောက်သည် သင်ယူမှုတွင် ပြည့်ဝသော အာရုံစူးစိုက်မှုကို အဘယ်မှာ ပေးနိုင်တော့မည်နည်း။

ထို့ပြင် ဇွန်လကျောင်းဖွင့်ချိန် ရောက်ပြီဆိုလျှင် မိဘများမှာ ကလေးတွေ ကျောင်းအပ်ဖို့ အပူတပြင်း ရှာကြဖွေကြပါသည်။ တစ်လလျှင် ဝင်ငွေရှစ်ရာ တစ်ထောင် ရှိသောသူများ ပင်လျှင် ကျောင်းသားလေးယောက် လောက်ရှိပါက ဇွန်လတွင် အတော်ကလေး ကသီလင်တ ဖြစ်သွားတတ်ရာ နွမ်းပါးရှာသော ကျောင်းသားမိဘများ၏ဘဝကို နားလည် နိုင်ပါလိမ့်မည်။

ထို့ကြောင့် ထိုထိုသော အချက်များကို ထောက်ထားပြီးလျှင် နွမ်းပါးရှာသော ကလေးသူငယ်များ အာဟာရဓာတ် ပြည့်ဝရေး၊ စားကြိုးစားရှာသော နွမ်းပါး ကျောင်းသားငယ်များ ပညာဆက်လက် သင်ကြားနိုင်ရေးအတွက် "ပညာပြုလုပ်ငန်း" ပြုလုပ်သင့်ကြကြောင်းကို ကျွန်တော်ဟောပြောခဲ့ပါသည်။

သေချာစဉ်းစားကြည့်လိုက်မည်ဆိုလျှင် ကျွန်တော်တို့ မြန်မာလူမျိုးများအတွက် ဤလုပ်ငန်းမှာ ခက်ခဲလှသည်ဟု မထင်ပါ။ ကျွန်တော်တို့၏ ရိုးရာဓလေ့ကို တွက်ကြည့်လိုက်မည်ဆိုပါလျှင် ပညာသင်ကြားမှုကို ကျွန်တော်တို့ မြန်မာလူမျိုးတွေ လောက် အားပေးလှုံ့ဆော်သည့် လူမျိုး ရှိမှရှိပါလေစဟုပင်

အောက်မေ့ရပါသည်။

ရှေးခေတ်ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး စနစ်ကို သုံးသပ်ကြည့်လိုက်လျှင် ထင်ရှားစွာ တွေ့နိုင်ပါသည်။ ပညာကိုတစ်သက်လုံး သင်နိုင်ပါစေ၊ ဆွမ်း၊ ကျောင်း၊ ဆေး၊ သက်နှံ စသည်တို့ကို တတ်နိုင်သမျှ လျှဒါန်းကြသည်ပင် ဖြစ်ပါသည်။ ဘာသာရေးအရ ထောက်ပံ့ လျှဒါန်းကြသည်မှာလည်း မှန်ပါသည်။ သို့သော်လည်း ရဟန်းဘဝတွင် မပျော်ပိုက်တော့၍ လူထွက်သွားလျှင်လည်း ဘာမျှ ပါကြမည် မဟုတ်ပါ။ အချို့ရဟန်းတော်များမှာ ပညာကို မရောင့်ရဲနိုင်သောကြောင့် အိန္ဒိယ၊ သီဟိုဠ်(သီရိလင်္ကာ)စသည့် ဒေသများသို့ ပညာသင်သွားလိုသည် ဆိုလျှင်လည်း နိုင်ငံခြားပညာသင် စရိတ်အတွက်ကိုပင် လှမ်းပြီထောက်ပံ့လျှဒါန်းကြပါသည်။ ပညာစုံလင် တတ်မြောက်လာပြီးမှ ရဟန်းဘဝတွင် မပျော်ပိုက်၍ လူထွက်ပြန်လျှင်လည်း အပြစ်မတင်ကြပါ။ မည်သို့ပင်ဖြစ်စေ တိုင်းပြည်အတွက် ပညာတတ်များ ပေါ်ပေါက်လာခဲ့သည်မှာကား အမြတ်ဖြစ်ပါသည်။ ကျွန်တော်တို့ လူမျိုးသည် ပညာကို ဤမျှအထိ အားပေးခဲ့သော အစဉ်အလာကောင်းကြီး ရှိခဲ့ပါသည်။

ယခုလည်း မိမိ မွေးနေ့အတွက် ကုသိုလ်ကောင်းမှု ပြုမည်ဆိုပါစို့၊ နွမ်းပါးသောကျောင်းကလေးများသို့ သွားရောက်ကျွေးမွေးခြင်း မပြုနိုင်ပေဘူးလား။ တစ်သောင်းကုန် သင်္ကြန်

မဏ္ဍာပ်ကြီး ဆောက်လုပ် ဆုပေးကြမည်ဆိုပါစို့၊ ထိုင်ငေ၏ ဆယ်ရာခိုင်နှုန်းလောက်ကို "ပညာပြု" ရန်ပုံငွေလေးအဖြစ် မတည်မပေးနိုင်ဘူးလား။ မိမိတို့ ပြုလုပ်သမျှ ကုသိုလ်အလျှ အတန်းတို့တွင် ကုန်ကျမည့် ငွေကြေးပမာဏ၏ ဆယ်ရာခိုင်နှုန်းလောက် ထပ်တိုးပြီး "ပညာပြု"ကုသိုလ် မပြုလုပ်နိုင်ဘူးလား။ စသည်စသည်အားဖြင့် ကျွန်တော် လှုံ့ဆော်ဟောပြောခဲ့ပါသည်။

ထိုကဲ့သို့ ဟောပြောရုံနှင့် အားမရနိုင်သေးဘဲ မောင်နေမျိုးကြီးကို အနိုင်ကျင့်ပြီး သယ်နှုန်းကျွန်းမြို့နယ်၊ ၁၆/၁ ရပ်ကွက်၊ အ. မ. က (၂၉)တွင် ဆယ်တန်းကျောင်းသားများ အတွက် အနီးကပ် မြန်မာစာဟောပြောပွဲ ပြုလုပ်ပေးပြီးလျှင် အဆိုပါ ကျောင်းကလေးအတွက် "ပညာပြု"ရန်ပုံငွေကို ကျောင်းသားများထံမှ အလှူခံခဲ့ပါသည်။ ကျောင်းသားများ လက်ကိုင်ထားရန် မှတ်စုတို စာရွက်စာတမ်းများကို ကျွန်တော် ကပင် စိုက်ထုတ်လှူဒါန်းခဲ့ပါသည်။ ပိုနေသော မှတ်စုစာရွက်များကို မောင်နေမျိုးက နီးစပ်ရာများသို့ ပေးဝေလိုက်ရာ မန္တလေးမြို့ "ဝင်း-ရေဆေး၊ ဆီလိုက်" မော်တော်ကားပြင်ရုံက ထိုမှတ်စုများသည် သူတို့၏ သားသမီးများနှင့် ကျောင်းသားသူ ငယ်ချင်းများအတွက်ပါ စာမေးပွဲ ကျေးဇူးကြီးပါပေသည်ဆို၍ အဆိုပါ ကျောင်းကလေးသို့ လှမ်းပြီး ငွေ (၃၀၀၀/-) လှူလိုက်

သည်ဟု သိရပါသည်။

၆. ၂. စဂ္ဂတွင် လသာ (၆)ရပ်ကွက်၊ စာကြည့်တိုက် လူငယ်များက ဦးစီးပြုလုပ်သော စာပေဟောပြောပွဲ၌လည်း ထို "ပညာပြု"လုပ်ငန်းအကြောင်းကို ထည့်သွင်းဟောပြောခဲ့ရာ ထိုရပ်ကွက်ကောင်စီကလည်း အကူအညီ ပေးလိုပါကြောင်း လိုလိုလားလား ကတိပြုခဲ့ကြပါသည်။ ထိုဟောပြောပွဲသို့ သတို့သား မောင်သက်ဝေ၊ သတို့သမီး မအေးအေးမို့ နှင့် မိဘများက လာရောက် နားထောင်ကြလေရာ ပညာပါရမီ သဒ္ဓါပေါက်ကြသည်နှင့် ဤကဲ့သို့ "ပညာပြု" ရန်ပုံငွေ တစ်သောင်းကို လျှုဒါန်းခြင်း ဖြစ်ပါသည်။ ဤငွေကို ကလေးများ အာဟာရ ဖွံ့ဖြိုးရေး၊ စာကြိုးစားသော နွမ်းပါးကလေးငယ်များ ပညာဆက်သင်ကြားနိုင်ရေးအတွက် မတည်ထားကြမည်ဖြစ်ပါသည်။

သတို့သား၊ သတို့သမီးနှင့် သူတို့၏ ဆွေမျိုးမိဘများမှာ ကျွန်တော်နှင့် သိကျွမ်းကြသည်မဟုတ်ပါ။ ထို့အတူ ကျွန်တော်က မည်သည့်ကျောင်းသို့ လျှုဒါန်းမည်ကိုလည်း သူတို့ကိုယ်တိုင် မသိကြပါ။ မဂ်လာအခမ်းအနားသို့ ရောက်တော့မှ သာလျှင် တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၂၃)၊ မူလတန်းကျောင်းသို့ လျှုဒါန်းလိုက်ကြောင်း သူတို့သိကြပါသည်။ ထိုမဂ်လာ အခမ်းအနား၌ပင်လျှင် သတို့သား၊ သတို့သမီး၊ နှစ်ဘက်မိဘများက ကျွန်တော်နှင့် မောင်နေမျိုးတို့ ရှေ့

မှောက်တွင် အထက်ပါ မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာ မကြီး ဒေါ်ခင်သိန်းဝင်းလက်သို့ ငွေတစ်သောင်းကို ပေးအပ်လျှ၊ ဒါန်းလိုက်ပါသည်။

ကျွန်တော်က ထုံးတမ်းစဉ်လာအရ မင်္ဂလာသြဝါဒ စကားပြောကြားပြီးနောက်-

"မောင်သက်ဝေနှင့် မအေးအေးမို့တို့သည် မိမိတို့ မမြင်ဖူး မတွေ့ဖူးသော ကလေးငယ်တို့အပေါ် ထားအပ်သော ဤမေတ္တာကုသိုလ်ကြောင့် မိမိတို့ကို မမြင်ဖူး၊ မတွေ့ဖူးသော သူတို့ကပင်လျှင် မေတ္တာထားကူညီမစခြင်းကို ခံရပါစေသတည်း။ ထိုကလေးငယ်များ အာဟာရဖွံ့ဖြိုး၊ ပညာတိုးသကဲ့သို့ မောင်တို့ မယ်တို့မှာလည်း စီးပွားရေး ဖွံ့ဖြိုး ကျက်သရေတိုးပါစေသတည်း။ ဉာဏ်ရည်ဖွံ့ဖြိုး၍ ပညာကြီးသော သားကောင်း၊ သမီးမြတ်တို့ကို ရပါစေသတည်း"ဟု ဆုမွန်ကောင်း တောင်းခဲ့ပါသည်။

ယခုလည်း မြန်မာပြည်တစ်ဝန်းလုံးတွင် ဤသို့သော "ပညာပြုအလှူ"များ တိုးတက်ပွားများပါစေသတည်းဟု ဆုတောင်းလိုက်ရပါသည်။



သစ်ကောင်းတစ်ပင်

* * *

ဆရာပါရဂူ ပြောဖူးသောစကားလေးတစ်ခွန်းကို ကျွန်တော်မကြာခဏသတိရမိသည်။ "ပုဂ္ဂိုလ်တစ်ဦး ဘယ်လောက်ကြီးမြင့်သလဲဆိုတာကို ကျွန်တော်တိုင်းတာတဲ့ ပေတံကတော့ သူဟာအမျှားအကျိုးကို ဘယ်လောက်လုပ်နိုင်သလဲဆိုတာပါပဲ"ဟူသောစကားဖြစ်ပါသည်။ ပရဟိတဟု ကျွန်တော်တို့ပြောလေ့ရှိသော အမျှားအကျိုးလုပ်ငန်းကို သူကိုယ်ကိုယ် ထိုက်သင့်သလောက်တော့ လုပ်ကြသည်ချည်းပင်ဖြစ်ပါသည်။ သို့သော် ရှေးရှုသောစေတနာမှာ တစ်ဦးနှင့်တစ်ဦးတူကြသည်ဟု ကျွန်တော်မထင်မိပါ။ ထို့အတူ အမြော်အမြင်အားဖြင့်လည်း ကွာခြားတတ်ကြသည်ဟု ထင်မိပါသည်။

ရှေးရှုသောစေတနာအားဖြင့် အချို့က မိမိတွင်ကျ ရောက်ဖိစီးနေသော အနာရောဂါမှလွတ်မြောက်စိမ့်သောဌာ ညောင်ထောက်ကြသည်၊ တံတားထိုးကြသည်။ ဘုရားကာ ကျောင်းဒကာဘွဲ့ခံလိုသောကြောင့် ငွေကြေးမြောက်မြားစွာ အကုန်ခံ၍ ဘုရားတည်ကြသည်၊ ကျောင်းဆောက်ကြသည်။ အချို့ကတော့ မိမိတို့ရပ်ရွာတွင် သာရေးနာရေးလေးအတွက် မျှပင် ဘုန်းတော်ကြီးပင့်စရာမရှိသောကြောင့် ရှိတတ်သမျှငွေ လေးကြေးလေးကို သွန်ချလိုက်လျက် ကျောင်းကလေးကို ဆောက်ကြရသည်။ အချို့ကတော့လည်းတစ်ရပ်တစ်ရွာလုံး ရေမိုးအခက်အခဲကြုံလှသောကြောင့် ရေတွင်း၊ ရေကန်တူးကြ သည်။ ထိုထိုသောကောင်းမှုတို့ကို မည်သည့်စေတနာနှင့်ပင် လုပ်စေဦးတော့ အများကောင်းကျိုးကား ဖြစ်လာသည့်အတွက် အားလုံးကို သာဓုအနုမောဒနာ ပြုအပ်သည်မှာ အမှန်ဖြစ်ပါ သည်။

စေတနာသာမက အမြော်အမြင်မှာလည်း ကွာခြား တတ်သည်ဟုကျွန်တော်ဆိုခဲ့ပါသည်။ မိမိပြုလိုက်သော ကောင်းမှုသည် အဘယ်မျှအထိ အကျိုးသက်ရောက်နိုင်ပါ သနည်း၊ ပမာဏအတိုင်းအတာ၊ ကာလအတိုင်းအတာအားဖြင့် ထိထိရောက်ရောက်ဖြစ်အောင် မြော်မြင်ချင့်ချိန်နိုင်စွမ်းသော ဉာဏ်ပင်ဖြစ်ပါသည်။

'တော်ဝ'ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိအကျဉ်းကို ဖတ်ကြည့်လိုက်သောအခါ ဆရာတော်၏ကောင်းမှုတော် အမြော်အမြင်ကို ကျွန်တော် နှစ်သက်အားရစွာ ကြည်ညိုခြင်း ဖြစ်မိသည်။ ဆရာတော်သည် 'လူသာလျှင်ပဓာန' ဟူသော အယူအဆကို အစောကြီးမြင်၍ အစောကြီးကျင့်သုံးတော် မူခဲ့သော လူချွန်လူမွန်တစ်ဦးဖြစ်ကြောင်းယုံမှားစရာမရှိပါချေ။ (ဤနေရာတွင် ရဟန်းတော်တစ်ပါးအား လူချွန်လူမွန်ဟု ပြောရ ကောင်းလားဟု စကားတင်းမဆိုသင့်ပါ။ လူသားအားလုံးတို့ အနက် ချွန်သောမွန်သောဟုဆိုလိုကြောင်းကိုသာ အနက် ကောက်သင့်ပါသည်။)

"လူသာလျှင်ပဓာန" ဟူသောစကားကို ကျွန်တော် ရှင်းလင်းချင်ပါသေးသည်။

ယနေ့တိုးတက်လာသော ပတ်ဝန်းကျင်တစ်ခုလုံးကို လူသားတို့သာလျှင်ဖန်တီးခဲ့ခြင်းဖြစ်ပါသည်။ အခြား ဘယ် တိရစ္ဆာန်၊ ဘယ်သတ္တဝါကမှ ဖန်တီးခဲ့ခြင်းမဟုတ်သည့်ပြင် အခြားအခြားသော သတ္တဝါတို့၏ဘဝကိုပင် လူသားတို့က ဖန်တီးနေလိုက်ပါသေးသည်။ အဘယ်ကြောင့် ဖန်တီးနိုင်ပါ သနည်းဟူသောအချက်ကို ခြေရာခံကြည့်လိုက်ပြန်သောအခါ တွင်လည်း အသိပညာပိုကဲကြောင့်သာလျှင် ထိုစွမ်းရည်ရှိလာ ကြောင်း သိသာလှပါသည်။

ကျွန်တော်တို့မြန်မာများသည် 'ပညာရှေအိုး လူမခိုး' 'ပညာရဲရင့် ပွဲလယ်တင့်' 'ပညာရှာ ပမာသူဖုန်းစား' စသော စကားပုံများကို တတွတ်တွတ်ရွတ်ဆိုတတ်ကြသည်။ မြန်မာလို ရွတ်၍ အားမရသေးသောကြောင့် 'ပညာသမာ အာဘာနတ္ထိ' 'ပညာ သမံ နတ္ထိ မိတ္တံ' စသည်ဖြင့် ပါဠိလိုပါ ငှားပြီးရွတ်လိုက် တတ်သေးသည်။ ထိုမျှပင်ရွတ် နေကြသော်လည်း 'တော်ဝ' ဆရာတော်ကြီးတို့ကဲ့သို့ 'ရင်ထဲဝမ်းထဲကစိမ့်ပြီး' သဘောပေါက် ကြပါလေရဲ့လားဟု ကျွန်တော် မကြာခဏ သံသယဖြစ်မိသည်။

စကားစပ်လာသောကြောင့်ပြောလိုက်ရပါဦးမည်။ ယခုအခါတွင်အရှေ့တောင်အာရှ၌စက်ဘဝနိုင်ငံသည် တစ်ခါက ဘာမျှမဟုတ်သော နွံမြေနုံးမြေသာလျှင်ဖြစ်သည်။ နိုင်ငံဟုသာဆိုလိုက်ရသော်လည်း မြို့ခပ်ကြီးကြီး တစ်မြို့ လောက်မျှသာဖြစ်သည်။ စပါးပြောင်းနှံဝေးလို့ စိုက်ခင်းပျိုး ခင်းလေးတောင် လုပ်စရာ နေရာမရှိ။ သစ်တောဝါးတောဆို တာမျိုးကို အရုပ်ထဲလောက်မှာသာမြင်ဖူးကြသည်။ ကုန်ကုန် ပြောရလျှင် သောက်ရေ၊ သုံးရေလေးတောင်မှမထွက်သော နေပြည်တော်ဖြစ်ပါပေသည်။ မှန်ပါသည်၊ သဘော်ဆိပ် မြို့ကြီးပင်ဖြစ်လင့်ကစား သူ့မှာနောက်ကျိသော ပင်လယ်ဆား ငန်ရေသာရှိသည်။ ပင်လယ်ဆိပ်ကမ်းဟုသာ ပြောလို့ရသည်။ 'ငပလီ'တို့ 'ချောင်းသာ'တို့လို ကြည်လင်စိမ်းမြသော 'ပင်လယ်

ဆိပ်ကမ်းသာ'တစ်ခုမျှမရှိ။ ထိုသို့သောဆိပ်ကမ်းသာမျိုး အရသာကို ခံစားကြည်နူးလိုလျှင် တစ်ခြားနိုင်ငံသို့သာသွားပေရော့။ သောက်ရေသုံးရေကိုပင် အိမ်နီးချင်း မလေးရှားနိုင်ငံက သွင်းကုန်အဖြစ်ဝယ်ယူသုံးစွဲနေရသည်။ သို့သော် ကမ္ဘာ့ ကုလသမဂ္ဂဝင် 'နေပြည်တော်'တစ်ခုတော့ဖြစ်နေလေသည်။ ထိုမျှမက အထက်တွင်ကျွန်တော်ပြောခဲ့သလို အရှေ့တောင်အာရှနိုင်ငံတစ်ခုပင် ဖြစ်နေလိုက်ပါသေးသည်။

အဘယ်ကြောင့်ဤသို့ဤနှယ်ဖြစ်လာခဲ့ရသနည်း။ သူတို့နိုင်ငံတွင် သဘာဝ သယံဇာတဟူ၍ဘာမျှမရှိ။ လူသာလျှင်ရှိသည်။ သို့ဖြစ်လျှင် **'လူသာပဓာန မူဝါဒ'**ကို ကျင့်သုံးရတော့မည်ဟု သုံးသပ်မိကြသည်။ လူသားအရင်းအမြစ်ကို မြှင့်တင်ပေးမှသာလျှင် သိပ္ပံပူရ (၀ါ) သီဟပူရ (၀ါ) ခြေသော့နေပြည်တော်(၀ါ)စက်ာပူ နိုင်ငံတိုးတက်လာနိုင်ပေလိမ့်မည်။ လူသားအရင်းအမြစ်ကို မြှင့်တင်ရန် အကောင်းဆုံးသော နည်းလမ်းကို ရှာဖွေလိုက်သောအခါတွင် ပညာသာလျှင်ပဓာန ဖြစ်တော့သည်ဟု သုံးသပ်မိကြလေသည်။ သို့ဖြစ်လျှင် မည်သည့်ပညာမျိုးကို သင်ယူကြမည်နည်း၊ သူတို့တိုင်းပြည်တွင် မြေနေရာကျယ်ကျယ်ဝန်းဝန်း ရှိသည်မဟုတ်သောကြောင့် စိုက်ပျိုးရေးပညာကို သင်နေလို့တော့အပိုပဲဖြစ်မည်။ စက်မှုကုန်ထုတ် ပညာရပ်ကြီးတွေကို သင်လိုက်ပြန်လျှင်လည်း စက်ရုံကြီးကြီးမားမား

ဆောက်လုပ်စရာ နေရာများများမရှိ။ ထို့ကြောင့် ခေတ်ကာလ အလျောက်ပေါ်လာသည့် 'အီလက်ထရောနစ်' ပညာဆိုလျှင် တစ်ပိုင်တစ်နိုင်သဘော နေရာကျဉ်းကျဉ်းကလေးတွင်ပင် အလုပ်ဖြစ်နိုင်ကြောင်း သတိပြုမိကြသည်။ ထိုပညာရပ်ကို ဒရောသောပါ၊ လိုက်စားသင်ယူကြသည်။ ထို့ပြင် သင်္ဘောဆိပ် ကောင်ကောင်းရှိသောကြောင့် ကူးသန်းရောင်းဝယ်ရေး ပညာကို လိုက်စားကြပြန်သည်။ ကူးသန်းရောင်းဝယ်ရေး ပညာဆိုသည် အတိုင်း ဘာမှစိုက်ပျိုးထုတ်လုပ်နေစရာမလို၊ ကူးလိုက်သန်း လိုက် ရောင်းလိုက်ဝယ်လိုက်နှင့်ပင် ဝင်ငွေတွေနှင့် နေအောင်ရ လာတော့သည်။ ဤသို့အားဖြင့် အရှေ့တောင်အာရှတွင် **"ခြသေ့်တစ်ကောင်၊ အမြီးထောင်၊ သန်း ပေါင် ဒေါ်လာ၊ လွန်ချမ်းသာ"**သော အဆင့်သို့ ရောက်သွားခဲ့လေတော့သည်။

'လူသာပဓာန မူဝါဒ'ကို တော်ဝဆရာတော်ကြီး ကျင့်သုံးတော်မူခဲ့သည်မှာ စက်ပူထက်ပင်စောသေးသည်ဟု ဆိုရပေတော့မည်။ အကြောင်းသော်ကား ဆရာတော်က ၁၉၄၂-၄၃ ဂျပန်ခေတ်ကတည်းကပင် စတင်၍ ကျောင်းသား၊ ကျောင်းသူ၊ ကိုရင်၊ ပဉ္စင်းတို့ကို ခေတ်ပညာစာပေတို့ကို သင်ပေးခဲ့သော ကြောင့်ဖြစ်သည်။

ဆရာတော်သည် အခါအခွင့်ကိုလည်းမြင်တတ်သည်။ ပြည်တော်သာစီမံကိန်းအရ ကျောင်းတွေ ဒလဟော

ဖွင့် ပေးချိန်တွင် 'မူလတန်းကျောင်းဖွင့်ခွင့်' လျှောက်လိုက်တော့ အလွယ်တကူရလာသည်။ သို့သော်နောက်ပိုင်း အလယ်တန်း ကျောင်းအဆင့်တွင်တော့ အတော်ကြီးကို အခက်အခဲ တွေ့ လာရဟန်တူသည်။ သက်ဆိုင်ရာပညာရေးဌာန၏ လိုအပ်ချက် အားလုံးကို ဖြည့်ဆည်းပေးရန် ကျောင်းအဆောက်အအုံကို ဆောက်ရတော့မည်။ ဆရာတော် စွန့်လွှတ်လိုက်ပါလေပြီ။ မိမိသီတင်းသုံးတော်မူရာ ကျောင်းတော်ကို မွမ်းမံချဲ့ထွင်ရန် ရည်ရွယ်ခဲ့သော ငွေသိန်းတစ်ရာ့ငါးဆယ်ကို "မစ္ဆေ မယှက်၊ ရက်ရက်ရောရော၊ မက်မောမတွန့်၊ ပေးစွန့်လွှတ်၍၊ ဆွတ်ဆွတ် ကြည်ဖြူ' မျိုးဆက်သစ်ကို ပေးလှူတော်မူလိုက်သည်။ ကျောင်းတော်ကို ဘုံမဆင့်ဘဲ၊ ကလေးတွေကို ဂုဏ်မြှင့်ပေးလိုက် သည်။ ကျောင်းတော်ကို ရွှေမချဘဲ ကလေးတွေကို ရွှေချပေး လိုက်သည်။ ကလေးတွေကိုရွှေချပေးလိုက်မှ 'တော်ဝ'ဒေသ၏ အနာဂတ်တောက်ပမည် မဟုတ်ပါလား။

ထို့ကြောင့် ဆရာတော်သည် စေတနာလည်းကြီး သော၊ အမြော်အမြင်လည်းကြီးသော ခေါင်းဆောင်ကောင်းကြီး တစ်ဆူဖြစ်တော်မူပါပေသည်ဟု ဆိုလိုက်ရပါသည်။

ကျွန်တော် ဆက်၍ရေးရပါဦးမည်။

စာမေးပွဲအောင်ချက်တွင် တစ်မြို့နယ်လုံးက အလန့် တကြား လှမ်းပြီးကြည့်လောက်အောင် ဖြစ်လာလိုက်သော

အခါ ဆရာတော် အဘယ်မျှပီတိဖြစ်လိုက်ရှာလေမည်နည်း။ ဆရာတော်သည် စစ်ကြီးအတွင်း ဂျပန်ခေတ်က ချောက်တီး ချောက်ချက်ကျောင်းသားလေးတွေနှင့် အစပျိုးခဲ့ရသည်တို့ကို လည်း ပြန်လည်မြင်ယောင်လိမ့်မည်ထင်သည်။ ဘုံမြင့်ပြာသာဒ် တွေနှင့်ဖြစ်လာရမည့် မိမိကျောင်းမှာ အိပ်မက်ပမာ ပျောက် ကွယ်သွားလျက် E ပုံသဏ္ဌာန် ကျောင်းကြီးသာလျှင် ဘွားခနဲ ပေါ်လာခဲ့ရသည့်အဖြစ်ကိုလည်း ပြန်လည်သတိရလိမ့်မည် ထင်သည်။ သို့သော် မိခင်တို့မည်သည် ရင်သွေးငယ်၏ မျက်နှာ ကိုမြင်လိုက်ရလျှင် သန္ဓေကာလ၊ မွေးဖွားရသည့် ဒုက္ခအရပ်ရပ် ကိုမေ့သွားလေဘိသကဲသို့ ကျောင်းသားငယ်တို့ ပြေးလွှားခုန် ပေါက်မြူးထူးကြသည်ကိုတွေ့လိုက်ရသောအခါ ပီတိအဟုန် ကြောင့် မိမိစွန့်လွှတ်ခဲ့ရလေသမျှကို မေ့သွားခဲ့လိမ့်မည်ထင် သည်။

ကလေးတွေကို တော်သည်ထက်တော်စေချင်သည်။ ထို့ပြင် ပျော်သည်ထက်လည်းပျော်စေချင်သည်။

ထို့ကြောင့် ကလေးတွေ၏ အားကစားကိုလည်း အား ပေးသည်။ အထူးသဖြင့် အမျှားစုပေါင်းကစားရသော၊ ခေတ်စားသည်လည်းဖြစ်သော ဘောလုံးကစားနည်းကို အား ပေးသည်။ အားပေးသလောက်လည်း ခရီးရောက်ပါပေသည်။ ခရိုင်သို့တိုင်အောင်၊ တိုင်းသို့တိုင်အောင် လက်ရွေးစင် ဘောလုံး

သမားများ ထွက်ခဲ့သည်မဟုတ်ပါလား။ အားကစားသည် ကလေးတို့ကို အားတက်စေကြောင်း ဆရာတော် သတိပြုမိခဲ့ဟန်ရှိသည်။ အားကစားကြောင့် ရပ်ကွက်စိတ်ဓာတ်၊ ကျေးရွာစိတ်ဓာတ်၊ မြို့နယ်စိတ်ဓာတ်။ ထိုမှသည်နိုင်ငံချစ်စိတ်ဓာတ်သို့ ရောက်သွားနိုင်သည်မဟုတ်ပါလား။

ဆရာတော်သည် ကလေးတွေကိုချစ်ရုံသာမက၊ နားလည်နိုင်သည်ဟုလည်း ဆိုသင့်သည်။

စာတတ်ခြင်းဆိုသည်မှာ လေ့ကာနှင့်တူသည်။ လေ့ကာဟူသည်မှာ အမြင့်သို့တက်ရန်ဖြစ်သည်။ အမြင့်ကို တက်စရာမရှိလျှင် မည်သူမျှလေ့ကာတစ်စင်းကို ဒုက္ခခံပြီး လုပ်နေမည်မဟုတ်။ လေ့ကာရှိနေပါလျက် မတက်လျှင်လည်း လေ့ကာ၏တန်ဖိုး ဘာမျှရှိတော့မည်မဟုတ်။ ထိုအချက်ကို ဆရာတော်ဆင်ခြင်မိဟန်ရှိသည်။ ထို့ကြောင့် ဆရာတော်က လေ့ကာတစ်စင်းစီရပြီးသော တပည့်များအတွက် တက်စရာရှာပေးလိုက်ပြန်သည်။

ထိုအရာကား 'လောကဓမ္မ'စာကြည့်တိုက်ပေတည်း။

ထိုထိုသော ပရဟိတလောကီလုပ်ငန်းများကို မပြတ်လုပ်နေရလေသောကြောင့် လောကုတ္တရာဘက်တွင် မျက်ခြည်ပြတ်လေမည်လောဟု ထင်ရသည်။ ဤသို့ထင်လိုက်မိပါလျှင်လည်း ထင်သူကိုအပြစ်ဆိုဖွယ်ရာမမြင်။ အကြောင်းမှာ လော

ကလူသားအပေါင်းတို့၏ အကျိုးစီးပွားကို ဆောင်ရွက်နေရ သောကြောင့် လောကုတ္တရာကို မေ့သွားမိတတ်သောသဘော ရှိသောကြောင့်ပင်။ သို့သော် ဆရာတော်ကတော့မမေ့။

ဓနုဖြူမြို့နယ်လုံးဆိုင်ရာ 'ပရိယတ္တိ သာသနာ့ဝေဗုလ္လ' စာမေးပွဲကြီးကို ၃၄ကြိမ်တိုင်တိုင်၊ အပျက်အကွက်မရှိ ကြေပ်မ ပေးနိုင်ခဲ့သည်ဟုဆိုသည်။ '၃၄ နှစ်တိုင်တိုင် အပျက်အကွက် မရှိ'ဟူသောစကားမှာ သာမန်ယောက်ျားများအဖို့ ကြက်သီးထ လောက်သော လုံ့လပင်ဖြစ်သည်။ ထိုထက်ပို၍ အုံ့ဩစရာ ကောင်းသောအချက်မှာ သံယာတော်တို့အတွက် 'ပရိဝါသ' ဆောက်တည်ပွဲကျင်းပပေးနိုင်ခြင်းဖြစ်သည်။ ပရိဝါသ်ဆောက် တည်မှုဆိုသည်မှာ လွယ်ကူလှသည်မဟုတ်။ ဆွမ်းကွမ်းကိစ္စကို ထားဘိဦး၊ တစ်မိုးတစ်ရံအောက်တွင် တစ်ပါးတည်းသီတင်း သုံးနိုင်အောင် စီစဉ်ပေးရခြင်းဖြစ်သောကြောင့် ပို၍ခက်ခဲလှ သည်။ သို့ပါလျက်နှင့်ပင် ၂၄ ကြိမ်တိုင်တိုင် အပျက်အကွက်မရှိ ကျင်းပပေးတော်မူနိုင်ခဲ့သည်။ ဆရာတော် ဤသို့ ဤနှယ် လုပ် ငန်းကြီးများကိုလုပ်ဆောင်နိုင်တော်မူခဲ့သည်ကား တော်ဝ တစ်ခွင်အလှူရှင်တို့၏ ဘဝစွမ်းရည်ကို၊ သဒ္ဓါစွမ်းရည်ကို လှစ်ဟဖော်ပြနေသကဲ့သို့ ဖြစ်လာပြန်ပါလေသည်။ တစ်နည်း အားဖြင့် ၁၉၄၂-၄၃လောက်က ဆရာတော်ပျိုးခဲ့သည်အပင် ငယ်တို့သည် 'အတောင့်ကြီး၍ အသီးမာ'ခဲ့ပြီလည်း ဖြစ်ပေ

လိမ့်မည်။ 'ဗီဇလည်းမှန်၊ ပင်လည်းသန်၍၊ ဖူးတံငုံကင်း၊ အသီးဝင်း'လာခဲ့သောကြောင့်လည်း ဖြစ်နိုင်ပါပေသည်။

ထို့ပြင် အဘိဓမ္မာသင်တန်းတို့ကိုလည်း မပြတ်ဖွင့်လှစ်သင်ကြားပေးနေခဲ့သေးသည်။

ဆရာတော်က တပည့်များကို အနေလည်းမြင့်စေချင်သည်။ အသရေလည်း တင့်စေချင်သည်။

ဗဟိဒ္ဓကိုလည်း မြင်စေချင်သည်၊ အစ္ဈတ္တကိုလည်းရှာစေချင်သည်။

ယခုကားဆရာတော်လွန်ခဲ့လေပြီ။ ဆရာတော် ဘာကိုမျှယူမသွား။ ခြိုးခြံထားခဲ့လေသမျှကိုအမွေအဖြစ် ထားခဲ့ပါလေပြီ။

အို. . . ဆရာတော်ဘုရား။ အမွေခံတပည့်သားကြီး ဒေါက်တာ ဘန္ဒန္တပဝရာဘိဝံသအား ပင်ကိုထက် ဆယ်ပြန်သောခွန်အားကို ဆောင်နိုင်အောင် စောင့်ရှောက်တော်မူပါစေသား။

အောင်သင်း

၂၄-၂-၂၀၀၂



ဘာမှမဟုတ်ပါလား

* * *

မကြာသေးမီက ကျွန်တော့်ဇာတိ တောင်တွင်းကြီးမြို့သို့ ဆရာဟောင်းတစ်ယောက်အနေနှင့် တပည့်ဟောင်းများ၏ ပူဇော်ကန်တော့ခြင်းကိုခံယူရန်ပြန်သွားခဲ့ရသည်။ကျွန်တော့် ချက်မြှုပ်ရာ တောင်ပြင်ရပ်ကွက်သို့လည်း ပြန်လည်သွားလာခဲ့သည်။ ပေါင်းဟောင်း သင်းဟောင်းများ၊ ဆွေမျိုးညာတိများကို ခေတ္တမျှဖြစ်စေ နှုတ်ဆက်စကားဆိုလိုသောကြောင့် တပည့်များက ကားနှင့်လိုက်ပို့သည်ကိုပင် လက်မခံဘဲ ခြေလျင်လျှောက်သွားခဲ့သည်။ ရပ်ကွက်တစ်ခုလုံးလောက်နီးပါး ခြေလျင်ပင် တစ်အိမ်ဝင်တစ်အိမ်ထွက် လှည့်လည်သွားခဲ့ပါသည်။ ဘာမှမကြာ

လိုက်ပါ။ ၂ နာရီသာသာလောက်ပဲကြာ လိုက်ပါသည်။ တစ်အိမ်နှင့်တစ်အိမ်၊ တစ်လမ်းနှင့်တစ်လမ်းဆိုသည်ကလည်း ဘာမျှဝေးသည်မဟုတ်။ 'ဖြုတ်'ဆို' ရောက်'သွားတော့သည်ပင်။ ထိုကဲ့သို့ သွားရင်းလာရင်းပင် ကျွန်တော့်ကလေးဘဝ ခံစားမှုတွေကို စိတ်ကပြန်ရောက်သွားမိသည်။ ကျွန်တော်တို့ အိမ်ရှေ့တွင် 'တောင်ပြင်ရပ်ကွက်'၏ ဗဟိုလမ်းမကြီးဟု ခေါ်နိုင်သော လမ်းမကြီးရှိသည်။ တောမြို့တစ်ခု၏ရပ်ကွက် တစ်ခုက လမ်းမကြီးဆိုသည်မှာ ဘာမျှကြီးကျယ်လှသည်မဟုတ်ကြောင်း ပြောနေစရာမလိုတော့ပါ။ သို့သော် ကျွန်တော်၏ ကလေးဘဝစိတ်တွင် အလွန်ကိုကြီးသောလမ်းမကြီးဖြစ်နေခဲ့သည်။

ကျောင်းသားဘဝတွင် ကျွန်တော်တို့ တောင်ပြင်ရပ်က ကျောင်းသားတွေကိုမြို့လယ်က သူငယ်ချင်းတွေက သဘောမတွေ့လျှင် မြို့ပြင်ကတောသားတွေ ဘာညာနှင့် လှောင်တတ်ကြသည်။ ကျွန်တော်တို့ကမခံချင် ဖြစ်တတ်ကြသည်။ မှန်တော့လည်းမှန်သည်ပင်။ ကျွန်တော်တို့မြို့က တစ်ထီးတစ်နန်းဖြစ်ခဲ့ဖူးလေတော့ မြို့ရိုးကျုံးရိုးရှိခဲ့သည်။ ထို့ကြောင့်ပင် ဆရာတော်ရှင်မဟာသီလဝံသက 'အချာပဝရ'ချီရတုတွင် 'တောင်တွင်းခေါ်မည်၊ တို့ရွှေပြည်ကား၊ ယဉ်ကြည်နက်ဆုံး၊ ကျုံးလည်းသီတာ၊ လပကြာနှင့်၊ သန္တာအတိ၊ စီ၏ဘိသို့၊ မြို့နှင့်တန်ဆောင်း၊ ရဲလောင်းရင်တား၊ တံခါးလေးသွယ်၊ ဖိုင်ဖိုင်ကျယ်၏' ဟုရေးဖွဲ့

ခဲ့ခြင်းဖြစ်ပေသည်။ ကျွန်တော်တို့ငယ်စဉ်က မြို့ရိုးဟောင်းတွေကို အုတ်တွေနှင့်တကွ တွေ့နေရသေးသည်။ ထိုမြို့ရိုး၏ပြင်ဘက်တွင်ကပ်လျက် ချောင်းကြီးတစ်ခုရှိသည်။ ကျွန်တော်တို့က ချောင်းဟုခေါ်လိုက်ရသော်လည်း ရှေးရှေးကတော့ အတော်လေးကိုနက်သည့် ကျုံးကြီးတစ်ခုဖြစ်ခဲ့ဟန်ရှိပါသည်။ ဆရာတော် ရှင်မဟာသီလဝံသတို့ လက်ထက်ကတော့ ကျုံးပဲဖြစ်မည်ထင်ပါသည်။ ထိုချောင်းကိုဖြတ်ကူးထားသော တံတားကြီးတစ်ခုလည်းရှိသည်။ တံတားကြီးတစ်ခုဆိုသည်မှာ ကျွန်တော့် ငယ်စိတ်ခံစားမှုနှင့်သာ ပြောလိုက်ခြင်းဖြစ်ပါသည်။ တကယ်ဆိုတော့ အလျားပေ အစိတ်သုံးဆယ်လောက်ထက်မပိုပါ။ အကျယ်ကတော့ ကုန်ကားတစ်စီးမောင်းသာ ရုံမျှသာဖြစ်သည်။ ကျွန်တော်တို့ ရပ်ကွက်က ထိုကျုံးရိုးအပြင်ဘက်တွင်ရှိသောကြောင့် မြို့တွင်းသားတွေက ကျွန်တော်တို့ကို စိတ်မထင်လျှင် 'မြို့ပြင်ကတောသားတွေ' ဟုခေါ်ကြခြင်းဖြစ်သည်။ ကျွန်တော်တို့ကလည်း ထိုကဲ့သို့ခေါ်လျှင် မခံချင်ကြ။ သို့သော်လည်း ကျွန်တော်တို့ရပ်ကွက်ထဲတွင် 'ဘယ်သွားမလဲ'ဟုမေးလျှင် 'မြို့ထဲကို' ဖြေတတ်ကြသည်။

ကျွန်တော်တို့အိမ်နှင့် ထိုချောင်းကူးတံတားကို ကျွန်တော့်စိတ်ထဲတွင် အဝေးကြီးဟုထင်မှတ်ခဲ့သည်။ စင်စစ်မှာ မီတာသုံးရာလောက်သာရှိပါသည်။ ကျွန်တော့်စိတ်ထင်

အသက်သုံးလေးနှစ်လောက်အထိ ထိုတံတားကြီးသို့ရောက် အောင်မသွားဝံ့ခဲ့ပါ။ အိမ်နှင့်ထိုမျှဝေးသည်ထိအောင် မသွား အပ်ဟုထင်ခဲ့မိလေသလားမသိ။ ငယ်စဉ်ကျောင်းနေခဲ့ရပြန် တော့လည်း ကျောင်းက ကျွန်တော်တို့အိမ်နှင့် မျက်နှာချင်းဆိုင် ဖြစ်နေသည်။ လမ်းကိုကူးလိုက်လျှင် ကျောင်းကိုရောက်တော့ သည်သာ။ ကျွန်တော့်နယ်ပယ်က အတော်လေးကျဉ်းခဲ့သည် ထင်ပါသည်။

ယခု ကျွန်တော့်ရပ်ကွက်ထဲတွင် ဆွေမျိုးညာတိတွေ ကို လှည့်လည်နှုတ်ဆက်ရင်း သတိထားပြီးကြည့်လိုက်တော့ ဟိုအိမ်ဒီအိမ်လှမ်းခေါ်၊ လှမ်းအော်လို့ကြားနိုင်လောက်သည်ပဲ။ ဘာမျှဝေးလှသည်မဟုတ်။ ချောင်းကူးတံတားဘက်ဆီသို့ လာ လိုက်ပြန်တော့လည်း ဘာမျှဝေးသည်မဟုတ်။ မြို့ထဲစျေးဘက် သို့ လျှောက်လာလိုက်သည်။ တကယ့်ကိုဘာမျှမဟုတ်။ မနေ့ ညက ကားပေါ်ထိုင်လာရသည့်အညောင်းပင်မပြေချင်။ ငယ် စဉ်ကတော့ထိုဝန်းကျင်မှာ ကျွန်တော့်အဖို့ ဧရာမ ကမ္ဘာကြီး ဖြစ်နေခဲ့သည်ကို ပြန်လည်သတိရနေမိသည်။ တကယ်တော့ ဘာမှမဟုတ်ပါ။

ကျွန်တော်တို့ငယ်ငယ်က ဆရာကိုသိပ်ကြောက်ရ သည်။ ရိုက်လွန်းလို့ ကြောက်ရသည်မဟုတ်၊ ရိုသေရလွန်းလို့ ကြောက်နေရခြင်းဖြစ်သည်ဟုဆိုချင်သည်။ ကျွန်တော် ဆရာ

ရိုက်သည်ကို မျှားမျှားစားစားမခံခဲ့ရဖူးပါ။ သို့သော်လည်း ကြောက်ကိုကြောက်သည်မှာ အမှန်ဖြစ်သည်။ ကြောက်လို့ မုန်းသလားဆိုတော့ မမုန်းပါ။ ချစ်သလားဆိုတော့လည်း ချစ်သည်ဟုကျွန်တော်မပြောဝံ့။ ကျွန်တော့်အဖို့ ဆရာသည် ချစ်ဖို့မဟုတ်၊ ရိုသေဖို့၊ ကျိုးနွံဖို့သာလျှင် ဖြစ်နေခဲ့သည်ဟု ကျွန်တော့် ကလေးဘဝခံစားမှုကို ပြန်လည်သတိရမိနေသည်။ ယခုပြန်ပြီး သေချာစဉ်းစားကြည့်လိုက်တော့ ဆရာကိုချစ်သည်ဟုတော့ ကျွန်တော်ထင်မိသည်။ ဆိုကြပါစို့ 'အောင်သင်း-လာစမ်း၊ ဟိုဘက်ကဆိုင်မှာ ဆေးလိပ်တစ်ပြားဖိုး သွားဝယ်ချေစမ်း'ဟု ခိုင်းလိုက်လျှင် ကျွန်တော် အပြေးအလွှားဝယ်ပေးသည့်ပြင် ကျွန်တော့်ကိုခိုင်းသည့်အတွက် ဗျော်နေသည်ကိုသတိရမိသည်။ ထို့ကြောင့် ဆရာကို ချစ်သည်ဟု ဆိုနိုင်မည်လည်း အထင်ရောက်ပြန်သည်။ သေချာသည်ကတော့ ကျွန်တော်တို့သည် ဆရာနှင့် ရင်းရင်းနှီးနှီး မနေဝံ့မပြောဝံ့သည်မှာ အမှန်ဖြစ်သည်။

ယခုကျွန်တော်နေသည့် လမ်းထဲတွင် မူလတန်းကျောင်းကလေး တစ်ခုရှိသည်။ ကျောင်းအုပ်မှအပ ဆရာမတွေ ချည်းဖြစ်ပါသည်။ ကျောင်းတက်ချိန်မတိုင်မီ အဖြူအစိမ်းကလေးတွေက လမ်းထဲတွင် ပြေးကြလွှားကြခုန်ကြပေါက်ကြနှင့် မြင်တဲ့သူပါရောပြီးဗျော်လာလောက်ပါသည်။ သူတို့ ဆရာမ တစ်ယောက်ယောက် ခြင်းကလေးကိုင်ပြီး လျှောက်လာသည်ကို

မြင်လိုက်လျှင် 'ဆရာမ' 'တီချယ်'စသည်ဖြင့် ပါးစပ်ထဲတွေ့ရာ အော်ပြီး ခြင်းတောင်းကိုဆွဲသူဆွဲ၊ လက်ကို ဆွဲသူကဆွဲ ကြိုကြသည်ကိုမြင်တော့ သူတို့ကိုကြည့်ပြီး ကျွန်တော်ပျော်မိသည်။ ကျွန်တော့်ကလေးဘဝကိုလည်း သတိရမိသည်။ လွမ်းလည်း လွမ်းမိသည်။ ဆရာတွေနှင့်သူတို့လို ရင်းရင်းနှီးနှီး တစ်ခါမျှ မနေခဲ့ရဖူးပါ။ ကျောင်းပြင်ပ၌ ဆရာကိုမြင်လျှင် ခပ်ဝေးဝေး က ရှောင်သွားခဲ့မိသည်ကိုလည်း ပြန်ပြီးသတိရမိသည်။ ခုမှစဉ်း စားကြည့်လိုက်တော့ ကြောက်မည်သာ ကြောက်နေသည် ဘာမျှမဟုတ်ပါလားဟုအောက်မေ့မိပြန်သည်။

ကျွန်တော်အသက် ၁၂ နှစ်သားလောက်တွင် သူငယ် ချင်းတစ်ယောက်နှင့် ရန်ဖြစ်ဖူးသည်။ စကားမပြောဘဲ နေလိုက် သည်မှာ အတော်ကြီးကိုကြာသည်။ ယခုသေချာပြန်ပြီး စဉ်းစား ကြည့်လိုက်တော့ ၃လလောက်သာ ကြာမည်ထင်သည်။ ထိုစဉ် ကတော့ အကြာကြီးဟုထင်နေခဲ့မိသည်။ ရန်ဖြစ်တာလည်း ဘာမှမဟုတ်ပါလား၊ မခေါ်မပြောဘဲ နေလိုက်သည့်ကာလက လည်း ဘာမှမဟုတ်ပါလား။

ကံအားလျော်စွာ ကျွန်တော်ခပ်ငယ်ငယ်အရွယ်က ပင် စာကြီးပေကြီးများနှင့်နီးစပ်ဖတ်ရှုခွင့်ရခဲ့သည်။ 'ကဝိ သေနဂ်ဗျူဟာခေါ် ရှင်ဥတ္တမကျော်နှင့်ခုံတော်မောင်ကျဘမ်း စကားစစ်တရားစစ်ထိုးခန်း'စာအုပ်ကို ၁၂ နှစ်သားလောက်

ကပင်ဖတ်ခဲ့ဖူးသည်။ အခြားဖတ်စရာစာအုပ်လည်း များများ စားစားမရှိသည်နှင့် ထိုစာအုပ်ကို တစ်ခေါက်မဟုတ်၊ သုံးလေးခေါက်လောက် ပြန်လှန်ဖတ်ခဲ့ဖူးသည်။ ရှင်ဥတ္တမကျော်နှင့် ခုံတော်မောင်ကျဘမ်းတို့၏ စကားစစ်တရားစစ် 'အားပြိုင်မှု'က အလွန်ဆွဲအားကောင်းလှပါပေသည်။ နောက်ပိုင်း သူတို့နှစ်ဦး အသက်အရွယ်ကြီးလာကြပြီးနောက် တစ်ဖန်ပြန်လည်ဆုံတွေ့ကြသော် ဆရာတော်က "ဒကာကြီး-လူမိုက်ကြီးနှစ်ဦး ဆုံကြပြန်ပြီ" ဟုပြောလိုက်သောစကား ကိုဖတ်ရသောအခါ ကျွန်တော့်စိတ်တွင် ကြည်နူးသလိုလို၊ လွမ်းသလိုလိုဖြစ်ခဲ့မိသည်ကိုလည်း သတိရမိသေးသည်။ ဆရာတော်ရော ခုံတော်မောင်ကျဘမ်းပါ ဘာမှမဟုတ်ပါလားဟုဆင်ခြင်မိကြဟန်ရှိပါပေသည်။

နောက်ပိုင်းအရွယ်ရောက်လာတော့ ရာဇာဓိရာဇ်အရေးတော်ပုံကိုဖတ်ခွင့်ကြုံလာပြန်ပါသည်။ အားလုံးသိကြသည့်အတိုင်း ရာဇာဓိရာဇ်နှင့် အင်းဝဘုရင်းမင်းခေါင်တို့သည် နှစ်ပေါင်းများစွာစစ်ထိုးခဲ့ကြသည်။ စစ်ကို အားကစား တစ်ခုလိုသဘောထားခဲ့ကြလေသလားဟု ထင်ရအောင် စစ်တိုက်ခဲ့ကြသည်။ သူတို့နှစ်ဦးလုံး အသက်ကြီးလာကြသောအခါ စစ်မတိုက်တော့ဘဲ ဘုရားတရားကိစ္စ၌သာ အချိန်ကို ကုန်လွန်ကြစေတော့သည်။ အင်းဝဘုရင်မင်းခေါင် နတ်ရွာစံကြောင်း ကြားရသောအခါ ရာဇာဓိရာဇ် မိန့်တော်မူသောစကားသည်

ကျွန်တော့်ကိုလွမ်းသလိုလို ဆွေးသလိုလို ဖြစ်စေခဲ့သည်ကို လည်း ကျွန်တော်မှတ်မိနေသေးသည်။ စာအုပ်ကအနီးတွင်ရှိနေ သောကြောင့် ကျွန်တော် ထုတ်ပြလိုက်ပါဦးမည်။ ဖတ်ကြည့်စမ်း ပါ-

ရာဇာဓိရာဇ်လည်း ဘုရင်မင်းခေါင် နတ်ရွာလား ကြောင်း ကြားတော်မူလျှင် "ငါ့ညီတော် မင်းဖြစ်လျှင် ငါနှင့် ရန်ဖက်ဖြစ်ကြသည်။ ငါ့ညီတော် အနီစွတရားတော်နောက် သို့လိုက်ရလေပြီ။ ငါသာကြွင်းသေးတော့သည်။ သခ်ၤါရတရား သည် ငါတို့ကိုယ်၌ အတည်မရှိချေ။ အနီစွတကား"ဟု တရား ယူတော်မူ၏။ ထိုစကားကိုမိဖုရားများကြားလျှင် "မင်းခေါင် သည် ရှင်ဘုရင့်ညီတော်လည်းတော်ပေ၏။ ယောဂ္ဂမလည်း တော်ပေသည်။ ယခုမင်းခေါင်မရှိပြီးသော် စစ်မက်ဆင်၍ မင်း ခေါင်၏ မိဖုရားကတော် စိုးမင်း ကိုယ်လုပ်မောင်းမများကို ယူတော့လော"ဟု ပြည်ကြကုန်၏။ ဘုရင်ရာဇာဓိရာဇ်လည်း "ငါ့ကို ညဲတို့ပြည်ကောင်းပေ၏။ ယခု သူ့ကို စစ်မက်ပြုရမည့် အခါမဟုတ်ပြီ။ ငါလည်းအသက် အရွယ်ကြီးပြီ၊ ပခုံးတစ်ဖက် ဖြင့်ထမ်း၍ ညဲတို့ကိုမွေးမည်၊ ပခုံးတစ်ဖက်ဖြင့်ကား သံသရာ အကျိုးစီးပွားများအောင် ကုသိုလ်ကောင်းမှုပြုမည်ဟူ၍သာ ငါကြံတော့သည်" ဟု မိဖုရားများကို မိန့်တော်မူ၏။

ယခုကျွန်တော် ပြန်ပြီးတွေးကြည့်လိုက်တော့ ဘုရင်ရာဇာမိရာဇ်သည်လည်း 'ဘာမှမဟုတ်ပါလား' တွေးမိခဲ့ခြင်းဖြစ်သည်ဟုထင်နေမိပါသည်။

ကျွန်တော်ရေးသည့်စာကိုဖတ်ပြီးနောက် စာဖတ်သူကလည်း ဘာမှဟုတ်ပါလားဟု ဆိုလေမည်လားမသိ။

အောင်သင်း

၁၅-၁၁-၂၀၀၁

စက်ကျွန်

* * *

ကျွန်တော်သည် အင်္ဂလိပ်အမေရိကန်နှင့် ဥရောပ တိုက်သားများကို မြန်မာစာ မြန်မာစကားသင်ပေးရတတ်ပါ သည်။ ယခုဥရောပတိုက်သားတစ်ဦးကို သင်ပေးနေရပါသည်။ စင်စစ်သူက မြန်မာစာအခြေခံ အတော်လေးရှိနေပါပြီ။ သို့သော်လည်း သုတေသီတစ်ယောက်ဖြစ်လေတော့ ပိုပြီးကျွမ်း ကျင်လိုသောကြောင့်သာ ဆက်သင်ပေးနေရခြင်းဖြစ်ပါ သည်။ သူနှင့်ကျွန်တော်က တစ်ခါတရံအကြောင်းတစ်ခုခုကို စပ်လိုက် မိလျှင် စကားလက်ဆုံကျသွားတတ်ပါသည်။ ထိုအခါမျိုးတွင် တော့ ဘာသာစကားသင်နေကြသည်ကို မေ့သွားကြပြီး အင်္ဂလိပ်လိုပဲ ပြောနေမိတတ်သည်။ ခဏကြာမှ သူကဖြစ်စေ၊

ကျွန်တော်ကဖြစ်စေ သတိရပြီးနှစ်ယောက်သားရယ်မောလျက် ဘာသာစကားသင်ခန်းစာကိုပြန်လှည့်မိတတ်ကြပါသည်။

မကြာသေးမီကလည်း ဤသို့ပင် စကားဖောက်သွားလိုက်မိပါသေးသည်။ သူကစပြီးဖောက်ခြင်းဖြစ်သည်။ မြန်မာဘာသာစကားသင်နေရင်း အစားအသောက်တွေအကြောင်းရောက်သွားသည်။ ဒီတော့သူက အင်္ဂလိပ်လို -

"ကျွန်တော်တို့ဆီမှာ အစားအသောက် ချက်နည်းပြုတ်နည်း၊ ပြင်ဆင်နည်းမပါတဲ့ မဂ္ဂဇင်း၊ ဂျာနယ် စာစောင်တစ်ခုမှမရှိဘူး။ ဘယ်စာစောင်ကိုကြည့်လိုက် ကြည့်လိုက် အဲဒီကဏ္ဍပါတာချည်းပဲ။ လူတွေအားလုံးစိတ်ဝင်စားစွာဖတ်ကြတာပဲ။ ဒီလိုပဲ ရုပ်မြင်သံကြားအစီအစဉ်တွေမှာဆိုရင်လဲ အစားအသောက် ချက်နည်းပြုတ်နည်းမပါတဲ့ အစီစဉ်လမ်းကြောင်းမရှိဘူး။ အဲဒါတွေကိုလည်း လူတွေကြည့်နေကြတာပဲ။ စိတ်ဝင်စားတာပဲ။ ဒါပေမယ့် ရယ်စရာကောင်းတာက အချိန်ကိုလုယက်ပြီးပြေးပြေးလွှားလွှား သွားလာလုပ်ကိုင်နေရလေတော့ ဘယ်သူမှ အဲဒီလို လုပ်ကိုင်စားနေနိုင်တာမဟုတ်ဘူး။ အချိန်တန်တော့ 'ရယ်ဒီမိတ်'တွေကိုပဲကောက်ဆွဲသွားရတာပဲ"။

ကျွန်တော်က ရယ်လိုက်မိပါသည်။ ကျွန်တော်တို့ဆီမှာလည်း မြန်မာ့ရုပ်မြင်သံကြားကလွှင့်သော 'စားကြမယ်ဟော့ ကောင်းကောင်း'ကို သေချာအရသာခံကြည့်ပြီး ကော်ဖီမစ်တို့၊

ခေါက်ဆွဲထုတ်တို့ကိုဆွဲတဲ့ပြီး 'စားကြမယ်ဟေ့ မကောင်း တယောင်း' လုပ်စပြုလာရသည်ကိုသတိရလိုက်မိပါသေးသည်။ သူက ဆက်လိုက်ပါသေးသည်။

"ရယ်စရာကောင်းတာ နောက်တစ်ခုရှိသေးတယ်။ အစားအသောက်နဲ့ ပတ်သက်ပြီး ကျန်းမာရေးပညာပေးကဏ္ဍ မပါတဲ့ စာစောင်မရှိဘူး။ ရှောင်လို့ကို မလွတ်နိုင်အောင်များ တယ်။ ရုပ်မြင်သံကြားမှာလဲ ဒီလိုပါပဲ။ အသီးအရွက် များများ စားပါ၊ အသားတွေကို အစားမကျူးပါနဲ့၊ အဆီတွေ၊ ထောပတ် တွေ၊ ချိစ်တွေသိပ်မစားပါနဲ့၊ အဲဒါတွေကိုသိပ်စားရင် ဘာဖြစ် နိုင်ပါတယ်၊ ညာဖြစ်နိုင်ပါတယ်ဆိုတဲ့ အကြံပေး၊ ပညာပေးမပါ တဲ့ ရုပ်မြင်သံကြားအစီအစဉ်ဆိုလို့ ရှိကိုမရှိဘူး နေ့တိုင်း မလွတ် တမ်း ကြည့်နေမြင်နေကြရတာပဲ။ ပြီးတော့ ဘာလုပ်သလဲဆိုရင် မစားပါနဲ့ဆိုတာတွေကို အကုန်စားကြတော့တာပဲ။ စားကြစမ်း ပါလို့သတိပေးလိုက်တဲ့ အတိုင်းပါပဲ"

ကျွန်တော်က ရယ်လိုက်မိပြန်ပါသည်။ သူက ဆက် ပြန်ပါသည်။

"ဒီတော့ဘယ်လိုဖြစ်နေသလဲဆိုရင် ကျွန်တော်တို့ ဥရောပ၊ အမေရိကနဲ့ အင်္ဂလန်မှာ လူတွေအားလုံးယောက်ျား၊ မိန်းမ၊ ကလေးတွေပါမကျန် အဝလွန်တဲ့ ပြဿနာကြီးကို ရင် ဆိုင်နေရတယ်"

ကျွန်တော်က အတန်ငယ်အံ့အားသင့်လျက် "ဟုတ်လား" "ဟုတ်လား"ဟုသာမေးလိုက်ရသည် မကြာသေးမီက အဝလွန်ရကောင်းလားဟု ဟမ်ဘာဂါ ကုမ္ပဏီတစ်ခုကို စားသုံးသူက တရားစွဲထားကြောင်းကို ပြန်ပြီးသတိရလိုက်မိသေးသည်။

"ဟုတ်တယ်ဆရာရဲ့။ တကယ့်ပြဿနာကို ဖြစ်နေတာ။ စားလိုက်တော့လည်း တနင့်တပိုးဆိုတာမျိုး စားပစ်လိုက်ကြတာမဟုတ်လား။ ဒီတော့ မဝရင်ခံနိုင်ပါတော့မလား"

"ဒါပေမယ့် ခင်ဗျားကတော့ မဝပါလား"

သူကတော့ ပိန်ပိန်ပါးပါးဖြစ်ပါသည်။ ထို့ကြောင့်မေးလိုက်မိခြင်းဖြစ်သည်။

"ကျွန်တော်က အရှေ့တိုင်းအစားအသောက်ကို အလေ့အကျင့်ရသွားပြီ။ အဆီတွေဘာတွေကို သိပ်ပြီးမက်မက်မောမောမရှိတော့ဘူး"

ဟုတ်ပေလိမ့်မည်။ သူ့ဇနီးက အရှေ့တိုင်းသူ တစ်ယောက်ဖြစ်သည်။ ထိုအရှေ့တိုင်းသူကလည်း မြန်မာထမင်းဟင်းကို ခံတွင်းတွေ့သည်။ သည်တော့ အိမ်ရှင်မကြောင့် သူလည်း ငပိငါးခြောက်မှအပ ကျန်တာတွေကိုစားကျင့်ရလာပြီ။ အထူးသဖြင့် ဟင်းသီးဟင်းရွက် တွေကိုပိုကြိုက်သည်။

သူပြောခဲ့သော စကားတွေကို ကျွန်တော်မကြာခဏ သတိရပြီး စဉ်းစားနေမိသည်။ 'စက်ကျွန်'ဆိုသောစကားလုံး

ကလည်း ကျွန်တော့်ခေါင်းထဲ မကြာခဏ ရောက်ရောက်လာ တတ်သည်။

ကျွန်တော်တို့ဆီတွင်လည်း စာစောင်တွေတွင်လည်း ကောင်း ရုပ်မြင်သံကြားတွင်လည်းကောင်း ချက်ပြုတ်ကြော် လှော်နည်းအဖုံဖုံကိုတွေ့နေကြရသည်ပင်ဖြစ်သည်။ လူတွေက လည်း ကိုယ်တိုင်ချက်ပြုတ်မစားနိုင်စေဦးတော့ စိတ်ဝင်စားစွာ ဖတ်/ကြည့်နေကြသည်ပင်ဖြစ်သည်။ သေချာဆင်ခြင်ကြည့် လိုက်တော့ကျွန်တော်တို့တစ်တွေ လျှာကိုအဘယ်မျှ အလို လိုက်ချင်နေကြောင်း သိသာလှပါသည်။ အလိုလိုက်ချင်နေပါ သော်လည်း အချိန်တန်တော့ 'ရယ်ဒီမိတ်'တွေကိုသာ ကမန်း ကတန်းစားနေရသည်မှာလည်း အမှန်ပင်ဖြစ်သည်။ စာနယ်ဇင်းတွေ၊ ရုပ်မြင်သံကြားတွေမှာ ချက်ပြုတ်လုပ်ကိုင်ပြ နေသည့်အတိုင်း စားကြမည်ဆိုပါလျှင် လိုအပ်ချက်တွေက တစ်ပြုံကြီးပေါ်လာပြန်ပါသည်။ အဲဒါတွေက-

၁။ ဟင်းလျှာပစ္စည်းတွေ အစုံရှိရမည်။

၂။ အိုးခွက်မီးဖိုစသည့် သူတို့ပြထားသောပစ္စည်းအကုန်ရှိရမည်။

၃။ အချိန်ပေးနိုင်ရမည်။

ထိုလိုအပ်ချက် သုံးခုအနက် တစ်ချက်လိုနေလျှင် လက်လျှော့လိုက်ပါတော့။ ကျွန်တော် အထက်တွင်ပြောခဲ့သလို "စားကြမယ်ဟေ့မကောင်းတယောင်း"နှင့်သာ ကျေနပ်ပါလေတော့။

ကျွန်တော်တို့လူသားများသည် စက်ပစ္စည်းတွေကို တီထွင်ခဲ့ကြသည်။ တီထွင်သလောက်လည်းအောင်မြင်ခဲ့ကြသည်။ စက်က ပစ္စည်းပေါင်းများစွာကိုထုတ်လုပ်ပေးသည်။ မြန်မြန်ကြီးလည်း ထုတ်လုပ်နိုင်သည်။ မြန်မြန်ထုတ်သလောက် လူကလည်းလိုက်ပြီး မြန်နေရတော့သည်။ များများထုတ်သလောက် လူကလည်း များများကြီး လိုချင်တပ်မက်လာကြရတော့သည်။ စားစရာအမျိုးမျိုးကို တီထွင်လိုက်သောကြောင့် အမျိုးမျိုးစားချင်လာရတော့သည်။ ထိုသို့စားနိုင်အောင် အလုပ်တွေကို အများကြီးလုပ်ကြရတော့သည်။ 'အစားတစ်လုပ် တုတ်တစ်ချက်'ဟူသော စကားပုံကိုလူတိုင်းကြားဖူးနေကြသည်။ စားရသည်နှင့် မကာမိအောင် ဒဏ်ပေးခိုင်းစေခြင်းကိုခံရသည် ဟူသောအဓိပ္ပာယ်ကိုဆောင်သည်။ ကျွန်တော်တို့ 'ခေတ်မြန်' ကြီးမှာတော့ 'အစားတစ်လုပ် အလုပ်တစ်ကွက်'ဟု ပြောရတော့မည်ထင်သည်။

ကျွန်တော် မကြာခဏ သတိရမိတာလေး တစ်ခုရှိသေးသည်။ ငယ်စဉ်က ရှင်သာမဏေဝတ်ခဲ့ရဖူးသေးသည်။ အတော်လေးကြာသည် သုံးလေးလမကကြာခဲ့သည်။ ထိုစဉ်ကပုတီးစိပ်ဂါထာကို ယခုအလွတ်မရတော့သော်လည်း အနက်ကိုတော့ ကောင်းကောင်းမှတ်မိနေသေးသည်။ သဘောအချုပ်ကို ပြောရလျှင်တော့ "ငါသည် ဤသက်နှံ့ကို လှပတင့်တယ်စိမ့်

သောဌာ ဝတ်ရုံသည်မဟုတ်ပါ။ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းတို့ကို ကာကွယ်ရန်လည်းကောင်း၊ ကျဉ်းမြောင်းရာအရပ် အရှက်အကြောက်တို့ကို ဖုံးလွှမ်းရန်လည်းကောင်း ဝတ်ရုံပါ၏။ ငါသည် ဤဆွမ်းအစရှိသော အာဟာရတို့ကို မှီဝဲရာ၌ နှစ်သက်ဖွယ်သော အရသာတို့ကို တပ်မက်၍လည်းမဟုတ်ပါ၊ ကိုယ်ခန္ဓာကို တင့်တယ်ဝဖြိုးလာစေရန်အတွက်လည်းမဟုတ်ပါ၊ အသက်ဓာတ်မီးရှင်သန်နေလျက် မဂ်ဖိုလ်ရကြောင်း အားထုတ်နိုင်ရန်အတွက်သာလျှင် စားသုံးပါ၏" ဟူ၍ဖြစ်ပါသည်။

ကျွန်တော်တို့ စားခြင်း၊ ဝတ်ခြင်းတို့၏ အခြေခံလိုအပ်ချက်ကို စေ့စေ့ငုငုပြန်လည်သုံးသပ်ကြည့်လိုက်မည်ဆိုလျှင် ထိုအချက်တို့ကိုသာ တွေ့ရလိမ့်မည်ဖြစ်ပါသည်။ ကျွန်တော်သည် မျိုးရိုးစဉ်လာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ပါသည်။ သို့သော်လည်း တစ်ခါတရံ ဗုဒ္ဓဘာသာဝင်မဟုတ်သော၊ ဘာသာတရားယုံကြည်ကိုးကွယ်မှုမရှိသော လူတစ်ယောက်အဖြစ် ထိုပုတီးစိပ်အနက်အဓိပ္ပာယ်ကို စဉ်းစားကြည့်လိုက်တိုင်း ဘဝ၏လိုရင်းအချက်များကို ခြေခြေမြစ်မြစ်ဖော်ထုတ်ထားခြင်းပါ ကလားဟု နှစ်သက်ခြင်းအသစ်ဖြစ်လာရပြန်ပါသည်။

ရဟန်းတော်များအဖို့မှာတော့ မဂ်ဖိုလ်သည်သာလျှင် ပန်းတိုင် ဖြစ်နေပါသည်။ ကျွန်တော်တို့လို သာမန်လောကီ

လူသားများအတွက်ကောဟု စဉ်းစားကြည့်မိပါသည်။ ဘဝရည်မှန်းချက် ကြီးကြီးမားမားရှိထားသည်ဆိုပါလျှင် စားရေး၊ ဝတ်ရေးအတွက်ကို အထက်ပါပုတီးစိပ်ဂါထာအတိုင်း ကျင့်အပ်သည်ဟု ထင်နေမိပါသည်။ တကယ့်လူကျော်လူမော်များသည်လည်း ထိုကဲ့သို့ပင် ကျင့်သုံးသွားခဲ့သည်ပင်ဖြစ်ပါသည်။

ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး အိုင်စတိုင်းအကြောင်းကို သတိရမိပြန်ပါသည်။ တစ်နေ့တွင်သူက မိတ်ဆွေ တစ်ယောက်ကို နေ့လည်စာဖိတ်ထားသည်။ မိတ်ဆွေက ရောက်လာသည်။ ကြည့်လိုက်တော့ စားပွဲတွင် နေ့လည်စာကို အသင့်ပြင်ထားသည်ကိုတွေ့ရသည်။ သို့သော် တစ်ယောက်စာသာလျှင်ဖြစ်သည်။ နှစ်ယောက်စာမဟုတ်။ မိတ်ဆွေက ကိုယ့်လူအကြောင်းကို ဓာတ်သိဖြစ်နေတော့ သူ့သိပ္ပံ အလုပ်ခန်းထဲတွင်ပင် မေ့လျော့နစ်မြုပ်နေမည်ဖြစ်ကြောင်း သဘောပေါက်လိုက်သည်။ ထို့ကြောင့် 'မှတ်ကရောက္ခ'ဟု စိတ်တွင်တေးလိုက်ပြီး အိုင်စတိုင်း၏နေ့လည်စာကို အကုန်စားပြီး ခွက်မှောက်ထားခဲ့သည်။ အတော်ကြီးကြာတော့ အိုင်စတိုင်းက ဆာသလိုလိုရှိသောကြောင့် အခန်းထဲက ထွက်လာပြီးစားမည်ပြင်လိုက်သည်။ သို့သော် ဘာမျှမရှိတော့။ သို့နှင့်နာရီကိုကြည့်လိုက်ရာ၊ နေ့လည်စာချိန်ကို အတော်ကြီးလွန်လာခဲ့ပြီ ဖြစ်ကြောင်းသိရသည်။ ထိုအခါတွင်မှ "အော်- ငါ့နှယ်မေ့တတ်လိုက်တာ၊ နေ့လည်စာ

စားပြီးပြီပဲ" ဟုရေရွတ်ပြီး အခန်းထဲ ပြန်ဝင်သွားခဲ့သည်တဲ့။ ထိုထိုသော ဘဝရည်မှန်းချက်ကြီးမြင့်လှသော လူကျော်လူမော် များကတော့ စားခြင်း၊ ဝတ်ခြင်းဆိုတာတွေကို ထိုက်သို့သဘော ထားနိုင်ကြသည်။ ကျွန်တော်တို့လို သာမန်ငနဲတွေကတော့ ကြောင်ငြာထဲတွေ့သမျှကို အကုန်စားချင် သည်၊ အကုန်ဝတ်ချင် သည်၊ အကုန်သုံးစွဲချင်သည်။ မရှိ မဖြစ်တာမျိုးဆိုလျှင်လည်း ထားလိုက်ပါတော့၊ အခုတော့ လမ်းပေါ်က မုန့်သည်အော်တိုင်း ပူဆာနေသော ကလေးတွေလိုဖြစ်နေကြသည်။ ကျွန်တော်ကိုယ် တိုင်ပင်လျှင် ထိုက်သို့ ဖြစ်နေသည်ကို မကြာခဏ သတိထားမိ သည်။ ကျွန်တော်က ကင်မရာတို့လိုဘာလို တိုလီမုတ်စတွေကို ဝါသနာအလွန်ပါတတ်သည်။ စိန်မျိုးမြင့်ကြီးတို့လို ဖြစ်ဖြစ် မြောက်မြောက် လုပ်တတ်ကိုင်တတ်လျှင်လည်း ထားလိုက်ပါ တော့။ ခုတော့ဘာမှလည်း ဖြစ်ဖြစ်မြောက်မြောက်မဟုတ်၊ ဝယ် ထားလိုက်ပြီးတော့ တစ်ခါနှစ်ခါလောက်သုံးလိုက်ပြီး ဘီရိုထဲ ထည့်ထားလိုက်ပြီး ချင်ခြင်းပြေသွားတော့သည်။ သည်လိုနှင့် ဒစ်ဂျစ်တယ်ကင်မရာတောင် ဝယ်လိုက်မိသေးသည်။ ဤစာကို ရေးနေရင်းပင် "အော်ရူးပါပေ့" ဟုပြောပြီး ကိုယ့်ဝယ်ထိပ်ကို ဖနောင့်နှင့်ပေါက်ချင်မိသည်။ စကားဖြတ်ပြီးမေးလိုက်ရဦးမည်။ စာဖတ်သူမှာကော ကျွန်တော့်လို အရူးငွေ့လေးများမရှိဘူးလား။ ရှိမယ်ထင်တာပါပဲ။

ကျွန်တော်တို့ထက်ဆိုးသည်က ကောင်လေးတွေ၊ ကောင်မလေးတွေ။ အထူးသဖြင့် ကောင်မလေးတွေက ပိုလို့ဆိုးသည်ကိုပြောနေစရာမလိုတော့။ ပြောနေစရာ မလိုတော့သည့် အထဲက ပြောလိုက်ရပါဦးမည်။ ကျွန်တော်က ကျောင်းဆရာဖြစ်လေတော့ စာသင်နေရင်း အကြောင်းဆိုက်လာလို့ ရှေးခေတ်က အမျိုးသမီးများ လုံကွင်းမဟုတ်ဘဲ'ပြန့်ထမီ'ခေါ် အဝတ်ပတ်ထမီမျိုးကို ဝတ်ဆင်ကြကြောင်းပြောလိုက်မိသည်။ ဒီတော့ ကလေးမတစ်ကောင်က "ဒီခေတ်မှာလည်း ဝတ်ကြပါတယ်ဆရာရဲ့"တဲ့။

ကြည့်စမ်း သူတို့က စက်နဲ့လုပ်လေတော့ ပစ္စည်းတွေက မြန်မြန်လည်းထွက်သည်၊ များများလည်းထွက်သည်။ ထွက်သလောက်ကို လူတွေက မသုံးနိုင်လျှင် ဒီစက်ရုံကြီးကို ရပ်လို့ ပစ်လိုက်ရတော့မည်ပေါ့။ သည်တော့ လူတွေ အငမ်းမရ မက်မောလာအောင် လုပ်ပေးရသည်။ ကျွန်တော်တို့ကလည်း သူတို့အလိုကျ အငမ်းမရပါပဲ။ သူတို့လည်း "စက်ကျွန်" ကျွန်တော်တို့လည်း "စက်ကျွန်"။ နောက်ဆုံးတော့ ဒါပါပဲ။ ။

အောင်သင်း

၁၂-၈-၂၀၀၂

✣ ✣ ✣

လောကစည်ပင်သူတော်စင်

* * *

ကျွန်တော့်တပည့် ကျောင်းသူလေးတစ်ယောက်ရေးသော စာစီစာကုံးလေးအကြောင်းကို ပြောလိုက်ရပါဦးမည်။ စာစီစာကုံး၏ခေါင်းစဉ်က 'ကျောင်းသွားကျောင်းပြန်မြင်ကွင်း' ဖြစ်ပါသည်။ နံနက်စောစောကျောင်းသွားရင်း လမ်းတွင် တွေ့ရမြင်ရသော ရှုခင်းများကိုလှလှပပရေးထားပါသည်။ နှင်းငွေ့လေးတွေလွှမ်းနေသောကြောင့် မှိုင်းမှိုင်းဝေဝေဖြစ်နေပုံ၊ ရာသီဥတုကလည်း အေးအေးမြမြရှိပုံ စသည့် သက်မဲ့ပတ်ဝန်းကျင်အလှကိုလည်းဖော်ပြထားသည်။ စောစောစီးစီး ဝမ်းစာကို ရှာဖွေကြသော ကျေးငှက်ကလေးများ အကြောင်းကိုလည်း ဖော်ပြထားပါသည်။ ပဲပြုတ်သည်၊ ကောက်ညှင်းပေါင်းသည်တို့

စသည်အားဖြင့် လုပ်ငန်းအရဝမ်းစာရှာဖွေကြရသော သူတို့အကြောင်းကိုလည်း ဖော်ပြပါသည်။ သို့သော် တစ်နေရာတွင် မြင်လိုက်ရသည်က မနက်စောစောစီးစီးတွင် ဖွင့်လှစ်ရောင်းချနေသော အရက်ဆိုင်ကလေးတစ်ခုအကြောင်းဖြစ်ပါသည်။ ထူအမ်းအမ်း ညစ်ထပ်ထပ် မျက်နှာများနှင့် အရက်သောက်နေသူတို့ သွင်ပြင်ကိုဖော်ပြလျက် "ကျွန်မသည် သူတို့ကို မြင်လိုက်ရသောအခါ နံနက်ခင်း၏အလှကိုဖျက်နေသူများဟု ထင်လိုက်မိပါသည်။ စိတ်ထဲတွင်ရွံရှာသွားပါသည်။ မျက်နှာလည်း သစ်ခဲ့ဟန်မတူပါ။ ညစ်ပတ်နေသည်ဟုထင်ပါသည်။ကျွန်မသည် သူတို့၏ သားသမီးများ၊ ရင်သွေးငယ်များကိုတွေးပြီး သနားနေမိပါသည်" ဟုရေးထားပါသည်။

စာဖတ်သူတော့ဖြင့် မည်သို့ခံစားမိမည်ကိုမသိ ကျွန်တော်ဖြင့် ထိုစာစီစာကုံးလေးကို ဖတ်လိုက်ရသောအခါ ရှက်မိသလိုလို၊ ထိုကျောင်းသူလေးကဲ့သို့ စောစောစီးစီး ကျောင်းသွားကြရသော ကလေးငယ်များကို အားနာသနားမိသလို လိုဖြစ်လိုက်မိပါသည်။ နောက်ပိုင်းတွင်တော့ နံနက်စောစောစီးစီးတွင် အရက်နှင့်မျက်နှာသစ်နေကြသောသူများကိုတွေ့လိုက်တိုင်း ထိုစာစီစာကုံးကလေးကိုလည်းသတိရမိသည်။ အနီးအနားတွင်ဖြတ်သန်းသွားလာနေကြသော ကျောင်းသားကျောင်းသူလေးများကိုလည်း အားနာစိတ်၊ သနားစိတ်နှင့် ကြည့်လိုက်မိ

တတ်ပါသည်။ ဤသည်မှာတစ်ရက်တလေ မဟုတ်ပါ။ ယနေ့ထက်တိုင် ခံစားနေရဆဲဖြစ်ပါသည်။ ကျွန်တော့်တပည့်ကျောင်းသူလေးက ကျွန်တော်တို့ကို ဆုံးမနေသည်ဟုသာ ပြောလိုက်ချင်ပါတော့သည်။

"၂၇-၁၂-၂၀၀၁ (ကြာသပတေးနေ့)က ကျွန်တော် မော်ဘီဘက်သို့ရောက်သွားပါသည်။ အောက်ဝါးနက် ချောင်းလမ်း၊ လေထီးသင်တန်းကျောင်းအနီးရှိ "ဓမ္မဒူတ ဇေတဝန်တောရ၊ ဆေကိန္ဒာရာမကျောင်းတိုက်"သို့ စာပေ ဟောပြောရန် သွားရခြင်းဖြစ်ပါသည်။ ဤမျှဝေးလံတောခေါင်သော နေရာမျိုးတွင် ဟည်းနေအောင်ကြီးမားလှသည့် တိုက်ကျောင်းကြီးကို တွေ့လိုက်ရသောအခါ ကျွန်တော့်မှာအံ့အားများပင် သင့်နေမိပါသည်။ ကျောင်းဝင်းကွင်းပြင်ကြီးကလည်း ကျယ်ပြောလှပါသည်။

စာပေဟောပြောမှုကိုကြားနာမည့်ပရိသတ်က နှစ်တန်းသုံးတန်း လေးငါးနှစ်အရွယ်မှ ကိုးတန်းဆယ်တန်းအရွယ် ကျောင်းသားကျောင်းသူများဖြစ်ကြပါသည်။ ဆရာတော် အရှင်ဆေကိန္ဒက ဦးဆောင်ဦးရွက်ပြုပြီး ကလေးများအား ၅ရက်စခန်းသွင်း ဖွင့်ထားသော 'ယဉ်ကျေးလိမ္မာ' သင်တန်းဖြစ်ပါသည်။ သင်တန်းကို ကြပ်မတ်ကိုင်တွယ်နေကြသော ဆရာဆရာမများ ကလည်း ၂၀ကျော်လောက်ရှိသည်။ အပြီးမသတ်ရသေးသ

သော်လည်း မိုးလုံလေလုံကောင်းစွာနေနိုင်သော တိုက်သစ်ကြီး ထဲတွင် ကျောင်းသားကျောင်းသူပေါင်း ၃၀၀ လောက်ကို နေ့ည စခန်းသွင်းပြီး ယဉ်ကျေးလိမ္မာမှုကို သင်ကြားပေးနေသော သင်တန်းကြီးဖြစ်သည်။

ကျွန်တော်ရောက်သွားသည့်အချိန်တွင် ခေတ္တသင်တန်းနားပြီး နေ့လည်စာ ရေခဲချောင်းနှင့် မုန့်များစားနေချိန်ဖြစ်သည်။ ကလေးများသည်မုန့်ကို လျင်မြန်စွာစားလိုက်ကြပြီး နောက် ဗြောင်းဆန်အောင် ပြေးလွှားဆော့ကစားကြတော့သည်။ ဘောလုံးကန်ကြသည်၊ စွန်လွှတ်ကြသည်။ ဆရာတော်က ကလေးများကိုလွှတ်လပ်စွာ ပြေးလွှားကစားခြင်းကို အားပေးသည်ဟု တန်းကြပ်ဆရာမလေးတွေက ပျော်မြူးတက်ကြွစွာ ပြောပြကြပါသည်။ ကလေးတွေက တကယ့်ကို ပျော်ရွှင်နေကြသည်။ ရှေ့ပိုင်းရက်များတွင် ချစ်ဦးညို၊ ဒေါက်တာခင်မောင်ဝင်း၊ မြသန်းစံ၊ ဒေါ်မြင့်မြင့်ခင်စသည်တို့ကလည်း ဟောပြောခဲ့ကြပြီးဖြစ်သည်။ ကျွန်တော် ဟောရသည်ကနောက်ဆုံးနေ့ဖြစ်သည်။

ခန်းမကြီးထဲသို့ကျွန်တော်ဝင်သွားလိုက်သောအခါ ကျောင်းသားကျောင်းသူအားလုံး သန့်ရှင်းစင်ကြယ်သော ကြမ်းပြင်ပေါ်တွင် ကျုံ့ကျုံ့ထိုင်နေကြသည်ကို တွေ့ရသည်။ အခမ်းအနားတန်းကြပ်ဆရာမက ကျွန်တော်အား ကန်တော့ နှုတ်

ဆက်ကြရန် ပြောလိုက်သောအခါ အားလုံးပြုံ့ပြုံ့တူ နှုတ်ကရွတ်ဆိုပြီးကန်တော့ကြပါသည်။ သူတို့ရွတ်တာက-

လက်အုပ်ကိုပင်၊ ကြာင့်သွင်၊ အလျှင်ချီပါလေ။ မျက်ခုံးလက်မ၊ ညှိုးဆံ့စ၊ ထိရလက်အုပ်ပေ။ ။ ခြေလက်နဖူး၊ တတောင်ဒူး၊ ငါးဦးတည်ရပေ။ ။ လက်ထောက်ဦးချ၊ တတောင်ချ၊ နဖူးကျစေ၊ ဦးချလေ။ ။ မာန မာန၊ ဟယ်မာန၊ မာနဓာတ်ဆိုးသေ။ ။ မပြုချင် ပြု၊ ပြုချင် ပြု၊ ကောင်းမှုကုသိုလ်တွေ။ ဖြစ်လေရာရာ၊ သံသရာ၊ ချမ်းသာရဖို့ပေ။ ။

အထက်တွင် ကျွန်တော်ဖော်ပြလိုက်သည့် ဓမ္မနအဖြစ် အားလုံးကိုဝေဌသော "ယဉ်ကျေးလိမ္မာ ဆုံးမစာ" ဟူသော ဆုံးမစာ စာအုပ်ကလေးထဲက ထုတ်နုတ်ကူးပေးလိုက်ခြင်းဖြစ်ပါသည်။ ထိခြင်းငါးပါးနှင့်ညီအောင် ရှိခိုးကန်တော့တတ်ရန် သင်ကြားပေးခြင်းဖြစ်ကြောင်း စာဖတ်သူ နားလည်နိုင်ပါသည်။ ကဗျာလေးတွေဖြစ်လေတော့ ကလေးများအဖို့ မှတ်မိရန်လည်းလွယ်ကူသည်၊ လိုက်နာရန်လည်း သဒ္ဓါပေါက်သည်။ ထိုစာအုပ်ကလေးထဲတွင်ပင် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်စသည်စသည်တို့ကို ထိုနည်းဌင်း ကဗျာကလေးများဖွဲ့ပေးထားသည်ကိုပါ တွေ့ရသည်။ ဘာသာရေး သက်သက်မျှကိုသာ မဟုတ်ဘဲ "လောကလူ့ရှာ၊ ပျင်းသူမှာ၊ ပညာဘယ်မှာရအုံ့နည်း။ ပညာမဲ့က၊ လူ့အောက်ကျ၊ ဥစ္စာဘယ်ကရအုံ့နည်း"

စသော လောကနီတိ အဆိုအမိန့်ကလေးများကိုလည်း ထည့်သွင်းပေးထားသည်ကို တွေ့ရပါသည်။

အမှန်ပြောရလျှင် ဤသို့သောပရိသတ်မျိုးကို ဟောပြောရမှာ ကျွန်တော်အလွန်ကြောက်ပါသည်။ အသိဉာဏ် ရင့်ကျက်မှုမညီသောကြောင့် ဖြစ်ပါသည်။ သုံးလေးတန်းကလေးတွေ ကိုအာရုံပြုပြီးပြောနေလျှင် ဆယ်တန်းက ကလေးတွေက ပျင်းလာတတ်ပါသည်။ ဆယ်တန်းက ကလေးတွေကို အာရုံပြုပြီး ပြောလိုက်ပြန်လျှင်လည်း သုံးလေးတန်းကလေးတွေက အချင်းချင်းဆော့နေတတ်ပါသည်။ သို့သော်လည်း ကျွန်တော် ကြိုးစားပြီး ဟောပြောခဲ့ပါသည်။

ဆရာမလေးတွေက ဟောပြောပွဲအပြီးတွင် ကျွန်တော်နှင့် စကားပြောချင်ကြသေးသည်။ မေးချင်မြန်းချင်ကြသေးသည်။ သို့သော် ကျွန်တော်က အချိန်မပေးနိုင်တော့ပြီ။ အလုပ်တန်းလန်းရှိနေသောကြောင့် ပြန်လာခဲ့ရသည်။

"လမ်းတစ်လျှောက်တွင် အဝါရောင်လက်ပြတ် အပေါ် အကျီကလေးတွေကို ဝတ်ထားသော 'မြို့တော်စည်ပင်' က သန့်ရှင်းရေးအလုပ်သမားများကို မပြတ်တွေ့လာခဲ့ရသည်။ စည်းမဲ့ကမ်းမဲ့လုပ်တတ်သူများက စည်းမဲ့ကမ်းမဲ့ စွန့်ပစ်သွားကြသောအမှိုက်တွေကို တရစပ်သိမ်းနေကြရသည်။'မြို့တော်စည်ပင်'ဟူသောအမည် ဂုဏ်ပုဒ်နှင့်ညီအောင် ကြိုးစားနေကြခြင်း

ဖြစ်ပေလိမ့်မည်။

သူတို့ 'မြို့တော်စည်ပင်' သန့်ရှင်းရေးအလုပ်သမား တွေကိုကြည့်နေရင်း ကျွန်တော့်စိတ်ထဲတွင် နံနက်စောစော အရက်ဆိုင်တွေကိုလည်း သတိရလိုက်မိပြန်သည်။ ဓမ္မဒူတ ဇေတဝန်ဆရာတော်နှင့် အဖွဲ့သားများကိုလည်း သတိရလိုက်မိ ပြန်သည်။ သူတို့သည်လည်း "လောကစည်ပင်" သန့်ရှင်းရေး အလုပ်သမားတွေပါတကားဟု ထင်လိုက်မိပြန်သည်။ ငါလည်း တံမြက်တစ်ချက်တော့ ဝင်ပြီးခတ်ခဲ့မိသေးသည်ဟုလည်း တွေး လာခဲ့မိပါသည်။

အောင်သင်း

၂၈-၁၂-၂၀၀၁

ပတ်ချာလည်

* * *

ကျွန်တော် ကလေးဘဝက ပတ်ချာလည်နေခဲ့ဖူးသည်ကို မကြာခဏသတိရနေမိသည်။ ကလေးဘဝက အချို့အချို့သော ကိစ္စရပ်ကလေးများမှာ ဘာမျှအရေးမကြီးသောကြောင့် ရေးကြီးခွင်ကျယ်လုပ်ပြီး ဘယ်သူ့ကိုမျှ ပြန်မပြောဖြစ်ပါသော်လည်း ကာယကံရှင်၏ဦးနှောက်ထဲတွင် သံမှိုစွဲသလို မြဲနေတတ်သည်ကို အထူးပြောနေစရာ မလိုတော့ပါ။ ပတ်ချာလည်နေသည်ဟု အထက်တွင် ကျွန်တော်ဆိုခဲ့သည်မှာ စကားဥပစာတင်စားပြီး ပြောခဲ့သည်မဟုတ်ပါ။ တကယ့်ကို ပတ်ချာလည်နေခဲ့ခြင်းဖြစ်ပါသည်။

ဇွန်မွင့်စာအုပ်တိုက်

ပြန်ပြီးစဉ်းစားမိသလောက် ကျွန်တော်အသက်ကသုံးနှစ်လောက်ပဲ ရှိလိမ့်ဦးမည်ထင်ပါသည်။

ကျွန်တော်တို့ အိမ်တွင် ကြည့်မှန်ခပ်ကြီးကြီးတစ်ချပ်ရှိသည်။ ကလေးဘဝကျွန်တော့်ထင်မြင်ချက်အရသာလျှင် ခပ်ကြီးကြီးဟု ပြောလိုက်ရပါသည်။ ယခုပြန်ပြီးစဉ်းစားကြည့်လိုက်သောအခါ အမြင့်နှစ်ပေလောက်၊ အနံတစ်ပေခွဲ လောက်မို့ တကယ်ကြီးသည်ဟုမဆိုနိုင်ပါ။ ထိုမှန်ကို အိမ်ခေါင်းရင်းက ပြတင်းပေါက်ပေါ်တွင် အောက်ဘက်သို့ခပ်ငိုက်ငိုက် ကလေးချိတ်ထားသည်။ ပြတင်းပေါက်အလင်းရောင်နှင့်ဆိုတော့ မှန်ဆီကိုမော့ကြည့်လိုက်လျှင် ကိုယ့်ရုပ်ကို ကောင်းကောင်းမြင်ရသဖြင့် နေရာကောင်းဟုဆိုနိုင်ပါသည်။ ကျွန်တော်က ပြတင်းပေါက်နားရောက်သွားလိုက်လျှင် ထိုမှန်ထဲကို လှမ်းပြီးကြည့်မိတတ်ပါသည်။

တစ်နေ့တွင်တော့ ကျွန်တော့်မေမေက ကျွန်တော့်အားရေမိုးချိုး၍ ခေါင်းဖြီးလိမ်းကျံပြီး ကျွန်တော်သဘောအကျဆုံး အင်္ကျီလေးကိုဝတ်ပေးလိုက်သည်။ ကျွန်တော့်စိတ်ထဲတွင် ထိုအင်္ကျီလေးကို အလွန်ကြိုက်သည်။ အလွန်လှသည်ဟု ထင်မိသည်။ ကျွန်တော် မှတ်မိသလောက် အဆင်က အဖြူပေါ်တွင် လက်နှစ်လုံးခန့် အပြာစင်းကြီးတွေ ဖြစ်သည်။ 'ဒီလိုအဆင်ကြီးမျှား'ဟု မထင်လိုက်ပါလေနှင့်။ ကလေးဆိုသည်မှာ ဘာရယ်

မဟုတ် သူတို့ကြိုက်မိကြိုက်ရာကို ကြိုက်နေတတ်ကြပါသည်။

ကျွန်တော်က ထိုအကျီလေးကိုဝတ်ပြီးနောက် ပြတင်းပေါက်နားကမှန်ကိုသွားပြီးကြည့်မိသည်။ အကျီကိုဆွဲ ဆန့်လိုက်၊ ဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက်လုပ်နေရင်း ကိုယ့်ရုပ်ပုံကို ကိုယ်ပြန်ကြည့်နေမိသည်။ ထိုကဲ့သို့ ကြည့်နေရင်း ကျွန်တော့် စိတ်ထဲတွင်မှန်ထဲကအရုပ်ကို ကျွန်တော်အံ့သြလာမိသည်။ ကျွန်တော်လှုပ်လိုက်တိုင်း ကျွန်တော် လှုပ်သလို သူက ပြန်လှုပ်ပြနေသည်ကို အထူးအဆန်းတစ်ခုဟုထင်လာမိသည်။ ကျွန်တော်က နားရွက်ကိုကိုင်လိုက်သည်။ သူကလည်း သူက နားရွက်ကိုကိုင်သည်။ ကျွန်တော်က ခေါင်းကိုစောင်းလိုက်သည်၊ သူကလည်း ခေါင်းကိုစောင်းသည်။ ကျွန်တော်လုပ်သမျှသူက လိုက်လုပ်သည်။ ကျွန်တော် သူ့ကိုအံ့သြလာသည်။

ထိုနောက်ဘယ်လိုက ဘယ်လို စိတ်ကူးကဝင်လာ လိုက်သည်မသိ ကျွန်တော်က သူ့ကိုကြည့်နေမှန်းသိသောကြောင့် သူကကျွန်တော့်ကို လုပ်ပြနေခြင်းဖြစ်သည်။ ကျွန်တော်က သူ့ကိုမကြည့်လျှင် သူကလုပ်ချင်မှလုပ်မည်ဟုအထင်ရောက်လာသည်။ ထို့ကြောင့် သူ့ကိုမကြည့်ဘဲ မျက်နှာလွှဲပြီး လှုပ်ရှားလိုက်သည်။ သို့သော် ကျွန်တော်လှုပ်သလို သူကလှုပ်သလား မလှုပ်ဘူးလား သိချင်ပြန်သောကြောင့် သူ့ကိုပြန်ကြည့်မိလိုက်ပြန်သည်။ သူကလှုပ်နေသည်ပဲ။ 'သူကငါကြည့်တာကို

မြင်သွားလိုက်တာကိုး။ ဒါကြောင့်လှုပ်ပြတာပဲဖြစ်မှာပေါ့'ဟု တွေးလိုက်ကာ တစ်ဖက်ကိုမျက်နှာ လွှဲပြီး လှုပ်လိုက်ပြန်သည်။ ပြီးမှ အလစ်မှာ ချောင်းဖမ်းလိုက်သလို ဆတ်ခနဲ မှန်ကိုလှည့်ကြည့်လိုက်သည်။ 'သူက မြင်သွားတာကိုး'ဟု တွေးလိုက်မိပြန်သည်။ ဤသို့လျှင် မှန်ရှေ့တွင် တစ်ဖက်သို့လှည့်လိုက်၊ ပြန်ပြီး ချောင်းဖမ်းလိုက်နှင့် ကျွန်တော် အတော်ကြာကြာကြီး မှန်ရှေ့တွင် ပတ်ချာလည်ပြီး အလုပ်ရှုပ်နေခဲ့သည်ကို ကျွန်တော်မှတ်မိနေသည်။ နောက်ဆုံးတွင်တော့ ဘယ်လိုမှ အလစ်ချောင်းဖမ်းလို့ မရနိုင်တော့မှန်း သိလာသည်ကြောင့် ကျွန်တော်လက်လျှော့ခဲ့ပုံရပါသည်။ ထိုအပိုင်းကို ကောင်းကောင်း မမှတ်မိတော့ပါ။

"ထိုသည်၏နောက် နှစ်ပေါင်းအတော်ကြီးကို ကြာသောအခါ ကျွန်တော်တက္ကသိုလ်ကျောင်းသားကြီးဖြစ်လာသည်။ တက္ကသိုလ်တွင် ဒဿနိကဗေဒကိုယူခဲ့သည်။ ဒဿနိကစာပေတို့ကို ဖတ်ရှုလေ့လာရာတွင် အဆိုအမိန့်တစ်ခုကို သွားတွေ့သည်။ ပြောသူက ဒဿနပညာရှင်ကြီး 'ဒေးကတ်စ်'ဟု ထင်သည်။ သူ့အဆိုက "ငါသည် စိတ်ဟူသော အချင်းအရာကို သိလိုသောကြောင့် စိတ်အတွင်းသို့ ရင်းရင်းနှီးနှီး ဝင်ရောက်ရန် ချဉ်းကပ်လိုက်တိုင်း တစ်စုံတစ်ခုသော သိမှုအာရုံနှင့်သာ ခလုတ်တိုက်နေလေ့ရှိသည်။ ထို့ကြောင့် စိတ်ဆိုသည်မှာ သိမှုအစဉ်ကြီးသက်သက်သာလျှင် ဖြစ်တော့သည်"(a series of

consciousness)တဲ့။

ထို့ပြင် သူရေးလိုက်သေးသည်က စိတ်ဆိုတာကို လေ့လာရသည်မှာ အလွန်ကိုခက်ခဲသည်။ ဒေါသဖြစ်နေပြီ ဆိုပါစို့ 'ဒေါသစိတ်ဆိုတာဘယ်လိုဟာလဲ' ဟုစူးစမ်းလေ့လာလိုက်လျှင် 'ဒေါသစိတ်'ကပျောက်သွားပြီ။ စူးစမ်းလေ့လာသောစိတ်သာ ဖြစ်နေသည်။ သို့ဖြစ်လေရကား မည်ကဲ့သို့ ဒေါသစိတ် အကြောင်းကို လေ့လာနိုင်ပါတော့မည်နည်း။ တစ်ဖန် ဒေါသ ဖြစ်လာလိုက်သောအခါတွင်လည်း ဒေါသစိတ်သာ ဖြစ်နေသည်။ စူးစမ်းလေ့လာနေခြင်းမဟုတ်။ စူးစမ်း လေ့လာမှုပြုခွင့် မရဘဲ အဘယ်သို့လျှင် ထိုစိတ်၏အကြောင်းချင်းရာကို သေချာသိနိုင်ပါတော့မည်နည်းဟူသော စကားရပ်ကို တွေ့လိုက်ရပြန်သည်။

ထိုစကားတွေကိုတွေ့လိုက်တော့ ကျွန်တော်ငယ်စဉ်က မှန်ရှေ့တွင် ပတ်ချာလည်နေခဲ့သည်ကိုပြန်ပြီးသတိရလိုက်မိသည်။ ကျွန်တော်ဖြစ်ခဲ့သည့် နည်းမျိုးအတိုင်းပါပဲကလား။ ကိုယ်ကမကြည့်လျှင် မှန်ထဲကအရုပ်လှုပ်နေသလား မလှုပ်ဘူးလားဆိုတာကိုလည်း သိချင်သည်။ မှန်ကိုမကြည့်ဘဲလည်းမသိနိုင်။

ဤမျှလောက်ဆိုလျှင် ဘာမျှအရေးမကြီးသေးပါ။ မိမိကိုယ်ကို မိမိသတိနှင့်ထိန်းကျောင်းရမည်တဲ့။ ထိုမျှလောက်

ဆိုလျှင်လည်း အရေးမကြီးလှသေး။ နောက်တော့ မိမိစိတ်ကို သတိနှင့်ထိန်းရမည်ဟူသော စကားရပ်ကို စဉ်းစားလိုက်မိသော အခါ ကျွန်တော့်မှာ တွေးစရာတွေဖြစ်လာပါလေတော့သည်။ သတိဆိုတာကော စိတ်ပဲမဟုတ်ပါလား။ စိတ်ကိုစိတ်က ပြန်ပြီး ထိန်းရမှာလား။ ကျွန်တော်၏ အတွေး 'အတတ်ဆန်း'လိုက်ပုံကို ပြန်ပြောလိုက်ရပါဦးမည်။

'ထိန်း' ဟူသောကြိယာကိုသုံးထားသည်။ ထိန်းလိုက်လျှင် 'ထိန်းသူ' ကတ္တားရှိရမည်။ 'အထိန်းခံရသူ' ကံပုဒ်ရှိရမည်။ ဘယ်သူကဘယ်သူကိုထိန်းသလဲ။ စိတ်ကိုသတိနှင့်ထိန်းသည်။ သတိဆိုသည်ကလည်း စိတ်ပင်ဖြစ်လေရာ စိတ်ကိုစိတ်က ပြန်ထိန်းနေသည်ဟူသောအချက်ကို ကျွန်တော်မျက်စိလည်လာတော့သည်။ ငယ်စဉ်အခါက မှန်ရှေ့တွင် ပတ်ချာလည်နေသည့်အတိုင်းပင်ဖြစ်ပါတော့သည်။

ကလေးဘဝက မှန်ရှေ့တွင် ပတ်ချာလည်နေသည်ကို ဘယ်သူ့ကိုမျှ မပြောခဲ့သလို ထိုအတွေးကိုလည်း ဘယ်သူ့ကိုမျှ ကျွန်တော်မပြောခဲ့ပါ။ ကျွန်တော့်ဘာသာဘဲ စိတ်ကူးပေါက်သောအခါ စဉ်းစားနေမိတတ်ပါသည်။

ထိုနောက် နှစ်ပေါင်းအတော်လေးကြာမှ ဝိပဿနာတရားကို လိုက်စားနေသော ဦးလေးကြီးတစ်ယောက်နှင့် စကားစပ်မိ၍ ထိုအကြောင်းကိုပြောပြလိုက်မိပါသည်။ ထိုအခါတွင်မှ

ဦးလေးကြီးက "ဟ-မောင်အောင်သင်းရ၊ သတိ ဆိုတာလဲ စိတ်ပဲဆိုတာတော့ အမှန်ပေါ့ကွ။ ဒေါသဆိုတာလဲစိတ်ပဲပေါ့ကွ။ တစ်ခုဖြစ်နေရင် တစ်ခုမဖြစ်နိုင်ဘူးဆိုတာလဲ အမှန်ပဲပေါ့ကွ။ တစ်ခုပြီးမှတစ်ခုဖြစ်နိုင်တယ်ဆိုတာလဲ မှန်တယ်။ ဒါပေမယ့် သတိဆိုတာက ကိုယ်ဒေါသဖြစ်လိုက်တာကို ဒေါသဖြစ်တယ်လို့ ပြန်သိလိုက်တာကိုဆိုလိုတာ။ ရှေ့စိတ်ကို နောက်စိတ်က သိလိုက်တာ။ ကိုယ့်မှာ ကုသိုလ်စိတ် ဖြစ်နေသလား၊ အကုသိုလ်စိတ်ဖြစ်နေသလားဆိုတာကို စစ်ဆေးကြည့်တယ်ဆိုတာဟာ ရှေ့စိတ်ကိုနောက်စိတ်က စူးစမ်းပြီး အကဲဖြတ်နေတာပေါ့။ သတိကပ်တယ်ဆိုတာ အဲဒါပဲပေါ့။ ဝိပဿနာဆိုတာ အဲဒီသဘောမျိုးတွေကိုပြောတာပေါ့ မောင်အောင်သင်းရ" ဟုပြောပြလိုက်မှ ကျွန်တော်ပတ်ချာလည်တာပြေသွားပါတော့သည်။

သည်လိုနှင့်နေခဲ့ရာမှ ပတ်ချာလည်စရာတစ်ခုကို မကြာသေးမီက ထပ်ကြုံလိုက်ရပါသေးသည်။ အဆိုအမိန့်.ကလေးတစ်ခုကိုတွေ့လိုက်ခြင်းဖြစ်ပါသည်။

You will never be happy if you continue to search for what happiness consists of. You will never live if you are looking for the meaning of life.

(ပျော်ရွှင်မှုတွင် ဘာတွေပါသလဲဟု ခွဲခြမ်းစိတ်ဖြာနေလျှင် သင်ဘယ်တော့မှ ပျော်တော့မည်မဟုတ်။ ဘဝ၏

အဓိပ္ပာယ်ကိုရှာဖွေနေလျှင် ဘဝကိုနေရသည်မမည်နိုင်တော့)
တဲ့။

ထိုစကားကိုပြောခဲ့သူကတော့ ပြင်သစ်စာရေးဆရာ၊
-သနဆရာ အဲလ်ဘတ်ကမျူး (Albert Samus) ဖြစ်ပါသည်။
ဤစာစုကို ဘာသာပြန်ရာတွင် (ငလန)ဟူသောစကားကို လူ
ဖြစ်ရကျိုး မနပ်တော့ပြီဟု ဘာသာပြန်လျှင်လည်း ဖြစ်နိုင်
လောက်စရာ ရှိသည်ဟုထင်ပါသည်။

ကျွန်တော် ထိုစကားစု၏ သဘောတရားကို မကြာ
ခဏတွေးမိတတ်ပါသည်။ စာဖတ်သူလည်း စိတ်ဝင်စားလိမ့်
မည်ထင်ပါသည်။ ကျွန်တော်၏ ပတ်ချာလည်မှု စာဖတ်သူဝင်
ပြီး ခြေရာခံကြည့်နေမိမည်လားမသိပါ။

အောင်သင်း
၂၅-၁၀-၂၀၀၁